# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၂၁ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၀၀)


### ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်ရှိ ရော့တာဒမ်ဆိပ်ကမ်းအား ကြည့်ရှု



ရော့တာဒမ် မေ ၂၀

နယ်သာလန်နိုင်ငံ၌ အလုပ်သဘောခရီးဖြင့် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရော့တာဒမ်မြို့ရှိ delta work၊ ရော့တာဒမ်ဆိပ်ကမ်းနှင့် Maasvlakte I နှင့် II တို့အား ရဟတ်ယာဉ်ဖြင့် ကြည့်ရှုလေ့လာကြသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရော့တာဒမ်ဆိပ်ကမ်းလုပ်ငန်းစဉ်များအား သင်္ဘောဖြင့် လိုက်လံကြည့်ရှုလေ့လာရာ ဆိပ်ကမ်းညွှန်ကြားရေးမှူး Mr. Rene van der pals က ဆိပ်ကမ်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**အကြီးဆုံးဆိပ်ကမ်း**

ရော့တာဒမ်ဆိပ်ကမ်းသည် ဥရောပ၌ အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သောအဖွဲ့ နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့ရှိ ရော့တာဒမ်ဆိပ်ကမ်းအား လှည့်လည်ကြည့်ရှုစဉ်** (သတင်းစဉ်)



### မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၀**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

### ထူးခြားသည့်နေ့အပူချိန်

၂၀-၅-၂၀၁၇

| | |
|---|---|
| ဘော်လခဲမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ကလေးဝမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |

### မှတ်သားဖွယ်ရာမိုးရေချိန်

၂၀-၅-၂၀၁၇

| | |
|---|---|
| မောင်တော | ၁ ဒသမ ၇၇ လက်မ |
| မိုးကောင်း | ၁ ဒသမ ၂၆ လက်မ |
| ဟုမ္မလင်း | ၀ ဒသမ ၆၇ လက်မ |
| ကျောက်တော် | ၀ ဒသမ ၃၉လက်မ |
| မြစ်ကြီးနား | ၀ ဒသမ ၂၇ လက်မ |
| စစ်တွေ | ၀ ဒသမ ၂၇ လက်မ |



### အာရှ၌ ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးပွဲသုံးခု ထရန့်တက်ရောက်မည်

စာမျက်နှာ - ၁၀

### ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ - ၅


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း အဓိက

ဖောက်လုပ်ပြီးကတည်းက ရထားတစ်စင်းမျှ ခုတ်မောင်းခြင်းမရှိဟု ဆိုသည့် ရထားလမ်းများ၊ အနီးအနားတွင် လူနေရပ်ရွာမရှိသောနေရာ၌ ဆောက်လုပ်ထားပြီး ရထားစီးခရီးသည်လည်း မလာ၊ ဘူတာဝန်ထမ်းလည်းမရှိသည့် ဘူတာများ။ ရထားလမ်းများမှာ ရာသီဥတုဒဏ်၊ ရေတိုက်စားသည့်ဒဏ်များကြောင့် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းသည့်နေရာက ဖုံးလွှမ်း၊ သံလမ်းများမှာ အောက်ခံမြေသားနှင့် ကင်းလွတ်လျက် ပတ္တလားဆန် သွယ်တန်းထားသလို လေထဲတွင် သွယ်တန်းနေကြသည်။ လူသူမနီးသည့်နေရာတွင် ဆောက်ထားသည့် ဘူတာအဆောက်အအုံကလေးမှာလည်း မသမာသူတို့ လက်ဆော့ထုရိုက်ဖျက်ဆီးမှုကြောင့် ပျက်စီးနေခဲ့ပြီ။

နှစ်ပေါင်းများစွာ ရေစီးဆင်းခြင်းမရှိခဲ့သည့် ဆည်မြောင်းလက်တံများ၊ စိုက်ပျိုးရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်ဆောက်လုပ်ခဲ့သည်ဟုဆိုပြီး လက်တွေ့တွင် ပြောသလိုဖြစ်မလာသည့် ဆည်တမံများ၊ ဈေးကွက်သို့ ထုတ်ကုန်ပစ္စည်းများ တစ်ကြိမ်တစ်ခါမျှ ပို့ဆောင်နိုင်ခြင်းမရှိသည့် ရောမစက်ရုံကြီးများ၊ အလုပ်မဖြစ်သည့် လေယာဉ်ကွင်းကြီးများ...။

အစိုးရတစ်ရပ်အနေဖြင့် သိက္ခာဆည်ရန်အတွက်ဖြစ်စေ၊ ဝါဒဖြန့်ချိရေးအတွက် အထောက်အကူပြုရန်အတွက်ဖြစ်စေ ငွေကုန်ကြေးကျများသည့် ရုပ်ပြစီမံကိန်းကြီးများ (Prestige Projects) ကို ရေးဆွဲအကောင်အထည်ဖော်လေ့ရှိကြသည်။ အဆိုပါ စီမံကိန်းကြီးများက ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုနိုင်ခဲ့ပါက ဆိုဖွယ်ရာမရှိသော်လည်း ပြည်သူကိုလည်း အကျိုးမပြုနိုင် ဘဏ္ဍာငွေကို ဖြုန်းတီးမှုသက်သက်မျှသာဖြစ်သည့်အပြင် အကျင့်ပျက်ခြစားမှု၊ ကိုယ်ကျိုးရှာမှုများပါ မကင်းခဲ့ပါက နိုင်ငံနှင့်တကွ နိုင်ငံသူနိုင်ငံသားများကိုပါ နစ်နာဆုံးရှုံးမှု ကြီးကြီးမားမားဖြစ်ပေါ်စေမည်ဖြစ်သည်။

"လုပ်ငန်းစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် ရှေးဦးစွာ အဲဒီလုပ်ငန်းစီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု လုပ်ရပါတယ်။ အဲဒါက အဓိက ကျပါတယ်။

လုပ်ငန်းပမာဏနဲ့ လုပ်ငန်းသဘောသဘာဝအရ၊ ဒီလို ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုတစ်ခုဟာ လပိုင်းအတွင်း အဖြေရနိုင်သလို တချို့ကနှစ်နဲ့ချီပြီး ကြာတတ်ပါတယ်။ အဲဒီရရှိလာတဲ့ ဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်မှုအပေါ်အခြေခံပြီး လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ရပါတယ်။

ဒါကြောင့်မို့ နှစ်ပိုင်းအတွင်း အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းများရှိသလို နှစ်အတော်ကြာမှ အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းများလည်း ရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း လုပ်ငန်းစီမံကိန်းသစ်တွေရဲ့ ကောင်းကျိုးရလဒ်တွေကို နှစ်ပိုင်းအတွင်း တွေ့မြင်ခံစားနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။

ယူသင့်ယူထိုက်တဲ့ အချိန်ယူလေ့လာမှုကို မပြုလုပ်ခဲ့ရင် ကောင်းကျိုးထက် အပြစ်တွေက များတတ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှုဖြစ်ပြီး နိုင်ငံတော်အပေါ်မှာလည်း ဝန်ထုပ်ဝန်ပိုးကြီး ကျရောက်စေပါတယ်"

အထက်ပါ ကောက်နုတ်ချက်မှာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် မေ ၁၇ ရက်က ပြောကြားခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာမှ ဖြစ်သည်။ ပြည်သူများ၏ တစ်ခဲနက်သော ဆန္ဒမဲများဖြင့် ဖြစ်တည်လာခဲ့သည့် အစိုးရ၊ ပြည်သူများက ကြီးမားစွာသော မျှော်လင့်ချက်များ ထားရှိနေသည့် အစိုးရတစ်ရပ်အနေဖြင့် ရှေးကျောင်းပြောင်ပြောင်ဝမ်းခေါင်ခေါင် ရုပ်ပြစီမံကိန်းမျိုးကို ရှောင်ရှားကာ နိုင်ငံ့ဘဏ္ဍာကို ထိထိရောက်ရောက် အသုံးချပြီး ပြည်သူကို အမှန်တကယ် အကျိုးရှိစေမည့် လုပ်ငန်းစီမံကိန်းများကို စနစ်တကျ၊ အရည်အသွေးရှိရှိ အကောင်အထည်ဖော်ခြင်းကသာ အမှန်တကယ်ဖြစ်သင့်ပြီး ဆင်ခြင်တုံတရားနှင့်လည်း ကိုက်ညီကာ ရေရှည်တွင်လည်း နိုင်ငံ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းဖြစ်မည်ဟု ရှုမြင်ပါကြောင်း။ ။

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၀**

ယနေ့ မိုးလေဝသတိုင်းထွာချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

(မိုး/ဇလ)

MSWRR

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်သွယ်ရေးနှင့် ကောင်းစစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် ဧပြီလ ၂၁ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဂျပန်နိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၁၇ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၇)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်ပါသည်။

**(သတင်းစဉ်)**

## လျှပ်စစ်ဓာတ်အားခန့်မှန်းထားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၀**

ပထမအကြိမ် လျှပ်စစ်ဓာတ်အားခန့်မှန်းထားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အင်ဂျင်နီယာချုပ်များ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဌာနတွင်း ဆွေးနွေးပွဲများ၏ စိစစ်သုံးသပ်တွေ့ရှိချက်များအား ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများအပေါ် တက်ရောက်လာသူများက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၀-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၆ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၂ ・ ၁၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ ・ ၂၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာ ပူးပေါင်းပါဝင်

**ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ဟူသည် အများပြည်သူတို့ရဲ့ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်တာဖြစ်လို့ အခုလို ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံးတို့က ဒီမိုကရေစီစိတ်ဓာတ်ပြည့်ဝစွာနဲ့ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။**

( နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁-၁-၂၀၁၇ ရက်နေ့ နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားမှ ကောက်နုတ်ချက်)

## မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံ

**ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံမို့လို့ တော်တော်မှ ရှုပ်ထွေးတဲ့ သိမ်မွေ့တဲ့ ကိစ္စလေးတွေကို ကျွန်မတို့ ကိုင်တွယ်ရပါတယ်။ ရင်ဆိုင်ရပါတယ်။ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုတာဟာ ကျွန်မတို့အတွက် အကျိုးရှိနိုင်တဲ့ အင်မတန်မှ ကျယ်ပြန့်တဲ့ သယံဇာတကြီးတစ်ခုပဲလို့ ကျွန်မတော့ ဒီလိုပဲမြင်ပါတယ်။ ကျွန်မတို့ မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံ ပိုပြီးတော့ တိုးတက်အောင်လို့၊ ပိုပြီးတော့ ကျွန်မတို့နိုင်ငံဖွံ့ဖြိုးအောင်လို့ ကျွန်မတို့လုပ်နိုင်မယ်ဆိုတာလည်း အစိကယုံကြည်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ (၁၃)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ စီဘူး (Cebu) မြို့၌ မေ ၆ ရက် မှ ၇ ရက်အထိ ကျင်းပသော အရှေ့တောင်အာရှ နိုင်ငံများအသင်း အာဆီယံတည်ထောင်သည့် နှစ် ၅၀ ပြည့် အထိမ်းအမှတ်နှင့် (၁၃) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (13th ACGM)၊ (၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေး (3rd AFCGM) များသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အမ်မရိုရုံး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မေ ၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ အမှုဆောင်ဒါရိုက်တာတို့က "Furthering ASEN Financial Integration : Opportunities in Addressing Systemic Risk" ခေါင်းစဉ်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် မေ ၇ ရက် နံနက် ၉ နာရီတွင် (၁၃) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ၂၀၂၅ ခုနှစ် အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းရေးအတွက် အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများအား ဗဟိုဘဏ်ဥက္ကဋ္ဌများက သဘောတူအတည်ပြုခဲ့ကာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လမ်းညွှန်ချက်များ ချမှတ်ခဲ့သည်။

ဆက်လက်၍ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် (၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) လမ်းပြမြေပုံအရ အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှု လမ်းပြမြေပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းတိုးတက်မှုအခြေအနေများအားလည်းကောင်း၊ အာဆီယံ+၃ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေများအားလည်းကောင်း၊ ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chiaing Mai Initiative Multilateralization -CMIM) လုပ်ငန်းစဉ်တွင် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ အမ်မရိုရုံးတို့ ပါဝင်သည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ (Fundamental Issues) ကို ဆောင်ရွက်ရန် Working Group 1 နှင့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို၊ အမ်မရိုရုံးတို့ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် (Collaboration with the IMF) Working Group 2 ဟူ၍ လုပ်ငန်းအဖွဲ့နှစ်ဖွဲ့ဖွဲ့စည်းရန်ကိစ္စရပ်အားလည်းကောင်း၊ CMIM ချေးငွေအစီအစဉ်အရ IMF De-Liñked Portion (IDLP) အား ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ရန်လည်းကောင်း အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက သဘောတူအတည်ပြုခဲ့ကြသည်။ အဆိုပါ CMIM လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လာမည့် မေ ၃ ရက်မှ ၅ ရက်အထိ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး (ADB)နှင့် တစ်ဆက်တစ်စပ်တည်းပြုလုပ်မည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် (၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်အား ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးမကျင်းပမီနှင့် ကျင်းပနေစဉ်ကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် မေ ၅ ရက် မွန်းလွဲ ၃ နာရီတွင် အမေရိကန် ဒုတိယလက်ထောက်ဘဏ္ဍာရေးဝန်ကြီး Mr. Kaproth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မေ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမေရိကန်အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C.Feldman ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း တွေ့ဆုံ၍ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက်တွင် ထိုင်းလေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမျိုးမြင့်သန်းအား ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမျိုးမြင့်သန်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ကမ်းပြိုအန္တရာယ်ကြောင့် ပြောင်းရွှေ့ခဲ့ရသော နေအိမ်ကိုးလုံးအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**ငါးသိုင်းချောင်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ သောင်ကြီးကျေးရွာအုပ်စု သောင်ကြီးရွာအထက်ပိုင်း ဝေန်မြစ်ကမ်းဘေးတစ်လျှောက် မေ ၁၉ ရက်မှ စတင်၍ မြစ်ကမ်းပါးများပြိုကျမှုကြောင့် ကမ်းပြိုအန္တရာယ်ရှိသော မြစ်ကမ်းပါးရှိနေအိမ်ကိုးလုံး၊ အိမ်ထောင်စုကိုးစု၊ လူဦးရေ ၄၂ ဦးအား ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးခဲ့ရပြီး လက်ရှိအချိန်တွင် ကျေးရွာအတွင်းရှိ ဆွေမျိုးသားချင်းနေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ပုသိမ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှမော်တို့ ဦးဆောင်သော သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများသည် အဆိုပါကျေးရွာသို့ရောက်ရှိခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသောအိမ်ထောင်စုကိုးစုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀၀၊ လူဦးရေ ၄၂ ဦးအတွက် လူတစ်ဦးလျှင် တစ်ရက်စာ ၃၀၀ နှုန်းဖြင့် ခုနစ်ရက်စာငွေကျပ် ၂၁၀၀ နှုန်း၊ တစ်အိမ်ထောင်လျှင် ပုဆိုးတစ်ထည်၊ လုံချည်တစ်ထည်၊ ဆပ်ပြာသုံးတုံး၊ မျက်နှာသုတ်ပဝါအကြီးတစ်ထည် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၀၄၂၂၀၀ ကို လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကမ်းပြိုအန္တရာယ်ကို ဆက်လက်သတိထားစောင့်ကြည့်၍ ကမ်းပြိုအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**



# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ Liberal Democratic Party အထွေထွေအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံ

**နေပြည်တော်　ဧပြီ　၂၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့အား ဧပြီ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲက ဂျပန်နိုင်ငံ Okura Hotel ၌ Okura Hotel အကြီးအမှူး Mr. Toshihiro၊ ဒုတိယအကြီးအမှူးနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာ ဟိုတယ်လုပ်ငန်းရှင်များအုပ်စုတို့က နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ဧပြီ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီကလည်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Liberal Democratic Party (L.D.P) ပါတီဌာနချုပ်၌ ပါတီအထွေထွေအတွင်းရေးမှူးချုပ်၊ ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ်နှင့် (L.D.P) ပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ဧပြီ ၁၂ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီကလည်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Liberal Democratic Party (L.D.P) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Toshihiro Nikai က နေ့လယ်စာဖြင့် ဧည့်ခံရာ အဆိုပါဧည့်ခံပွဲသို့ ဂျပန်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်မှု အဆင်သင့်ဖြစ်ရေး ကျေးရွာပြည်သူများနှင့်အတူဆွေးနွေး

နေပြည်တော်　ဧပြီ　၂၀

**သဘာဝဘေးကို တုံ့ပြန်ရန် အစဉ်အမြဲအသင့်ဖြစ်နေစေရေး၊ ဘေးဒဏ်ခံနိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်စေရေး၊ ယခင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုများကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ကြိုတင်ပြင်ဆင်မှုအပိုင်းကို အလေးထားပြီး ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်စေရေး၊ ပြည်သူ့အသံကို နားထောင်၍ ပြည်သူတို့၏ လိုအပ်ချက်များကို သိရှိဖော်ဆောင်ပေးနိုင်စေရေးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာနှင့် လက်ပံအိုင်ကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်း မြို့နယ် ဆတ္တိုးပေါက်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ဆင်သေချောင်းရေ ရုတ်တရက်မြင့်တက်မှုကြောင့် လူနေအိမ် ၃၇ လုံး မျောပါပျက်စီးခဲ့ပြီး ၃၇၃ လုံးရေဝင်ပျက်စီးကာ လူဦးရေ ၁၇၈၃ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ယခင်နှစ်က ရေဘေးဒဏ်ခံခဲ့ရသည့် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာသို့သွားရောက်၍ သံပုရာကုန်းကျောင်းတိုက်၌ ရပ်ရွာလူထုနှင့်လည်းကောင်း၊ ရမည်းသင်းမြို့နယ် ဆတ္တိုးပေါက်ကျေးရွာသို့ သွားရောက်၍ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ရပ်ရွာလူထုနှင့်လည်းကောင်း တွေ့ဆုံ၍ မိမိတို့အနေဖြင့် ရပ်ရွာများတွင် ရပ်ရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များကိုဖော်ထုတ်ပြီး ထိရောက်သော ကြိုတင်ကာကွယ်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အသင့်ဖြစ်စေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်နှစ် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကို သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ရရှိရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ယမန်နှစ်က သဘာဝဘေးကျရောက်ခဲ့သော ယင်းကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး ကယ်ဆယ်ကူညီမည့်သူများ အချိန်မီသွားရောက်ရန် မလွယ်ကူသော ကျေးရွာများ ဖြစ်သည်ကို မိမိကိုယ်တိုင်ရောက်ရှိ၍ သိရှိခဲ့ရကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်ပြီး အဆင်သင့်ဖြစ်မှုသည် လမ်းပန်းဆက်သွယ်ရေးနှင့် အဓိကသက်ဆိုင်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ရွာလူထုအနေဖြင့် သဘာဝဘေးနှင့်ပတ်သက်ပြီး အသိ၊ သတိရှိရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအထိ ဖွဲ့စည်းပြီး လူမှုအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သဘာဝဘေးတုံ့ပြန်မှုများ ဆောင်ရွက်လျက်ရှိသော်လည်း အဓိကအားဖြင့် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ်အတွေ့အကြုံများအရ သိရှိပြီးဖြစ်သဖြင့် ပြည်သူများနှင့်အတူ လက်တွဲ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရပ်ရွာလူထု၏ဆွေးနွေးတင်ပြချက်များနှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးက ဆွေးနွေးပွဲတက်ရောက်လာသော ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဆတ္တိုးပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး ကလေးများအား အစားအစာနှင့် ကစားစရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြင်မြို့၌ တိုးချဲ့ရေပေးရေး ဖွင့်ပွဲကျင်းပ

**မြိုင်　ဧပြီ　၂၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပိုလျှံရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပခုက္ကူခရိုင် မြိုင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရေပေးဝေရေးအဖွဲ့တို့ ပူးပေါင်းပြီး မြိုင်မြို့၌ တိုးချဲ့ရေပေးရေးဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၈နာရီက မြိုင်မြို့ အမှတ်(၁)ရပ်ကွက် ထန်းငယ်တောရပ်၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက မြိုင်မြို့တိုးချဲ့ရေပေးရေးအတွက် ခြောက်လက်မ စက်ရေတွင်းတစ်တွင်း လှူဒါန်းပေးသော မြိုင်မြို့ အမှတ်(၃) ရပ်ကွက် ရေတွင်းအလှူရှင် ဦးမြင့်အောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)- ဒေါ်တင်နု မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။



ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မိုးက စက်ရေတွင်းနှင့်ပတ်သက်၍ ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းနှင့် ရပ်မိရပ်ဖ ဦးကျော်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြိုင်မြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းမှ စက်ရေတွင်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး၊ ဝန်ကြီးချုပ်က အမှတ်(၁)စက်ရေတွင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြောင်း သိရသည်။

ယင်းရေပေးရေးလုပ်ငန်းတွင် ခြောက်လက်မ စက်ရေတွင်းတစ်တွင်းလျှင် အနက် ပေ ၃၆၀ စက်ရေတွင်းလေးတွင်း တူးဖော်ကာ ရေတွင်းတစ်တွင်းမှ ၁ နာရီလျှင် ရေဂါလန် ၃၀၀၀ရရှိ၍ ယင်းစက်ရေတွင်း လေးတွင်းမှရရှိသောရေများကို ရေဂါလန်နှစ်သောင်းငါးထောင်ဆံ့ ရေစုကန်၌စုဆောင်းပြီး မြင်းကောင်ရေ ၃၀ ရှိ ရေတွန်းစက်နှစ်လုံးဖြင့် တစ်လှည့်စီမောင်းနှင်၍ အရှည်ပေ ၇၂၀၀ ရှိ ခြောက်လက်မရေတွင်းပိုက်လိုင်းဖြင့် မြိုင်မြို့အမှတ်(၃)ရပ်ကွက် မြေမြင့်ရပ်ရှိ ရေဂါလန် ၅၀၀၀၀ဆံ့ ရေဖြည့်ကန်သို့တင်ပို့ကာ ရပ်ကွက် (၁၊၂၊၃)ရှိ လူဦးရေ ၆၈၀၀ ကျော်တို့အား ယခင်က ရေဖြန့်ဖြူးမှုတွင် လေးရက်တစ်ကြိမ် ဖြန့်ဝေနေစဉ်မှ ယခုအခါ နှစ်ရက်တစ်ကြိမ် ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်　ဧပြီ　၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီးတိန်မြို့နှင့် ရိခေါ်ဒါရ်မြို့တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရိခေါ်ဒါရ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ် ထောက်ပံ့ပေးအပ်စဉ်

**ရိခေါ်ဒါရ် ဧပြီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းထန်နှင့်အတူ ဧပြီ ၁၉ နံနက် ၁၁ နာရီခွဲတွင် တီးတိန်မြို့သို့ ရောက်ရှိကြသည်။

**အလှူငွေများပေးအပ်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ရှောင်စောန်းကျေးရွာရှိ ချင်းရိုးရာအသုံးအဆောင်နှင့် ရိုးရာဓလေ့အဆောက်အအုံများကို ကြည့်ရှုလေ့လာကြပြီး ကျေးရွာအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

**ကြိုးပမ်းဆောင်ရွက်**

ထိုနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်နှင့် ခင်းကျင်းပြသထားသည့် ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပြီး ပြသထားသည့် ပစ္စည်းများ၏ သမိုင်းကြောင်း၊ အထောက်အထားနှင့် အသုံးပြုမှုအခြေအနေကို မှတ်တမ်းတင်ပြသထားရန်၊ ပြန်/ဆက်ဦးစီးရုံးကိုလည်း မြို့နယ်၏ Community Cernter အဖြစ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းသားသမီးများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်- ရိဒ် ကားလမ်းပေါ်ရှိ လိုင်တွိကျေးရွာ၊ ရှင်ရှမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ညနေ ၃ နာရီတွင် ရောက်ရှိပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် ရိခေါ်ဒါရ်မြို့သို့ ရောက်ရှိကြသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်နှင့် ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းသားသမီးများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

(သတင်းစဉ်)

# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၀

**ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဖတ်ကြားမည့် စာတမ်းများအတည်ပြုခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံခန်းမဆောင်၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်စိုး(မောင်သာမည)က ဘာသာပြန်စာပေစာတမ်းများလက်ခံရရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဘာသာပြန်စာပေစာတမ်းဖတ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်များက အထွေထွေဆွေးနွေးကြပြီး ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က "စာတမ်းဖတ်ပွဲ တွေကို အရင်ကလည်း ကျင်းပခဲ့တယ်၊ သမိုင်းနဲ့ပတ်သက်တာ၊ နိုင်ငံရေးနဲ့ပတ်သက်တာတွေ ကျင်းပခဲ့ပြီး အခုတစ်ခါ ဘာသာပြန် စာပေနဲ့ပတ်သက်လို့ စာတမ်းဖတ်ပွဲလုပ်မယ်။ စာတမ်းဖတ်ပွဲတစ်ခုမှာ ရည်ရွယ်ချက်တွေထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဘာသာပြန်စာပေထွန်းကားဖို့ လိုပါတယ်။ ဘာသာပြန်စာပေဆိုတာ နိုင်ငံတကာရဲ့ဗဟုသုတတွေကို မြန်မာလိုဘာသာပြန်တဲ့ စာပေတွေ အများကြီးလိုပါတယ်။ ကမ္ဘာ့ဗဟုသုတအဖြာဖြာကို မြန်မာ စာဖတ်တတ်ရုံနဲ့ လူတိုင်းလက်လှမ်းမီစေချင်တယ်။ ကမ္ဘာ့သုတနဲ့ပြည့်စုံမယ့် မြန်မာလူမျိုးတွေ ဖြစ်လာမယ်။ ဒါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုရဲ့ သုတ၊ ရသစာပေတွေကိုလည်း နိုင်ငံတကာက သိဖို့ကောင်းတာပါပဲ။ ဘာသာပြန်စာတမ်းဖတ်ပွဲမှာ နိုင်ငံရပ်ခြားက စာအုပ်ကောင်းတွေကို ဘာသာပြန်သလို ကိုယ့်နိုင်ငံကထုတ်တဲ့ ရသ၊ သုတစာပေတွေ၊ ကိုယ့်နိုင်ငံအကြောင်းတွေ ဘာသာပြန်ပြီးတော့ ကမ္ဘာကို သိစေချင်ပါတယ်။ လုပ်ဖို့လည်း အချိန်တန်ပြီလို့ ယူဆပါတယ်။ ဒါကြောင့်မို့ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲကို ကျင်းပတာဖြစ်ပါတယ်"ဟု ပြောသည်။

"ဘာသာပြန်စာပေနဲ့ပတ်သက်တဲ့ စာတမ်းဖတ်ပွဲမှာ ဖိတ်ခေါ်ထားတဲ့ ပညာရှင်တွေလည်းရှိပါတယ်။ ပြင်ပက ဝတ္ထုတွေရေးနေတဲ့၊ ကိုယ်တိုင်ဘာသာပြန်နေတဲ့ ဆရာတွေလည်းရှိတယ်။ ဖတ်ပြီးသလောက်စာတမ်းအများစုကတော့ ဘာသာပြန် စာပေနဲ့ပတ်သက်ပြီး ထွန်းကားအောင် ဘယ်လိုလုပ်ကြမယ်၊ အရင်တုန်းက ဘယ်လိုလုပ်ခဲ့ကြသလဲ၊ နောင်ဘယ်လိုလုပ်ကြမလဲ၊ နိုင်ငံတကာမှာ ဘာသာပြန်စာပေကို ထွန်းကားအောင်ဘယ်လိုလုပ်သလဲ စသဖြင့် ဘက်ပေါင်းစုံရေးထားတဲ့ စာတမ်းတွေ တွေ့ရပါတယ်။ ဒီစာတမ်းဖတ်ပွဲကတော့ ဘာသာပြန်စာပေထွန်းကား ဖွံ့ဖြိုးရေးရည်ရွယ်ချက်နဲ့ညီတဲ့ စာတမ်းတွေ အများစုဖတ်နိုင်မယ်လို့ ထင်ပါတယ်"ဟု ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်စိုး (မောင်သာမည)က ဆိုသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ရှင်(မုံရွာအောင်ရှင်)၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ဦးကြည်မင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ဘာသာပြန်စာပေစာတမ်းရှင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲကို နွေရာသီစာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ ဧပြီ ၂၉ မှ မေ ၁ ရက်ထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ဘာသာပြန်စာပေ စာတမ်းပေါင်း ၁၅ စောင်ဖတ်ကြားမည်ဖြစ်ပြီး နွေရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-လှမိုး**



# တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှသုံးသီးစားဖြစ်ရေး ဖြူးချောင်းရေလှောင်တမံမှ ရေပေးတူးမြောင်းများဖောက်လုပ်

**ဖြူး ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် ယခင်နှစ်ပေါင်းများစွာက စိုက်ပျိုးရေးများတွင် မိုးစပါးများကို မိုးကောင်းရေသောက်စနစ်ဖြင့်သာ မိုးကိုမျှော်၍ စိုက်ပျိုးခဲ့ကြရာ မိုးခေါင်သည့်နှစ်များတွင် မိုးစပါးစိုက်ပျိုးကြရန် အခက်အခဲနှင့် ကြုံတွေ့ရလျက်ရှိသည်။

ဖြူးမြို့အရှေ့ဘက်ရှိ အချို့သော ကျေးရွာအုပ်စုများမှာ မိုးတွင်းအခါတွင် ရေကြီးကွင်းဖြစ်၍ ရေကျသွားမှသာ မိုးစပါးများကို စိုက်ပျိုးခဲ့ကြရသဖြင့် မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုးခဲ့ကြရကြောင်း သိရသည်။ ယခုအခါတွင် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်ထုတ်လုပ်ပြီး ထွက်လာသည့်ရေများကို တူးမြောင်းများဖြင့် ဖောက်လုပ်၍ ဆည်ရေများ ပို့လွှတ်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် ဖောက်လုပ်လျက်ရှိသည်။

ယင်းသို့ ဖောက်လုပ်လျက်ရှိရာတွင် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဦးစီးမှူး ဦးသိန်းသန်းထွန်း (မြို့ပြ)၏ ကြီးကြပ်မှုဖြင့် ရေပေးတူးမြောင်းဖောက်လုပ်လျက်ရှိရာ လက်ယာမြောင်းမကြီးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အရှည် ၄ ဒသမ ၆၆ မိုင် ပြီးစီးသွားပြီဖြစ်ပြီး အောက်ခြေအကျယ် ၁၅ပေ၊ အမြင့် ၁၂ ပေရှိကာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးသွားပြီဖြစ်၍ လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး

မောင်သန်းဝင်းရွှေ

**နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ကြိုးပမ်းကြရာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသည် အရေးပါသောကဏ္ဍမှ ပါဝင်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်၏ ပုံသဏ္ဌာန်နှင့် အနေအထားသည် တစ်သမတ်တည်းမဟုတ်မူဘဲ၊ အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိပေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ စဉ်ဆက်မပြတ် အရှိန်မြင့်ကာ တိုးတက်မှုရှိနေမည့်သဘော ရှိပါသည်။**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ရာ၌ အရေးအတွက်သာမက စွမ်းရည်ထက်မြက်မှု အရည်အသွေးသည် ပဓာနကျသော တွန်းအားတစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ကျွမ်းကျင်၍စွမ်းရည်ထက်မြက်ပြီး လူမှုစီးပွားရေးစနစ် ဖွံ့ဖြိုးမှုအဆင်သင့်အသုံးချနိုင်မည့် လုပ်သားအင်အားစုတစ်ရပ်အမြဲစုဆောင်းထားရန်မှာ လွန်စွာအရေးပါလှပေသည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွေးအခေါ်တွင် ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု လေ့ကျင့်သင်ကြားရေးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေးသည် ကျောင်းနှင့် ကျောင်းပြင်ပ ပညာရေးသာ အဓိကဖြစ်သည်ဟု တွေးမြင်ခဲ့ကြသည်။ သို့သော် မျက်မှောက်ကာလ၌ လူနေမှုဘဝ မြင့်မားသာယာရေး (Quality of life) ရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်လာကြပေပြီ ဖြစ်ပေသည်။ ထို့ကြောင့် ရုပ်ဝတ္ထုဆန်သော ဖွံ့ဖြိုးမှုလမ်းစဉ်မှ လူ့အရင်းအနှီးအကျိုးပြု ဖွံ့ဖြိုးမှုလမ်းစဉ် (Development with a human life)သို့ ဦးတည်လာခဲ့ရခြင်းပင်ဖြစ်သည်။

လူ့စွမ်းအားအရင်းအနှီး ဖွံ့ဖြိုးရေးသည် ဒေသတွင်းသာမက နိုင်ငံတကာအဆင့်စီးပွားရေးတွင် ကာလရှည်ယှဉ်ပြိုင်နိုင်ခြင်းဖြင့် အကျိုးကျေးဇူးများရှိစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်ပေသည်။ ကျွမ်းကျင်မှုဖွံ့ဖြိုးစေမည့် မူဝါဒသည် လူ့စွမ်းအားအရင်းအနှီးဖွံ့ဖြိုးမှု၏ ဇာစ်မြစ်တစ်ရပ်ပင် ဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးအတွက် တွန်းအားပေးဆောင်ရွက်လာနိုင်ခြင်းဖြင့် မြန်မာနိုင်ငံသည် အောင်မြင်နေသည့် အာရှနိုင်ငံများကဲ့သို့ လူ့စွမ်းအားအရင်းအနှီးဖွံ့ဖြိုးမှုကို တည်ဆောက်လျက် အောင်မြင်မှုကိုတက်လှမ်းရန် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ် အဆင့်မြှင့်တင်ရေးနှင့် ထပ်ဆင့်ကျွမ်းကျင်မှု ဆောင်ရွက်ရေးတို့တွင် စိန်ခေါ်မှုများနှင့် လက်ငင်းရင်ဆိုင်နေရပါသည်။ လူသားအရင်းအမြစ် ပေါများမှုများကို ပိုင်ဆိုင်ထားသော်လည်း ကုန်ထုတ်စွမ်းရည်နှင့် နည်းပညာစွမ်းရည်အရည်အသွေးတို့မှာ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုပ်သားအင်အားစုများထက် နိမ့်ကျလျက်ရှိပါသည်။ နည်းပညာကျွမ်းကျင်မှုပိုင်းတွင် ခေတ်မီကုန်ထုတ်လုပ်မှုဖြစ်စဉ် ချိတ်ဆက်မှုတွင် ကန့်သတ်ချက်များ ရှိနေပါသည်။ အထူးသဖြင့် စက်မှုပညာကို ကျွမ်းကျင်တတ်မြောက်သော လူသားအရင်းအမြစ် လိုအပ်နေသည့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်လျက်ရှိနေပါသည်။

မြန်မာနိုင်ငံသည် စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲမှုကို လက်တွေ့အကောင်အထည်ဖော်ရာ၌ ဖုံးကွယ်လုပ်သားများစွာတည်ရှိနေသည့် လယ်ယာကဏ္ဍမှ လုပ်သားအင်အားစုငါးဆယ်ရာခိုင်နှုန်း(ခန့်မှန်းခြေ)ကို စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ ပြောင်းရွှေ့နိုင်ရေးမှာ အဓိကလိုအပ်မှုဖြစ်သည်။ လုပ်သားအင်အားပြောင်းရွှေ့မှု ပေါ်ပေါက်သည်နှင့်အမျှ ပြောင်းရွှေ့လုပ်သားအင်အားစုအား သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာရေး သင်တန်းအစီအစဉ်များ၊ အရည်အချင်းပြည့်ဝသော အမျိုးသားအသက်မွေးဝမ်းကျောင်းပညာရေး အစပျိုးခြင်း စသောလူ့အရင်းအနှီးမြှုပ်နှံမှု၏ ပင်မမူဝါဒလမ်းစဉ်နှင့် ညီညွတ်အောင် ဆောင်ရွက်နိုင်ရန်မှာ အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရန် လိုအပ်ပေသည်။

ထို့ကြောင့် နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းကဏ္ဍကို တိုးချဲ့ဆောင်ရွက်ခြင်းသည် ကာလတိုမဟာဗျူဟာအရ လတ်တလော လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ ဤသို့သော လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မှာ ပုဂ္ဂလိကကဏ္ဍနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်းဖြင့် ကျွမ်းကျင်သော လုပ်သားအင်အားစုသစ်တစ်ရပ်ကို ဖန်တီးဆောင်ရွက်နိုင်အောင် ဦးတည်ဆောင်ရွက်မှု ပြုရန်ပင်ဖြစ်ပေသည်။ ဦးစွာပထမကာလတိုနှင့် ကာလလတ်အတွင်း နိုင်ငံတကာစံနှုန်းနှင့် လိုက်လျောညီထွေမှုရှိရန် စတင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကာလရှည်ယှဉ်ပြိုင်နိုင်စွမ်းအတွက် အထောက်အကူပြုစေရန် လုပ်အားအတွက် အဆင့်အတန်းမီအရည်အသွေးပြည့်ဝစေရေးကို နိုင်ငံတော်ပိုင်းကသာမက ပုဂ္ဂလိကပိုင်းမှပါ ပါဝင်ဆောင်ရွက်ပေးရန် အထူးလိုအပ်လှပါသည်။

မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန် လုပ်ခလစာနည်းပါးသည့် ကျွမ်းကျင်မှုနည်းပါးသော လုပ်သားအခြေပြု စက်မှုလုပ်ငန်းများကို ဆွဲဆောင်ခြင်းသည် ကနဦးစက်မှုလုပ်ငန်းများ ဖြစ်ထွန်းလာရေးအဆင့်တွင် မရှိမဖြစ်သော လက္ခဏာတစ်ရပ်ဖြစ်ပေသည်။ လုပ်သားဈေးကွက်ဖွံ့ဖြိုးလာရေးသည် လုပ်အားကို ပဓာနမထားဘဲ ဆောင်ရွက်ရသည့် စက်မှုလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် ပိုမိုကျွမ်းကျင်မှုရှိရန် ကနဦး ဦးတည်ထားသော်လည်း နိုင်ငံအနေဖြင့် ကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ခြင်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံပို့ကုန်များ တိုးမြင့်လာစေရေး၊ ပိုမိုကျယ်ပြန့်သော စက်မှုဆိုင်ရာ ကျွမ်းကျင်မှုရှိလာစေရေး၊ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ရှိလာစေရေးတို့ လိုအပ်မည်ဖြစ်ပါသည်။ ဤလိုအပ်ချက်ကို အဓိကချိတ်ဆက်ဆောင်ရွက် အကောင်အထည်ဖော်ရမည့်သူများမှာ လုပ်သားကိုယ်စားလှယ်၊ အလုပ်ရှင်အဖွဲ့အစည်း၊ အစိုးရအဖွဲ့အစည်း သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ရန်သာ ဖြစ်ပါသည်။

ထို့ကြောင့် ဒေသတွင်း ထုတ်လုပ်မှု ကွန်ရက်၊ ကမ္ဘာ့တန်ဖိုး ကွင်းဆက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်သည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန်ဖြစ်သည်။ စွန့်ဦးတီထွင်ခြင်းသည် ပညာရေးစနစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု၊ စီးပွားရေးလုပ်ငန်းများ အရည်အသွေးပြည့်ဝမှု၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းကျနမှုတို့ကို ဖန်တီးနိုင်စွမ်းရှိသည့် ပညာရေး (tertiary)နှင့် ဆက်နွယ်ချိတ်ဆက်လျက်ရှိပေသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဟူသော ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက် (Defination)နှင့် ပတ်သက်၍ နိုင်ငံတကာ အာဘော်များအား ထုတ်နုတ်ကာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ "လူသားများ၏ ကောင်းမြတ်သော အလားအလာကို အများဆုံးဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းနှင့် စီးပွားရေးနှင့် လူမှုတိုးတက်မှုအတွက် အစွမ်းကုန်အသုံးချနိုင်စေရန် အခြေအနေကောင်းများ မြှင့်တင်သည့်ကိစ္စအဝဝကို ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်းဖြစ်သည်" ဟုမြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပြီး အင်္ဂလိပ်ဘာသာအရ ဖော်ပြရပါက Human Resources Development(HRD) can be defined as maximisation of human potential as well as the promotion of its fullest utilization for economics and social progress ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။


ESCAP မှ လက်ခံထားဆဲဖြစ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ-

(က) ထုတ်လုပ်မှု စွမ်းဆောင်ရည် (Production Capabilities)များ မြင့်မားလာစေရန် ဦးတည်၍ လူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) ယင်းသို့ စွမ်းဆောင်ရည်မြင့်မားသည့်လူ့စွမ်းအားကို အသုံးချပြီး အရည်အသွေးမြင့်မား၍ အရေအတွက်ပမာဏ တိုးတက်ထုတ်လုပ်စေခြင်း၊

(ဂ) ယင်းသို့ အရည်အသွေးမြင့်မားပြီး အလျှံပယ်ထုတ်လုပ်လာသော အကျိုးတရား အသီးအပွင့်များကို ယင်းစွမ်းအားရှင် လူသားများကပင် စားသုံးရင်း အဆင့်မြင့်မားသော လူနေမှုဘဝသို့ ရောက်ရှိခံစားနိုင်ရန် ဖန်တီးခြင်း တို့ဖြစ်ပေသည်။

ထို့ကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်မှန်သမျှသည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍ အပြန်အလှန် အထောက်အကူပြုလျက်ရှိသည်။ လူ့စွမ်းအားအရင်းအနှီးဖွံ့ဖြိုးမှု ရည်မှန်းချက်၏ ဦးတည်ချက်များမှာ (က)လူအင်အားဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှု၊ (ခ) သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု၊ (ဂ) လူ့ဘဝအရည်အသွေးမြင့်မားမှု စသည်တို့ ဖြစ်ပေသည်။ယင်းတို့ကို သရုပ်ပြပုံစံဖြင့် ဖော်ပြရပါက အောက်ပါအတိုင်း ဖြစ်ပေသည်-




မြန်မာနိုင်ငံအား မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဆင်းရဲမှုမြင့်မားခြင်းကို ခံစားနေရသော ဒေသတွင်း အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားပါသည်။ ဆင်းရဲမှုမှ လွတ်မြောက်စေရန် လူ့စွမ်းအားအရင်းအမြစ်ပံ့ပိုးမှု၊ စာတတ်မြောက်မှုနှုန်းမြင့်မားရေးနှင့် စီးပွားရေးအခွင့်အလမ်း ဖန်တီးပေးခြင်းတို့အပေါ် တည်ဆောက်ပေးခြင်းဖြင့် ကြီးမားသော လူ့စွမ်းအားအရင်းအနှီး ဖွံ့ဖြိုးမှုအစိတ်အပိုင်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုမြှင့်တင်ခြင်းဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်မှုများ တိုးတက်ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုဘဝ သာယာဝပြောရေးအတွက် တိုးတက်မှုများ မလွဲကေန် ဖြစ်ပေါ်လာမည်ဖြစ်သည်။

လူမှုစီးပွားကွာဟချက်များကြောင့် ပေါ်ပေါက်နေသော လူတန်းစား မညီမျှမှုအတွက် ဖွံ့ဖြိုးမှုအခွင့်အလမ်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ မျက်မှောက်ကာလကဲ့သို့ အသွင်ကူးပြောင်းရေးကာလ(ဝါ) အမှန်တကယ်ပြောင်းလဲပေးရန် အခြေအနေမှန်တွင် ဖွံ့ဖြိုးရေးမူဝါဒများ (Development Policy)၊ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုများ၊ စီမံကိန်းရေးဆွဲမှုများသည် ဒေသတစ်ခုနှင့်တစ်ခုကြား (ဝါ)တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစေရန် အထူးလိုအပ်လှပေသည်။ ဤသည်ကို အလေးထားဆောင်ရွက်နိုင်မည်ဆိုပါက ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် အကောင်းဘက်သို့သာ ဦးတည်မည်မှာ မုချဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ အဓိကစိန်ခေါ်မှုများတွင် တစ်ရပ်ဖြစ်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးမှသည် အဆင်းရဲဆုံးနိုင်ငံများ (Under develop Countries) စာရင်းဝင်အဖြစ်မှ ကျော်လွှားသွားနိုင်မည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် တိုးတက်မှုကို စဉ်ဆက်မပြတ်ရရှိစေရန် ကုန်ထုတ်လုပ်မှုကို ထိန်းထားနိုင်ခြင်း၊ အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများဖန်တီးခြင်း၊ ပြည်သူဘဝလုံခြုံမှုနှင့် လူမှုရေးအကာအကွယ်များပေးခြင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်သူများပါဝင်သည့် ပြည်သူ့အုပ်ချုပ်ရေး (Public Administration)စနစ်အား ဦးတည်စေခြင်းတို့ကို အခြေခံ၍ ဒေသဆိုင်ရာ စီမံကိန်းများ (Regional Planning)၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာများ (Investment Strategy)၊ ဖွံ့ဖြိုးမှုမူဝါဒများ (Development Policies)များဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကို ရှေးရှုသော အများကောင်းကျိုးပြု စီးပွားရေးစနစ် (Welfare Economic System)ကို ဦးတည်သော မြန်မာနိုင်ငံတော်သစ်အဖြစ်သို့ မလွဲမသွေ တက်လှမ်းနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဦးစားပေးနယ်ပယ်များမှာ နိုင်ငံရေး၊ စီးပွားရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ကို အဓိကထား၍ ပေါင်းစည်းဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုဆောင်ရွက်မှုသည် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည့်အပြင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ခြင်းပင်ဖြစ်ပါသည်။

## မိုးညှင်း၌ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

မိုးညှင်း မေ ၂၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ ဒီဂရီကောလိပ်တွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ပညာသင်ကြားခဲ့သော ပထဝီဝင်ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁၉ ရက် နံနက်က ကျင်းပသည်။ အစီအစဉ်အရ မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြရာ ဒုတိယပါမောက္ခချုပ်(ငြိမ်း)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာဦးပွားတို့က ဆုပေးစကားနှင့် ဩဝါဒစကားကို ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ကိုသူရစိုး(၂၀၀၈) က ငွေစာရင်းရှင်းတမ်းနှင့် ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၆၇)

# သင်္ကြန်ပြီးကာလဘဏ်များအားလုံး ပိတ်ရက်မရှိ ဖွင့်လှစ်နိုင်ခဲ့သော်လည်း စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီနှင့်အစိုးရရုံးများ ဖွင့်လှစ်မှုမတူကွဲပြားနေဟုဆို

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

**ရန်ကုန် မေ ၂၀**

ယခုနှစ်သင်္ကြန်ကာလတွင် နိုင်ငံတော်ကထုတ်ပြန်ခဲ့သော ယခင်ရုံးပိတ်ရက် ၁၀ အစား ရုံးပိတ်ရက် ငါးရက် ပြုပြင်ပြောင်းလဲ သတ်မှတ်ခဲ့မှုကြောင့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီနှင့် ရုံးအများစုမှာ တစ်ခုနှင့်တစ်ခု ပိတ်ရက်များမတူဘဲ ကွဲပြားမှုများရှိနေကြောင်း စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီနှင့် ရုံးဝန်ထမ်းများထံမှ သိရသည်။

"ကျွန်တော်က တောင်ဒဂုံစက်ရုံတစ်ခုမှာ အလုပ်လုပ်တာပါ။ စက်ရုံက သင်္ကြန်ကာလ နိုင်ငံတော်ကထုတ်ပြန်တဲ့ ရုံးပိတ်ရက် ငါးရက်ပဲ အလုပ်ပိတ်တယ်။ ကျန်တဲ့ရက်တွေ အလုပ်ဆင်းခဲ့ရတယ်။ ဒါပေမယ့် လမ်းစရိတ်တောင် မပေးဘူး။ စက်ရုံမန်နေဂျာက ဒါနိုင်ငံတော်သတ်မှတ်ထုတ်ပြန်ပေးတဲ့ အလုပ်ဖွင့်ရက်လို့ ပြောတယ်။ တချို့နယ်ပြန်တဲ့ ဝန်ထမ်းတွေကတော့ မလာကြဘူး။ ကျွန်တော်တို့ကတော့ နှစ်ဆန်းတစ်ရက်နေ့ကတည်းက အလုပ်ဆင်းခဲ့ရတယ်။ အလုပ်တွေ၊ ရုံးတွေမှာမတူညီတာတွေ၊ မျှတမှုမရှိတာတွေက အများကြီးပါပဲ"ဟု တောင်ဒဂုံစက်မှုဇုန်သို့ တာမွေမှ အလုပ်သွားရောက်လုပ်ကိုင်သော ကိုသားကြီးက ပြောသည်။

နိုင်ငံတော်အနေဖြင့် ယခုနှစ်သင်္ကြန်တွင် ယခင်သတ်မှတ်ခဲ့သော သင်္ကြန်ကာလရုံးပိတ်ရက် ၁၀ ရက်အစား ငါးရက်သို့ ပြောင်းလဲထုတ်ပြန်ခဲ့သည်။ ထိုသို့ ထုတ်ပြန်ပြီး ရက်အနည်းငယ်အတွင်း အလုပ်သမား၊ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံတစ်ဝန်းစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများ ယခင်နှစ်ပိတ်ရက်အတိုင်း ၁၀ သာ ပိတ်ပေးရန် ညှိနှိုင်းခဲ့သော်လည်း အချို့အလုပ်ရုံ၊ စက်ရုံ၊ ကုမ္ပဏီနှင့် ရုံးများမှာ ငါးရက်ပိတ်သည်များရှိသလို၊ ခုနစ်ရက်နှင့် ရှစ်ရက်ပိတ်သည်များလည်းရှိနေသဖြင့် အလုပ်သမားထုအကြား မတူကွဲလွဲကာ အလုပ်ဆင်းနေရသည်များနှင့် ရုံးတက်နေရသည်များ ရှိနေကြောင်း အလုပ်သမားများနှင့် ဝန်ထမ်းများထံမှ သိရသည်။

ကျွန်မတို့က အစိုးရဝန်ထမ်းဆိုပေမယ့် ထုတ်လုပ်မှုဘက်ကပါ။ စီမံတို့၊ ငွေစာရင်းတို့ ဌာနတွေနဲ့ မတူပါဘူး။ ထုတ်လုပ်မှုဘက်ဆိုတော့ သင်္ကြန်ရက်ငါးရက်ပဲ အလုပ်ပိတ်ရက်အဖြစ်သတ်မှတ်ခဲ့တယ်။ အဲဒီငါးရက်မှာလည်း အလုပ်ဆင်းရင် တစ်ရက်ကို ငွေကျပ် ၁၅၀၀ နှုန်း ရုံးကပေးပါတယ်။ ဒါပေမယ့် ကားအခက်အခဲတွေကလည်းရှိတော့ အပြန်အငှားယာဉ်စီးလိုက်တာနဲ့ အဲဒီရုံးကပေးတဲ့ ငွေကျပ် ၁၅၀၀ က ကုန်တာပဲ။ အိပ်ထဲကတောင် စိုက်ရသေးပါတယ်။ တကယ်ဆို သင်္ကြန်ကာလရုံးဖွင့်ရက်မှာ ဥပဒေပြဋ္ဌာန်းတဲ့အတိုင်းဆို ပုံမှန်ထက် နှစ်ဆတောင်ပေးရမှာပါ။ အခုသင်္ကြန်ပြီးလို့ သူများဌာနတွေ ရုံးပိတ်တာတောင် ကျွန်မတို့က ရုံးတက်နေရတယ်။ ဒါပေမယ့် သင်္ကြန်ကာလ ဆင်းရက်တုန်းကလို လမ်းစရိတ် ငွေကျပ် ၁၅၀၀ တောင် ရုံးကမပေးတော့ဘူး။ ဒါပေမယ့် ဆင်းနေရတာပါပဲ၊ အရင်နှစ်တွေက သင်္ကြန်ကာလရုံးပိတ်ရက် အလုပ်ဆင်းရင် ငွေကျပ် ၁၅၀၀ ရခဲ့တယ်။ ဒီနှစ် လုံးဝမရဘူး။ ဒါပေမယ့် ဆင်းပေးနေရတယ်"ဟု မြောက်ဥက္ကလာမှ ရန်ကုန်မြို့တွင်း အစိုးရရုံးတစ်ခု၌ တာဝန်ထမ်းဆောင်နေသော မသူဇာက ပြောသည်။

ယခုနှစ်သင်္ကြန်ကြိုကာလနှင့် သင်္ကြန်ပြီးကာလများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအား သင်္ကြန်ကာလငါးရက်သာ ပိတ်သိမ်းခွင့်ပြုထားခဲ့ပြီး ကျန်သင်္ကြန်ကြိုကာလများနှင့် သင်္ကြန်ပြီးကာလများတွင် ဖွင့်လှစ်ပေးရန်ထုတ်ပြန်ခဲ့သဖြင့် သင်္ကြန်ပြီးကာလ ယခုအခါတွင် ဘဏ်အားလုံးဖွင့်လှစ်လျက်ရှိသော်လည်း လုပ်ငန်းဆောင်တာများ အနည်းငယ်သာလုပ်ကိုင်နေရကြောင်း ဘဏ်ဝန်ထမ်းများထံမှ သိရသည်။



အစိုးရဘဏ်တစ်ခုတွင် ဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားစဉ်

# တာချီလိတ်မြို့၌ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပ

**တာချီလိတ် မေ ၂၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ တက်ရောက်လာသူများက နိုင်ငံများ၏ အခွင့်အရေး၊ ကျား၊မ တန်းတူရေးနှင့် နိုင်ငံသားပြုခြင်းဆိုင်ရာ စသည့် ဒီမိုကရေစီစနစ်ဆိုင်ရာကိစ္စရပ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်းဖော်ထုတ်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများ၊ မြေယာပိုင်ဆိုင်ခြင်း၊ အမွေခွဲဝေခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာမူဝါဒ၊ ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ စသည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်သုံးရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြို့နယ်အခြေပြု မူလတန်းအဆင့် ဆရာအတတ်ပညာ သင်တန်းဖွင့်လှစ်

**မန်တုံ မေ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ဘက်စုံထူးချွန်သော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် အခြေခံကျသော မူလတန်းပညာရေးအတွက် အရေးကြီးသည့် မူလတန်းအခြေပြု ဆရာအတတ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေလီခန်းမဆောင်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က သင်တန်းကာလတစ်လျှောက်လုံး ဌာနဆိုင်ရာများအနေဖြင့် လိုအပ်သည့်များအား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေက သင်တန်းစည်းမျဉ်း၊ စည်းကမ်းများ၊ ကဏ္ဍအလိုက် ဖွဲ့စည်းဆောင်ရွက်ထားသည့် ကော်မတီများအကြောင်းနှင့် သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ နေ့စားလပေး မူလတန်းပြ ဆရာ ကိုးဦးနှင့် ဆရာမ ၉၆ ဦး စုစုပေါင်း ၁၀၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လတိတိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်**

*❊ ကျောဖုံးမှ*

ဂျပန်နိုင်ငံ တိုကျိုမြို့ ကိုလခုအန်ခန်းမ၌ မေ ၁၈ ရက် ဒေသစံတော်ချိန် ည ၆ နာရီ တွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ပွဲစဉ် ခုနစ်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဓိကတွဲဆိုင်းအဖြစ် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံ၊ အဲကမ္ဘောဇအောင်လံဆုရှင် ဒေ့ဗ်လက်ဒပ်(ကနေဒါ)နှင့် ဩစတြေးလျနိုင်ငံသား မွေထိုင်းလက်ဝှေ့ကျော် အဒမ်၊ ၈၀ ကီလိုတန်း ဒုတိယပွဲစဉ်တွင် မြန်မာနိုင်ငံအလွတ်တန်းချန်ပီယံဟောင်း စောငမန်းနှင့် ဂျပန်နိုင်ငံကာရာတေးလောကတွင် နာမည်ကြီးနေသော တာရှုဟီကိုကူဘို၊ ၆၉ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့လောက၌ တစ်ဟုန်ထိုးနာမည်ရလာသော ဖျံသွေးနှင့် အန်ရန်နာ (အမေရိကန်)၊ ၆၅ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သားအသည်းတစ်ပွင့်နှင့် ဂျပန်နိုင်ငံကာရာတေး အားကစားသမား ဟီကာယူဟာဆူမီ၊ ၆၀ ကီလိုတန်းပြိုင်ပွဲများတွင် ဆလိုင်းချမ်းမြေ့ကို(မြန်မာ)နှင့် ဂျပန်နပမ်းသမား ဘာကီ၊ ၆၀ ကီလိုတန်း ဒုတိယပွဲစဉ်တွင် မြန်မာနိုင်ငံမှ ကျားဘဟိန်းနှင့် အမေရိကန်နိုင်ငံမှ ကိုဒီမိုဘာလီ၊ ၅၆ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မျိုးဆက်သစ် တက်သစ်စလက်ဝှေ့ကျော် တိမ်တိုက်နှင့် ဂျပန်နိုင်ငံမှ မွေထိုင်းအားကစားသမား ဟာမာမိုတိုကက်ယူတာတို့ ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အဆိုပါ တတိယအကြိမ်မြောက် ဂျပန်နိုင်ငံရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ဆလိုင်းချမ်းမြေ့ကို (မြန်မာ)နှင့် ကိုကဘာကီ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီတွင် ဆလိုင်းကအလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ကျားဘဟိန်း(မြန်မာ)နှင့် အမေရိကန်နိုင်ငံသား ကိုဒီမိုဘာလီတို့ပွဲတွင် ဒုတိယအချီ၌ ကျားဘဟိန်းက အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ တစ်ဖန် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဟောင်း စောငမန်းနှင့် တာရှိုဟီကိုဘူကို (ဂျပန်)တို့ပွဲတွင် ပထမအချီမှာပင် စောငမန်းခေါင်းတိုက်ချက်ကြောင့် အထိနာကာ ဘူကိုဆေးရုံးခဲ့ပြီး သားအသည်းတစ်ပွင့်(မြန်မာ)နှင့် ဟီကာယူဟာဆူမီ(ဂျပန်)ပွဲတွင် ဒုတိယအချီ၌ သားအသည်းတစ်ပွင့် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ကျန်ပွဲစဉ်များဖြစ်သည့် တိမ်တိုက်(မြန်မာ)နှင့် ဟာမာမိုတိုကက်ယူတာ (ဂျပန်)၊ ဖျံသွေး(မြန်မာ)နှင့် အန်ရန်နာ (အမေရိကန်)၊အဓိကပွဲစဉ်ဖြစ်သည့် ဒေ့ဗ်လက်ဒပ် (ကနေဒါ)နှင့် အဒမ် (ဩစတြေးလျ)တို့ပွဲစဉ်များမှာ အကြိတ်အနယ်ရှိသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပွဲးတွဲသရေဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အဓိကပွဲစဉ်အဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံခြားသားနှစ်ဦး ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သုံးပွဲသရေကျခဲ့ကာ လေးပွဲအရှုံးအနိုင်ပေါ်ခဲ့၍ ဂျပန်ပရိသတ်များ အထူးနှစ်ခြိုက်စွာ အားပေးခဲ့ကြောင်း သိရသည်။

# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်သင်ကြားပေး

**ဗန်းမော် မေ ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ညွှန်ကြားမှုဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တိုးပွားလာစေရန်ရည်ရွယ်၍ ဗန်းမော်မြို့နယ် ကြက်ခြေနီအသင်းခွဲက ပြုလုပ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း(၂/၂၀၁၇)ကို မေ ၂၀ ရက်က နမ့်ဖားရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ဖွင့်လှစ်သင်ကြားသည်။ သင်တန်းတွင် မြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဒေါ်အေးအေးတင့်က ဦးစီးသော သင်တန်းနည်းပြများက ကြက်ခြေနီလှုပ်ရှားမှုနှင့် အခြေခံမူ(၇)ချက် ရှေးဦးပြုစုခြင်း အခြေခံသင်ခန်းစာများကို မေ ၂၄ ရက်အထိ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာကျင်းပ

**မန္တလေး မေ ၂၀**

မန္တလေး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်နာယက မြတ်ရတနာကျောင်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ သက်တော်(၇၂)နှစ် သိက္ခာတော်(၅၁)ဝါရှိ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မဟာဂန္ဓာရုံကျောင်းတိုက်နာယကချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသ၊ မဟာအောင်မြေမြို့နယ် အဝေရာရာမရန်ကင်းကျောင်းတိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဘဒ္ဒန္တသြဒါတသိရီဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဆရာတော်၏တပည့်များနှင့် တာဝန်ရှိသူများက ပင့်ဆောင်ပူဇော်ကြစဉ်

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဆွေတော်မျိုးတော်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာဆရာတော် သံဃာတော်များအမှူးပြုသော ဧည့်ပရိသတ်များက သဗ္ဗသင်္ခါရာအနိစ္စာအစချီသော သုံးဂါထာကို ရွတ်ဆိုသံဝေဂဉာဏ်ပွားများတော်မူပြီး ထီးဖြူတော်ဖွင့်ဂါထာကို ဘဒ္ဒန္တအရိယဝံသာလင်္ကာရက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ မုံရွာဝိဇ္ဇာသိပ္ပံကျောင်းဆရာတော်ဘဒ္ဒန္တသူရိယထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အဝေရာရာမ ရန်ကင်းကျောင်းတိုက်ဆရာတော်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့ဆက်ကပ်သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားပူဇော်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဘဒ္ဒန္တသီလဝံသဆရာတော်က ဖတ်ကြားပူဇော်ပြီး ဆရာတော်ကြီးများက သံဝေဂဂါထာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာမြိုင် ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသဇ္ဇနသာရဆရာတော်က ရေစက်ချတရား ချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်ကြီး၏ တပည့် ဘဒ္ဒန္တဝဏ္ဏိတသရက အပြစ်ရှိလျှင် သည်းခံခွင့်လွှတ်တော်မူရန် ဝန်ချတောင်းပန်ကန်တော့လွှာကို တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား ရှေ့မှတိုင်ကြားပေးကာ နောက်ဆုံးကန်တော့တောင်းပန်လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များ အမှူးပြုသော ပရိသတ်များက အနိစ္စာဝတသင်္ခါရာ အစချီသော သုံးဂါထာကို ရွတ်ဆိုကာ သံဝေဂဉာဏ်ပွားများပြီး ဆရာတော်၏ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကျင်းပမည့် လင်းဇင်းကုန်းသုသာန်သို့ လိုက်ပါကြွချီတော်မူရန် တောင်းပန်လျှောက်ထားသော အဘိယာစနနိမန္တနဂါထာကို ဘဒ္ဒန္တဉာဏဝံသဆရာတော်က လျှောက်ထားပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကျင်းပမည့် နေရာသို့ ရုပ်ကလာပ်တော်အား ဆရာတော်၏ တပည့်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဆွေတော်မျိုးတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် လူမှုရေးအသင်းအဖွဲ့များက ပင့်ဆောင်ပူဇော်ကာ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မုံရွာမြို့၌ စွန့်ပစ်ခဲ့သောရက်ပိုင်းအရွယ်ကလေးကို မုံရွာတောင်ရဲကင်းမှူးမိသားစုကမွေးစား

**မုံရွာ မေ ၂၀**

မေ ၁၉ ရက် ည ၈ နာရီခန့်က မုံရွာမြို့ အေးသာယာရပ်ကွက် ရွှေသိမ်တော်ကြီးကျောင်းတိုက်မုခ်ဦးရှေ့တွင် စွန့်ပစ်ခဲ့သော ရက်ပိုင်းအရွယ် ကလေးငယ်ယောက်ျားလေးကို ယင်းနေ့ညတွင်ပင် မုံရွာတောင်ရပ်ကွက် ရဲကင်းမှူး ဒုတပ်ကြပ်တိုးဇော် မိသားစုက မွေးစားလိုက်ကြောင်း သိရသည်။

အဆိုပါစွန့်ပစ်ကလေးငယ်ကို ရွှေသိမ်တော်ကျောင်းတိုက် သံဃာတော်တစ်ပါးက အနောက်ဖက်မုခ်ဦးရှေ့၌ မေ ၁၉ ရက် ညနေ၇နာရီခန့်က တွေ့ရှိခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အကြောင်းကြားသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့က ရုံးသို့ကလေးအားခေါ်လာရာ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများ၏ ရှေ့တွင် မုံရွာတောင်ရဲကင်းမှူးမိသားစုက မွေးစားခွင့်တောင်းခံခြင်း ဖြစ်သည်။

“ကလေးက ရက်သားလေးသာရှိသေးတဲ့ ယောက်ျားလေးပါ။ ပစ်တာက အောက်ခံတောင်း အိပ်ရာခင်းနဲ့ထည့်ပြီး သြဇာရွက်က ခင်းထားသေးတယ်။ ပြီးတော့ နို့မှုန့်ထုပ်နဲ့အတူ ငွေကျပ်တစ်သောင်းတန် နှစ်ရွက်လည်း ကလေးနဲ့အတူ ပါလာတာတွေ့ရပါတယ်။ ရွှေသိမ်တော်ကြီး သံဃာတော်တစ်ပါးက ကလေးကိုတွေ့ပြီး ကျွန်တော်တို့ဆီ အကြောင်းကြားတော့ သွားကြည့်ပြီး ရုံးခေါ် လာပါတယ်။ ရုံးမှာကလေးကိုစိတ်ဝင်စားသနားပြီး လာကြည့်တဲ့သူတွေက များပါတယ်။ သံဃာတစ်ပါးပြောတာတော့ ကျောင်းပေါက်နား အမျိုးသမီးနှစ်ဦးက ဆိုင်ကယ်နဲ့လာပြီး စွန့်ပစ်သွားတာတွေ့လိုက်တယ်လို့ ပြောပါတယ်။ အမှိုက်ပစ်တယ်ပဲထင်တာပေါ့။ ပြီးမှ ကလေးဖြစ်နေမှန်းသိတာပါ။ ကလေးကို အဲဒီညမှာပဲ ဒုတပ်ကြပ်တိုးဇော်က မွေးစားလိုက်ပါတယ်”ဟု အေးသာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က ပြောပြသည်။

စွန့်ပစ်ကလေးငယ်ကို ဒုတပ်ကြပ်တိုးဇော်မွေးစားအပြီးတွင် ရပ်ကွက်အတွင်းမှ မွေးစားလိုကြသူများပြား၍ မေးမြန်းမှုများရှိသလို စွန့်ပစ်ကလေးငယ်များကို ကယ်ဆယ်စောင့်ရှောက်သည့်အဖွဲ့ကလည်း သတင်းကြား၍ လာရောက်မေးမြန်းမှုများရှိခဲ့ကြောင်း ဦးသန်းထွန်းအောင်က ဆိုသည်။



ကလေးကိုမွေးစားစောင့်ရှောက်လျက်ရှိသောဒုတပ်ကြပ်တိုးဇော်က “ကျွန်တော်က သမီးချည်းဘဲ ခြောက်ယောက်ရှိတယ်။ သားယောက်ျားလေးမရှိတဲ့အတွက် မိသားစုနဲ့တိုင်ပင်ပြီးမွေးစားဖြစ်တာပါ။ သမီးငါးယောက်က အိမ်ထောင်ကျသွားပြီ။ အခုဇနီးရယ်၊ ခြောက်နှစ်သမီးလေးနဲ့နေကြတာပါ။ သားယောက်ျားလေးကလိုချင်နေကြတာပါ”ဟု ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သတ်မှတ်ယာဉ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်းမရှိသည့်လိုင်းကားအချို့ကို အရေးယူ

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြို့လယ်လမ်းမကြီး ငါးလမ်းပေါ် မြို့တွင်း အဝိုင်းပတ်ယာဉ်လိုင်းများမှ လိုင်းကားများသာ အရှေ့အနောက်တောက်လျှောက် မောင်းနှင်ခြင်းသာ မြင်တွေ့လာရသည်။ ယင်းလမ်းမကြီးများအနက် လေးလမ်းပေါ်တွင် တစ်လမ်းစီတွင် ယာဉ်လိုင်းတစ်မျိုးတည်းသာ တောက်လျှောက် မောင်းနှင်မှုရှိသည်အထိ မြို့တွင်းကားလမ်းများပေါ် လိုင်းကားများဖြင့် ပိတ်ဆို့နေတတ်သည့် မြင်ကွင်းများ လျော့ကျလာသည်။

သို့သော်ညကြီးပိုင်းလိုင်းကားပြေးဆွဲနိုင်ခြင်းမှာ အားနည်းနေဆဲဖြစ်ရာ ကြားကားများအဖြစ် အမြန်မောင်းနေသော ယာဉ်ငယ်များ၊ တရားမဝင် ပြေးဆွဲနေသော လိုင်းကားကြီးငယ်များ မြို့လယ်လမ်းမများပေါ် ညစဉ် ၈ နာရီဝန်းကျင်မှစ၍ မြင်တွေ့နေရဆဲရှိသည်။




ထောက်ကြန့် အနောက်ပိုင်းတက္ကသိုလ်၊ ရွှေပြည်သာ(လိန်ကုန်း)မှ စံပြရုပ်ရှင်ရုံ၊ မော်တင်ဂိတ်ဆုံး ယာဉ်လိုင်းလေးလိုင်းမှယာဉ်များ အနော်ရထာလမ်းအတိုင်း စံပြရုံဘေးမှ ချိုးကွေ့သွားခွင့်မရှိပါ။ ဘုန်းကြီးလမ်းအတိုင်းဆင်း၍ ကမ်းနားလမ်းမှ ကွေ့ကာ မဟာဗန္ဓုလလမ်းပေါ်ရှိ ဂိတ်ဖျားသို့ မောင်းနှင်ရသည်။

သို့သော်သခင်မြပန်းခြံသွားရန် နှင့် မော်တင်ဂိတ်ဖျားသွားရန်စံပြရုံဘေးအနော်ရထာလမ်းအတွင်းသို့ ယင်းနေရာအနီးရှိ ယာဉ်ထိန်းရုံအတွင်း တာဝန်ကျများမရှိသည့်အချိန် နေ့စဉ်နီးပါး လိုင်းကားအချို့ မောင်းနှင်ဝင်ရောက်လေ့ရှိသည်။

မေ ၁၈ ရက် နံနက်ပိုင်း ၈ နာရီဝန်းကျင် အနော်ရထာလမ်းအတွင်း စံပြရုံရှေ့မှချိုးကွေ့ဝင်လာသော ယခင် BRT lite လိုင်းအဝါ မဟုတ်ဘဲ ယာဉ်လိုင်းနာမည်တပ် မြို့ပြင်သို့ ပြေးဆွဲခဲ့သော YBS အမှတ်အသားပြည့်စုံစွာ မမြင်တွေ့ရသည့် လိုင်းကားကြီးတစ်စီးကို သက်ဆိုင်ရာက လှည့်ကင်းယာဉ်ဖြင့် စစ်ဆေးအရေးယူနေသည်ကို မြင်တွေ့ရသည်။

ယင်းသို့အရေးယူခြင်းရှိခဲ့သော်လည်း GPS စနစ်တပ်ဆင်ထားသည်ဆိုသော အနောက်ပိုင်းတက္ကသိုလ် - မော်တင်ခရီးစဉ် ပြေးဆွဲနေသော ယာဉ်လိုင်းမှယာဉ်ကြီးတစ်စီးကို မေ ၂၀ ရက် နံနက်၇ နာရီဝန်းကျင်တွင် သတ်မှတ်လမ်းကြောင်း ဖြစ်သော ကမ်းနားလမ်းမှမလာဘဲ ခရီးသည်တင်ဆောင်ထားပြီး အနော်ရထာ လမ်းမှ မော်တင်အလယ်လမ်းအတွင်းမှ ဂိတ်သို့ဝင်လာသည်ကို ထပ်မံမြင်တွေ့ရသည်။

သို့ဖြစ်ရာယာဉ်လိုင်းစနစ်သစ်တွင် ပြေးဆွဲနေသော လိုင်းကားအချို့ စည်းကမ်းတကျမောင်းနှင်မှု အားနည်းနေခြင်းကို စောင့်ကြည့်ခြင်း၊ အပြင်ဂိတ်ရင်းဂိတ်ဖျားနှင့်တကွ ယာဉ်များ သွားလာရာလမ်းပေါ်ရှိ ယာဉ်လိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်သူများ၏ စောင့်ကြည့်အရေးယူခြင်းတို့မှာ အဓိကကျနေသည်။

ယာဉ်လိုင်းလေးလိုင်း မြို့တွင်းပတ်ယာဉ်လိုင်းတစ်လိုင်းသာရှိသော မော်တင်ခုံးကျော်တံတား အတက်အဆင်းလေ့ကားအနီးရှိ ဂိတ်ဖျားနေရာတွင် ယခင် စနစ်ဟောင်း ယာဉ်လိုင်းပေါင်းစုံ စုဆုံနေစဉ်ကကဲ့သို့ ကားဟွန်းသံမျိုးစုံ အဆက်မပြတ် ကြားနေရခြင်း၊ လိုင်းကားများ ခရီးသည်စောင့်ဆိုင်းတင်ဆောင်နေခြင်းကြောင့် ယာဉ်ပိတ်ဆို့နေခြင်း၊ ခရီးသည်များလမ်းလယ်တွင် ယာဉ်ပေါ် အတက်၊ အဆင်းပြုလုပ်နေရခြင်းများ လျော့ပါးခြင်းမရှိဘဲ ဆက်လက်မြင်တွေ့နေရဆဲရှိသည်ဟု ယင်းနေရာအနီး နေထိုင်သူတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# ကသာမြို့နယ် အောင်ချမ်းသာကျေးရွာအနီး မြေသယ်ယာဉ် ၃၅ စီးရောက်ရှိနေမှုအား စိစစ်ဆောင်ရွက်

**ကသာ ဧပြီ ၂၀**

ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းရှိ အောင်ချမ်းသာကျေးရွာအနီး ဖားကန့်သို့ သွားရောက်မည့် မြေသယ်ယာဉ် ၃၅ စီး ရေယာဉ်ဖြင့် ဧပြီ ၁၁ ရက်က ရောက်ရှိနေမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက ဧပြီ ၂၀ ရက်က အထောက်အထားပါရှိမှု ရှိ၊မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသယ်ယာဉ်များမှာ လင်းလက်ဝင်းကျောက်မျက်ကုမ္ပဏီမှ ဖြစ်ပြီး ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ယာဉ်မှတ်ပုံတင်များ ပြုလုပ်ခဲ့ပြီး ရန်ကုန်မှ ကသာသို့ သယ်ဆောင်ခဲ့ကြောင်း၊ ကသာမှ မော်ဟန်သို့ ဆက်လက်သယ်ဆောင်ရာ အဆိုပါယာဉ်များအား ကသာမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က တရားဝင်၊ မဝင်နှင့် သယ်ယူခွင့်ရှိ ၊ မရှိတို့အား မှတ်ပုံတင်ပါ ယာဉ်အမျိုးအမည်နှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးကြရာ မှန်ကန်သည့်အထောက်အထားများပါရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်လျော့ကျမှုမရှိစေရန် သစ်တောများ ထိန်းသိမ်းခြင်း၊ တရားမဝင်သတ္တုတူးဖော်မှုကို ခွင့်မပြုဘဲ အရေးယူတားမြစ်ခြင်း၊ တရားဝင်သတ္တုတူးဖော်သော ကုမ္ပဏီအချို့အား သက်တမ်းတိုးပေးခြင်းကို ရပ်ဆိုင်းထားသည်ဟုဆိုသော်လည်း ယခုကဲ့သို့ ဖားကန့်ကျောက်စိမ်းထွက်ရှိရာဒေသသို့ အဆိုပါကုမ္ပဏီအမည်ဖြင့် သွားလာခွင့်ပြုမှုမှာ သင့်လျော်မှုမရှိကြောင်း၊ အလားတူ အခြားကုမ္ပဏီများကလည်း တရားဝင်ခွင့်ပြုချက်တောင်းခံ၍ အများစုပြုလုပ်လာမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအပေါ် ဆိုးကျိုးကို သက်ရောက်စေမည်ဖြစ်ကြောင်း ဒေသခံများက ဝေဖန်လျက်ရှိသည်။ **ငွေအိုး (ကသာ)**



# တိုက်ကြီးမြို့နယ်၌ ကွင်းအမှတ် ၇၀၇ A တွင် နွေစပါးဧက ၄၀၀ ကျော်ရင့်မှည့်ချိန် ရေနစ်မြုပ်

**တိုက်ကြီး ဧပြီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် ၇၀၇ A တွင် ရိုးဝရေတံခါးပေါက် ရှစ်ပေါက်ရှိရာ တစ်ပေါက်သာဖွင့်ထားသဖြင့် ရေများလျှံပြီး နွေစပါးဧက ၄၀၀ ကျော် ရင့်မှည့်ချိန် ရေများနစ်မြုပ်နေကြောင်း ကျေးရွာအုပ်ချုပ် ရေးမှူး ဦးတင်မှတ်နှင့် ရပ်မိရပ်ဖက ပြောကြားချက်အရ သိရသည်။

အဆိုပါ ရိုးဝရေတံခါးများပိတ်ထားရခြင်းမှာ မော်ဘီမြို့နယ် ဦးဗလ၏ အဆင့်မြင့်လယ်ယာဧက ၅၀ စိုက်ပျိုးရန် ရေတံခါး ခုနစ်ပေါက်ကိုပိတ်၍ နွေစပါး စိုက်ပျိုးခြင်းဖြစ်ရာ ယခုအခါ သင်္ကြန်ရက်တွင် မိုးရွာသဖြင့် ကွင်းရေများတိုးလာပြီး ရေများလျှံလာကာ ကွင်းအမှတ် ၇၀၇ A တွင် စိုက်ပျိုးထားသော နွေစပါးများရင့်မှည့်ချိန် ရေနစ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ရေတံခါးပေါက်များ ဖွင့်ပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက တာဝန်ရှိသူများထံ လာရောက်တင်ပြကြခြင်းဖြစ်သည်။ ရေတံခါးပေါက်များ ဖွင့်မပေးလျှင် နွေစပါးများ ကြွေပြီး အပင်ပေါက်ပျက်စီးမည်ဖြစ်သောကြောင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် လယ်သမားများက ရိုးဝရေတံခါးသို့ သွားရောက်ကြပြီး ရေတံခါးနှစ်ပေါက်ကို ဖွင့်ခဲ့ကြောင်း သိရသည်။

"အခုစပါးတွေက ရင့်မှည့်နေပြီ။ အချိန်မီ ရေတံခါးမဖွင့်ရင် စပါးပင်တွေ ရေနစ်ပြီး စပါးတွေကြွေပြီး အပင်ပြန်ပေါက်ကုန်မှာ၊ အားလုံးပျက်စီးသွားနိုင်ပါတယ်။ ပျက်စီးမှာက ဧက ၄၀၀ ကျော်ပါ။ ဒါကြောင့် လိုအပ်ရင်ဖွင့်မှာပါ။ သူတို့ ဧက ၅၀ လည်း ရေလိုရင်ပြန်ပိတ်ပေါ့။ ရေတံခါးတွေကို ပိတ်ထားလို့ မဖြစ်ဘူးလေ။ ဒါကို တာဝန်ရှိသူတွေ သိစေချင်တာပါ" ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **ထွန်းလှိုင် (မြိုင်)**



# ရဲတပ်ဖွဲ့အတွက် စေတနာရှင်များက ဝတ်စုံများထောက်ပံ့

**မန္တလေး ဧပြီ ၂၀**

မန္တလေးကန်တော်ကြီး ငါးမွေးမြူရေးလုပ်ငန်းမှ ရဲယူနီဖောင်း အစုံ ၅၀ လှူဒါန်းခြင်းကို ဧပြီ၂၀ ရက် ညနေ ၅နာရီခွဲက မန္တလေး ချမ်းမြသာစည် အမှတ် ၁၀ မြို့မရဲစခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစံသူက "နိုင်ငံတော်က တစ်နှစ်တစ်စုံ ထောက်ပံ့ပေးလျက်ရှိတာ မလောက်ခဲ့ပါဘူး။ ဒါကြောင့် အလှူရှင်တွေက လှူဒါန်းခဲ့တာကျေးဇူးတင်ပါတယ် "ဟု ပြောကြားခဲ့ပြီး မန္တလေးကန်တော်ကြီး ငါးမွေးမြူရေးလုပ်ငန်းမှ ဦးအောင်ရွှေက ရဲယူနီဖောင်းများလှူဒါန်းခဲ့ရာ ချမ်းမြသာစည် အမှတ် (၁၀) မြို့မရဲစခန်း စခန်းမှူးဒုတိယရဲမှူး ခင်မောင်ထွန်းက လက်ခံရယူပြီး ရဲယူနီဖောင်းများ လှူဒါန်းရခြင်းအကြောင်းကို မန္တလေးကန်တော်ကြီး ငါးမွေးမြူရေးလုပ်ငန်းမှ ဦးမြတ်ထွဋ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိသားစုရဲမေများအား အမျိုးသမီးဝတ် ဝတ်စုံ ၁၆ စုံအား စခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွန်း၏ဇနီး ဒေါ်ခင်မိုးအောင်က ပေးအပ်လှူဒါန်းခဲ့သည်။ ချမ်းမြသာစည် အမှတ် (၁၀) မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူးက ကျေးဇူးတင်စကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစံသူက ဂုဏ်ပြုလွှာပေးအပ်၍ မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွန်းက ဂုဏ်ပြုပန်းစည်းပေးအပ်ရာ မန္တလေးကန်တော်ကြီးငါးမွေးမြူရေးလုပ်ငန်းမှ ဦးအောင်ရွှေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်ထူး (မန္တလေး)**

# AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများ ရလဒ်မကောင်း

**ရန်ကုန် ဧပြီ ၂၀**

လက်ရှိကျင်းပနေသည့် ၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများ ရလဒ်မကောင်းဘဲ ရတနာပုံအသင်းသာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိနေပြီး မကွေးအသင်းမှာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

ဧပြီ ၁၈၊ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုပွဲစဉ် (၅)တွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရတနာပုံနှင့် မကွေးအသင်းတို့သည် ဆိုးရွားသည့် ဂိုးရလဒ်များဖြင့် ရှုံးနိမ့်ကာ ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ မျှော်လင့်ချက် အနည်းငယ်သာရှိတော့သည့် မကွေးအသင်းသည် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို အိမ်ကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး နောက်တစ်ဆင့် တက်ရေး မျှော်လင့်ချက် အဆုံးသတ်ခဲ့ရသည်။ ယင်းပွဲတွင် မကွေးအသင်းသည် မိနစ် ၇၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဂိုးများ ဆက်တိုက်ပေးရကာ ဂိုးပြတ်ရှုံးခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းသည် ငါးပွဲကစားအပြီးတွင် နိုင်ပွဲမရသေးဘဲ နှစ်ပွဲသရေ သုံးပွဲရှုံးနိမ့်ထားသည်။ ရတနာပုံအသင်းသည် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး အုပ်စုပထမဖြင့် အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ဆုံးရှုံးခဲ့ပြီး အကောင်းဆုံး အုပ်စုဒုတိယအတွက်လည်း ရုန်းကန်ရတော့မည်ဖြစ်သည်။ ပွဲစဉ် (၅) အပြီးတွင် အာဆီယံဇုန်တွင် ပါဝင်သည့် အုပ်စုသုံးခု၌ အသင်းများ၏ ရပ်တည်မှုအနေအထားအရ ရတနာပုံအသင်းမှာ အခွင့်အရေးနည်းပါးလျက်ရှိသည်။

ပြိုင်ပွဲကျင်းပ သည့်ပုံစံအရ အုပ်စု (F၊ G၊ H) တွင် ထိပ်ဆုံး သုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ တစ်သင်းသာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ရာ ရတနာပုံအသင်းအနေဖြင့် နောက်ဆုံးပွဲတွင် ဗီယက်နမ်ကလပ် ထန်ကွမ်နင်အသင်းကို အနိုင်ရလျှင်ပင် အခြားအုပ်စုများ၏ ရပ်တည်မှုကို ကြည့်ရမည်ဖြစ်သည်။ ဒုတိယနေရာ အသင်းများတွင် တစ်သင်းသာ ဆီမီးဖိုင်နယ် တက်မည်ဖြစ်ရာ ရတနာပုံအသင်းအနေဖြင့် ဂိုးပြတ်အနိုင်ရမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယခင်ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ရှုံး/ထွက် ၁၆ သင်းအဆင့်သာအမြင့်ဆုံး တက်ရောက်ဖူးကြောင်း သိရသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲခဲ့ပြီး ဇုန်အလိုက်ခွဲ၍ ကျင်းပလျက်ရှိကာ မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



ဧပြီ ၁၉ ရက်က သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဂလိုဘယ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

# ရေကြည်မြို့နယ် ငါးသိုင်းချောင်းနှင့် ကျေးရွာများတွင် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများကျင်းပ

**ရေကြည် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ရှင်းလင်းပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် အမျိုးသား ဒီမိုကရေစီဥက္ကဋ္ဌ ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းက သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ကျေးလက်ကျန်းမာရေးဌာနများ အဆင့်မြင့်ဆောင်ရွက်ထားမှုနှင့် အားကစား၊ ကျန်းမာရေးကဏ္ဍများနှင့်မေးခွန်းများ၊ ပြည်သူများ သိလိုသည်များကို ရှင်းလင်းဖြေကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်က ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ဥပဒေကြမ်းကော်မတီအကြောင်း၊ တိုင်ကြားစာများ ကော်မတီအကြောင်းများနှင့် လွှတ်တော်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြီး ငါးသိုင်းချောင်းမြို့အုပ်ချုပ်ရေးမှူး ဦးဟန်လင်းအောင်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်သူများက ယာဉ်အန္တရာယ်ကင်း ရှင်းရေး၊ သဲကားများ ပြည်သူပိုင်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့မောင်းနှင်နေခြင်းကိစ္စရပ်များ၊ စည်ပင်သာယာစျေးသန့်ရှင်းအောင် ဆောင်ရွက်နိုင်ရေး၊ ရှေ့ဆောင်ရပ်ကွက်၊ ဝဲန်ရပ်ကွက်၊ လက်ပံပင်၊ ဘုတ်ချောင်း၊ သောင်ကြီးစသည့် ရပ်ကွက်နှင့် ကျေးရွာများမှ လူမှုရေးအခက်အခဲများ၊ မြစ်ရေတိုက်စားမှုအန္တရာယ်၊ တာတမံကိစ္စ၊အဝေးပြေးကားကွင်းတည်ဆောက်ရေး၊မြေနေရာသတ်မှတ်ရေးများ ဆွေးနွေးရာ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

တွေ့ဆုံပွဲများကို ဧပြီ ၁၁ ရက်ကလည်း ရေကြည်မြို့နယ် ကြို့ကုန်းကျေးရွာ တန်ဆောင်းတော်ကြီးအတွင်းပြုလုပ်ခဲ့ရာ တောင်သူလယ်သမားများက စပါးဈေးအာမခံရရှိရေး၊ ရေကြီးနစ်မြုပ်မှုများ လျော့ပါးရေးဆောင်ရွက်ပေးနိုင်မှု၊ နှစ်ရှည် ချေးငွေကိစ္စများဆွေးနွေးပြီး ကုန်းပြင်၊ နွားရေတိုက်၊ ငါးတဲစု၊ မကျီးလဟာကျေးရွာတို့တွင်လည်း လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲနှင့်အတူ ပြည်သူများနှင့် ပြည်သူ့အသံများအား ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

# အမေရိကန်က အင်အားသုံးတိုက်ခိုက်မှုများ နောက်ထပ်ပြုလုပ်ရန်ပြင်ဆင်နေမှုကို မြောက်ကိုရီးယားသတိပေး

**ဆိုးလ် မေ ၂၀**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က အမေရိကန်သည် မြောက်ကိုရီးယားက ပြုလုပ်နေသည့် နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ မြောက်ကိုရီးယားအား ဖိအားပေးသည့် ချဉ်းကပ်မှုများပြုလုပ်ရန် နည်းလမ်းများ ရှာဖွေနေကြောင်း ပြောကြားခဲ့ပြီးနောက်တွင် မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းမီဒီယာက ရန်သူကို အားနည်းအောင်ပြုလုပ်ရန်ရည်ရွယ်သည့် အင်အားသုံးတိုက်ခိုက်မှုများကို အမေရိကန်က အကြီးအကျယ် ပြုလုပ်နေခြင်းကို သတိပေးခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအမ်းနှင့်သဘောထားတင်းမာခက်ထန်သည့် အနေအထားတွင်ရှိနေပြီး မြောက်ကိုရီးယားသည် အဓိက မဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံ၏ သတိပေးတိုက်တွန်းမှုများကို လက်မခံဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏အရေးယူပိတ်ဆို့မှုများကို အာခံသည့် အနေဖြင့် နျူကလီးယားလက်နက်နှင့် ဒုံးကျည်အစီအစဉ်များ ပိုမိုရှေ့တိုးဆောင်ရွက်လာနေသည်။

မြောက်ကိုရီးယား အာဏာရအလုပ်သမားပါတီက ထုတ်ဝေလျက်ရှိသည့် ရိုဒေါင်ဆင်မန်သတင်းစာ သည် အမေရိကန်အား သတိပေးသည့် ရေးသားမှုကို သွယ်ဝိုက်ခြင်းမရှိဘဲ တိုက်ရိုက်ပြောဆိုသည့် ဖော်ပြမှုမျိုး ပြုလုပ်ခဲ့သည်။

သီးခြားနိုင်ငံတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိသည့် မြောက်ကိုရီးယားသည် ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အား ဖျက်ဆီးပစ်မည်ဟု အမြဲလိုလို ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ပြီး ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဒုံးကျည်စမ်းသပ်မှုတစ်ခုကို လုပ်ဆောင်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့သော်လည်း ၎င်း၏ရန်လိုသည့်အပြုအမူကို လျှော့ချခဲ့ခြင်းမရှိပေ။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က အကြမ်းဖက်မှုများကို နိုင်ငံအတွင်း အားပေးအားမြှောက် လုပ်ကိုင်နေသည့် မြောက်ကိုရီးယားနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းအတွင်း ရပ်တည်မှုအခြေအနေကိုသုံးသပ်လျက်ရှိပြီး အမေရိကန်နှင့် ပြေလည်မှုပြန်လည်ရရှိစေရန် ပြုံယမ်းအား ဖိအားပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ဝါရှင်တန်၌ သတင်းထောက်များကို ပြောကြားခဲ့သည်။


မြောက်ကိုရီးယားတပ်မတော်၏ အမြောက်ပစ်ခတ်မှုနှင့် မြေပြင်စစ်ရေးလေ့ကျင့်မှုများကို တွေ့ရစဉ်

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်ကမူ မြောက်ကိုရီးယားနှင့် သံတမန်ရေးအရ စိတ်ရှည်သည်းခံနိုင်မှု အတိုင်းအတာတစ်ခုကုန်ဆုံးသွားပြီဖြစ်ကြောင်း အာဆီယံမဟာမိတ်နိုင်ငံများသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ထပ်ကာတလဲလဲပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အာရှ၌ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးပွဲသုံးခု ထရန့်တက်ရောက်မည်

**ဝါရှင်တန် မေ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် လာမည့် နိုဝင်ဘာလတွင် အရှေ့တောင်အာရှ၌ ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးပွဲ သုံးခုကို တက်ရောက်ရန်ရှိကြောင်း အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ကြာသပတေးနေ့က ဂျကာတာရှိ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ဌာနချုပ်သို့ အလည်အပတ် သွားရောက်စဉ်အတွင်း ပြောကြားခဲ့သည်။

မိုက်ပန့်စ်သည် အမေရိကန်-အာဆီယံထိပ်သီးအစည်းအဝေးပွဲနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးပွဲ ကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံရှိ အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့စဉ်အတွင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထရန့်သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသွားမည့် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(APEC) ထိပ်သီးအစည်းအဝေးပွဲသို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။



မိုက်ပန့်စ်၏ ပြောကြားချက်အရ ထရန့်အစိုးရအဖွဲ့သည် လုံခြုံရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် တောင်တရုတ်ပင်လယ်အတွင်း လွတ်လပ်စွာ ပင်လယ်ရေကြောင်း သွားလာခွင့်တို့အတွက် အာဆီယံနိုင်ငံများနှင့်အတူ လက်တွဲကြိုးပမ်းသွားမည်ဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ပင်လယ်ရေပိုင်နက်အများစုကို ပိုင်ဆိုင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံ အများစုနှင့် အငြင်းပွားလျက်ရှိသည်။ **(ရိုက်တာ)**

# အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ စစ်လက်နက်များရောင်းချမည်

**ဝါရှင်တန် မေ ၂၀**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရတ်နိုင်ငံအား အမေရိကန်ဒေါ်လာ ၂၉၅ ဒသမ ၆ သန်းတန်ဖိုးရှိ လက်နက်များရောင်းချရန် ခွင့်ပြုလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ယမန်နေ့ကပြောကြားခဲ့သည်။

လက်နက်ရောင်းချမည့် အဆိုပြုချက်တွင် အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်သားများ လာရောက်တပ်ဖြန့်ထားခြင်း သို့မဟုတ် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားခြင်းရှိမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ယင်းအဆိုပြုချက်အား လွှတ်တော်သို့ တင်ထားချိန်တွင် လက်နက်ရောင်းချခြင်းလုပ်ဆောင်သွားမည်မဟုတ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပါကစ္စတန်ကြည်းတပ်ဦးစီးချုပ် အကြမ်းဖက်သမားများကို သေဒဏ်ချရန် လက်မှတ်ထိုး

**အစ္စလမ္မာဘတ် မေ ၂၀**

ပါကစ္စတန်နိုင်ငံ ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ် ဘတ်ဂျ်ဝါက အကြမ်းဖက်သမား ၃၀ ကို သေဒဏ်ချမှတ်ရန် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

ပက်ရှ်ဝါစစ်သင်တန်းကြောင်းအား တိုက်ခိုက်မှု၊ အရပ်သားများနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်သူများကို ဖမ်းဆီးသတ်ဖြတ်မှု၊ ဆွက်တ်တောင်တန်းဒေသရှိ လေဆိပ်တစ်ခုကို တိုက်ခိုက်မှုတို့ဖြင့် အဆိုပါ အကြမ်းဖက်သမားများကို သေဒဏ်ချမှတ်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်မှုတွင် ဆက်လက်ဖော်ပြထားသည်။

အစိုးရတပ်ဖွဲ့အသွင်ယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုသည် ပက်ရှ်ဝါစစ်သင်တန်းကျောင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၅၀ သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကို ပါကစ္စတန်-တာလီဘန်တို့က ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပါကစ္စတန်အစိုးရသည် အထူးစစ်ရေးတရားရုံးတည်ထောင်ရေးအပါအဝင် အကြမ်းဖက်နှိမ်နင်းမှုများကို လုပ်ဆောင်ခဲ့သည်။ ထို့အပြင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအင်အားကိုလည်း တိုးမြှင့်ခဲ့သည်။

လွန်ခဲ့သည့် မတ်လက အထူးစစ်ရေးတရားရုံးလုပ်ငန်းဆောင်ရွက်မှုအချိန်ကာလကို ပါကစ္စတန်လွှတ်တော်က သက်တမ်းနှစ်နှစ် ထပ်မံတိုးမြှင့်လိုက်ကြောင်း အတည်ပြုခဲ့သည်။ **(ဆင်ဟွာ )**



ပါကစ္စတန်နိုင်ငံ ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ် ဘတ်ဂျ်ဝါ

# ရုရှားစစ်သင်္ဘောများ ဖိလစ်ပိုင်သို့ရောက်ရှိ



ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိလာသည့် ရုရှားစစ်သင်္ဘောများကို တွေ့ရစဉ်

**မနီလာ မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံသို့ လေးရက်ကြာ ချစ်ကြည်ရေးခရီးထွက်ခွာလာသော ရုရှား ခရူဆာစစ်သင်္ဘောနှင့် ဧရာမ ပင်လယ်ဆီတင်သင်္ဘော ပီချန်ဂါတို့သည် မေ ၂၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ သင်္ဘောနှစ်စင်းသည် ရုရှားရေတပ် ပစိဖိတ်ရေယာဉ်အုပ်စုမှ သင်္ဘောများဖြစ်ကြောင်း ဖိလစ်ပိုင်ရေတပ်မတော်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ညွှန်ကြားရေးမှူး ဗိုလ်ကြီး လုဒ်လင်ကူနာက ပြောခဲ့သည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း ရုရှားရေတပ်သည် ဖိလစ်ပိုင်ရေတပ်နှင့် ပူးတွဲစစ်ရေးလှုပ်ရှားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ဖိလစ်ပိုင်နိုင်ငံအကြီးအကဲများသည် ရုရှားဗာရပ်စစ်သင်္ဘောပေါ်သို့ မေ ၂၂ ရက်တွင် သွားရောက်လည်ပတ်မည့် အစီအစဉ်တစ်ခုလည်းစီစဉ်ထားကြောင်း သိရသည်။ အဆိုပါ ရုရှားစစ်သင်္ဘောကို ရုရှားနိုင်ငံရေတပ်၏ ပစိဖိတ်ရေယာဉ်အုပ်စုမှ ၁၉၇၉ ခုနှစ်တွင် ရေချခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် တပ်တော်ဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရုရှားရေငုပ်သင်္ဘော အက်မိုင်ရယ်ထရိုင်ဘက်စ်နှင့် ဆီတင်သင်္ဘော ဘောရစ်ဘူတိုမာတို့သည် ဖိလစ်ပိုင်သို့ သွားရောက်ခဲ့စဉ် ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် အဆိုပါသင်္ဘောပေါ်သို့ သွားရောက်လည်ပတ်ခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ဖိလစ်ပိုင်-ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာလာအောင် ဆောင်ရွက်လျက်ရှိပြီး လာမည့် မေလတွင် ရုရှားနိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း ဒေသတွင်းသတင်းရင်းမြစ်များအရ သိရသည်။ **(ဆင်ဟွာ)**

# ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းများလျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်မှုဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၀**

၁။ ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မဟာသင်္ကြန်ပွဲတော်ကို အကြိုကာလလုံခြုံရေး၊ သင်္ကြန်ပွဲတော်ကျင်းပစဉ် လုံခြုံရေး၊ ပွဲတော်ကျင်းပပြီးနောက်ပိုင်း လုံခြုံရေးတို့အား အပိုင်း(၃)ပိုင်းခွဲခြား၍ လုံခြုံရေးစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထို့အပြင် မဟာသင်္ကြန်ပွဲတော်ကာလတွင် မှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် သင်္ကြန်အကြိုကာလဖြစ်သော မတ် ၁၂ ရက်မှ ဧပြီ ၁၂ ရက်အထိနှင့် သင်္ကြန်ကာလဖြစ်သော ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်အထိ မှုခင်းများဖြစ်ပွားစေသည့် လိုင်စိတ်ကြွဆေးများ၊ ယစ်မျိုး (အရက်/ ဘီယာ)၊ လက်နက်ပုန်းနှင့် ဆင်ဆာမဲ့ ဗီဒီယိုခွေများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | တိုင်း/ ပြည်နယ် | လိင်စိတ်ကြွဆေးဖမ်းဆီးမှု | | ယစ်မျိုးဖမ်းဆီးမှု | | လက်နက်ပုန်းဖမ်းဆီးမှု | | ဆင်ဆာမဲ့ ဗီဒီယိုခွေဖမ်းဆီးမှု | |
|---|---|---|---|---|---|---|---|---|---|
| | | အမှု | တရားခံ | အမှု | တရားခံ | အမှု | တရားခံ | အမှု | တရားခံ |
| ၁ | နေပြည်တော် | - | - | ၅ | ၅ | ၁၄ | ၁၄ | ၃ | ၃ |
| ၂ | ကချင် | - | - | ၁၄ | ၁၄ | ၁၉ | ၁၉ | - | - |
| ၃ | ကယား | - | - | - | - | - | - | - | - |
| ၄ | ကရင် | - | - | ၄၅ | ၄၅ | ၁၀ | ၁၀ | ၁ | ၁ |
| ၅ | ချင်း | - | - | ၁ | ၁ | - | - | - | - |
| ၆ | စစ်ကိုင်း | - | - | ၁၁၀ | ၁၁၀ | ၁၈ | ၂၀ | ၁ | ၁ |
| ၇ | တနင်္သာရီ | ၁ | ၁ | ၁၆ | ၁၆ | ၉ | ၉ | - | - |
| ၈ | ပဲခူး | - | - | ၂၂၀ | ၂၂၀ | ၅၁ | ၅၁ | ၁ | ၁ |
| ၉ | မကွေး | - | - | ၄၉ | ၄၉ | ၂၃ | ၂၃ | - | - |
| ၁၀ | မန္တလေး | - | - | ၄၀ | ၄၀ | ၄၉ | ၄၉ | ၁၂ | ၁၂ |
| ၁၁ | မွန် | - | - | ၃၂ | ၃၃ | ၇ | ၇ | - | - |
| ၁၂ | ရခိုင် | - | - | ၅၄ | ၅၄ | ၁၄ | ၁၄ | ၄ | ၄ |
| ၁၃ | ရန်ကုန် | ၂ | ၂ | ၂၀၂ | ၂၀၂ | ၁၅၆ | ၁၅၆ | ၃၁ | ၃၁ |
| ၁၄ | ရှမ်း | - | - | ၂၄ | ၂၄ | ၁၃ | ၁၈ | - | - |
| ၁၅ | ဧရာဝတီ | - | - | ၆၀ | ၆၀ | ၂၃ | ၂၃ | - | - |
| | စုစုပေါင်း | ၃ | ၃ | ၈၇၂ | ၈၇၃ | ၄၀၆ | ၄၁၃ | ၅၃ | ၅၃ |

၂။ ထို့အပြင် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်း၊ မှုခင်းအသိပညာပေး ဟောပြောခြင်းများအား အောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည်-

| စဉ် | တိုင်း/ ပြည်နယ် | မှုခင်းလျော့ချရေး ပညာပေးဟောပြောမှု | | ဆေးဆိုင်/တွင်းယာဆိုင်များ စစ်ဆေး/ပညာပေးဆောင်ရွက်မှု | | |
|---|---|---|---|---|---|---|
| | | အကြိမ် | အင်အား | အကြိမ် | ဆေးဆိုင် အရေအတွက် | တွင်းယာဆိုင် အရေအတွက် |
| ၁ | နေပြည်တော် | ၃၅ | ၂,၃၅၃ | ၁၃၅ | ၂၄၆ | ၁၀၂ |
| ၂ | ကချင် | ၂၄ | ၈၁၄ | ၇ | ၂၄ | ၃၀ |
| ၃ | ကယား | ၁၃၄ | ၄,၀၇၇ | ၉၈ | ၂၇ | ၇၁ |
| ၄ | ကရင် | ၇၆ | ၁၆,၆၃၅ | ၁၂၅ | ၉၂ | ၉၅ |
| ၅ | ချင်း | ၁၁၀ | ၂,၉၅၀ | ၇၀ | ၃၀၀ | ၂၀၀ |
| ၆ | စစ်ကိုင်း | ၄၉၃ | ၃၃,၈၉၆ | ၄၅၈ | ၇၀၂ | ၁,၈၄၀ |
| ၇ | တနင်္သာရီ | ၄၆ | ၃,၈၃၀ | ၃၆ | ၃၂ | ၂၂ |
| ၈ | ပဲခူး | ၂၄ | ၇၅၉ | ၁,၇၂၆ | ၉၁၆ | ၁,၂၀၀ |
| ၉ | မကွေး | ၇၁၀ | ၂၉,၅၅၀ | ၈၂၇ | ၄၀၈ | ၄၁၉ |
| ၁၀ | မန္တလေး | ၄၃၀ | ၁၈,၈၂၂ | ၂၀၈ | ၂၅၁ | ၂၄၇ |
| ၁၁ | မွန် | ၁၁၃ | ၆,၄၁၅ | ၄၅ | ၇၂ | ၇၂ |
| ၁၂ | ရခိုင် | ၅၀ | ၄,၅၀၀ | ၄၅၄ | ၅၁၀ | ၃၁၅ |
| ၁၃ | ရန်ကုန် | ၄၃၀ | ၁၅,၇၈၅ | ၉၀ | ၁၃၀ | ၁၃၆ |
| ၁၄ | ရှမ်း | ၈ | ၅၃၉ | ၁ | ၁ | - |
| ၁၅ | ဧရာဝတီ | ၈၀၃ | ၂၃,၈၁၅ | ၄၀၂ | ၄၈၇ | ၈၄၇ |
| | စုစုပေါင်း | ၃,၄၈၆ | ၁၆၄,၇၄၀ | ၄,၆၈၂ | ၄,၁၉၈ | ၅,၉၉၆ |

၃။ ယင်းသို့ ကြိုတင်ကာကွယ်မှုများ ဖမ်းဆီးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့သဖြင့် ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း သင်္ကြန်နှင့်ပတ်သက်သော မှုခင်းများ လျော့နည်းဖြစ်ပွားခဲ့ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၄-၂၀၁၇ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၀ - MRTV Travelogue
- ၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၁၅ - သဘာဝနှင့် ကိုက်ညီအောင်နေထိုင်ခြင်း
- ၁၀း၃၀ - အမှောင်ထုထဲကမြန်မာ့ရတနာ
- ၁၀း၄၀ - အမျိုးနှင့်မျိုး
- ၁၀း၅၅ - ချိုကွဲ့ရွာမှ ကယားတို့ရဲ့ရိုးရာစလေ့
- ၁၁း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၄း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (အပိုင်း-၁၇)+ (အပိုင်း-၁၈)

**ညပိုင်း**

- ၁၆း၂၀ - ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၁၆း၃၅ - သူငယ်ချင်းသုံးယောက် ရှိလေသည်
- ၁၇း၁၀ - နွေရာသီနှင့်ခရမ်းလွန်ရောင်ခြည်
- ၁၇း၃၅ - Weekly Sport Info
- ၁၈း၂၀ - အနာဂတ်နေ့ရက်များ
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆိုသည်မှာ** (အပိုင်း-၄၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ (မြန်မာ့သနပ်ခါး)
- \- ဆေးရောင်စုံရုပ်ရှင် **သုံးသုံးလီချစ်** (ဇာတ်သိမ်းပိုင်း) (ရန်အောင်၊ ဒွေး၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်၊ လှအဥ္စလီတင့်) (ဒါရိုက်တာ-မောင်နန္ဒ)

# စစ်တွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးထောင်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

စစ်တွေမြို့နယ် အင်ပါရီကျေးရွာရှိ နေအိမ်မှ ငွေကျပ် သိန်း ၉၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သုံးထောင်ကျော်ကို ယမန်နေ့ ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် ညနေပိုင်းက စစ်တွေမြို့နယ်အတွင်းရှိ အင်ပါရီကျေးရွာနေ မဇူဘေ ဒါဘေဂေါင် (၂၂ နှစ်) ၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ တန်ဖိုးငွေကျပ် ၉၆၆၀၀၀၀ ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၂၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

သို့ပါ၍ ဖမ်းဆီးရမိသူအား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



စစ်တွေမြို့ အင်ပါရီ ကျေးရွာနေ မဇူဘေ ဒါဘေဂေါင်၏ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၂၀ တွေ့ရှိ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ

# ရေမြောင်းတူးဖော်ရာမှ လက်နက်ငယ်ကျည်မျိုးစုံတွေ့ရှိ

**မြောင်းမြ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၅)ရပ်ကွက် ဦးဘချိုလမ်းနှင့် အောင်ဆန်းလမ်းမကြီးကြားရှိ အရှည် ပေ ၃၅၀၊ အနက် လေးပေ၊အကျယ်လေးပေရှိ ပင်မရေနုတ်မြောင်းအား မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းလုပ်သား(၁) ဦးကြည်မှင်ကြီးကြပ်သည့်အဖွဲ့မှ မေ ၁၉ ရက်က ရေမြောင်းတူးဖော်ရာတွင် ပါဝင်သူ ချစ်ပိုက အမျိုးအမည်မသိ ကျည်လေးမျိုး ၉၆ တောင့်အား တွေ့ရှိခဲ့သည်။

ဦးကြည်မှင်က မြောင်းမြမြို့မရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားရာ မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ပြီး ကျည်အမျိုးအစားများကို ခွဲခြားနိုင်ရန်အတွက် နယ်မြေခံတပ်သို့ ဆက်သွယ်အကြောင်းကြားပြီး အပ်နှံခဲ့ကြောင်း သိရသည်။

**ဇော်မင်းလွင်(မြောင်းမြ)**



# သဝန်ချောင်းကျေးရွာတွင် ဖြစ်ပွားခဲ့သော ဓားပြမှုနှင့်ပတ်သက်သည့် မသင်္ကာသူခုနစ်ဦးကို ဖမ်းဆီး

**နေပြည်တော် မေ ၂၀**

မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာတွင် မေ ၁၇ ရက်က ဖြစ်ပွားခဲ့သော ဓားပြမှုနှင့် ပတ်သက်သည့် မသင်္ကာသူ ခုနစ်ဦးအား ယမန်နေ့ ညနေပိုင်းက ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာအတွင်းသို့ မေ ၁၇ ရက်က အဒူရာဟိန်ဟု ယူဆရသူ အပါအဝင် လူလေးဦးပါ ဓားပြအဖွဲ့ဝင်ရောက်ခဲ့ပြီး ၎င်းအဖွဲ့၏ သေနတ်ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် ညနေ ၄ နာရီခန့်က မောင်တောမြို့နယ် အင်းဒင်အနောက်ရွာ (ခ) ထုန်ဆင်းကျေးရွာသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး မသင်္ကာသူများဖြစ်ကြသည့် နိုရိုဆလမ် (၂၄ နှစ်)၊ ဆီရာဆူ (၁၅ နှစ်)၊ ရော်ဖီအူလာ (၁၃ နှစ်)၊ ရော်ဘီ (၂၇ နှစ်)၊ မာမောက်အီစွပ် (၄၅ နှစ်)၊ ခိုက်ရိုဆလင် (၂၀ နှစ်) နှင့် နိုရိုလာမိန် (၂၆ နှစ်)တို့အား ဖမ်းဆီးထိန်းသိမ်း၍ တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပဏာမစစ်ဆေးလျက်ရှိကြောင်းနိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၅ စီး၊ သွင်းကုန် ၁၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ငါးစီး ၊ သွင်းကုန် ၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၉ ရက်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးစဉ် Myanmar National Airline ဖြင့် ဗန်ကောက်မှ မန္တလေးသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် “ Parrot ” Bebop 2 Drone (1) Set ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ဝ ဒသမ ၄ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် “ Parrot ” Bebop 2 Drone (1)Set**

# မိုင်းနင်းမိ၍ တစ်ဦးသေဆုံး၊ ဒဏ်ရာရရှိသူနှစ်ဦး ဗန်းမော်ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိ

**ဗန်းမော် မေ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ ပြင်ဦးလွင်ရပ်ကွက်နေ ဒေါ်အလေးမီး (၄၀ နှစ်)နှင့် သမီးသုံးဦးဖြစ်သည့် မဂျာဆိုင်းပန်(၂၂ နှစ်) စစ်ကိုင်းပညာရေး တက္ကသိုလ်(စတုတ္ထနှစ်)၊ မဂျီးပန် (၁၅ နှစ်) တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူ၊ မထုတောင် ရှစ်နှစ် တတိယတန်း ဖြေဆိုထားသူတို့သည် မေ ၁၉ ရက် ညနေ ၅ နာရီခန့်တွင် ပြင်ဦးလွင်ရပ်ကွက်၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာရှိ တောင်ယာခင်း၌ နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး မထုတောင်သည် အခင်းဖြစ်ပွားရာနေရာ၌ မိုင်းစထိမှန် ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး မဂျာဆိုင်းပန်သည် ဝဲဘက်ရင်အုံ၊ ဘယ်ပေါင်၊ ယာခြေသလုံးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများနှင့် မဂျီးပန်မှာ ဝဲဘက်ခါး၊ ဝဲပေါင်၊ ဝဲလက်မောင်းတို့၌ မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်အလေးမီးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။



မိုင်းစထိမှန်ဒဏ်ရာရရှိသူ မဂျာဆိုင်းပန်နှင့် မဂျီးပန်တို့ နှစ်ဦးသည် ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိပြီး ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သက်ထွန်းနှင့် အဖွဲ့က လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်မိုးလွင်နှင့် ဒုတိယဗိုလ်မှူးကြီး အောင်ဖြိုးလွင်နှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေး၍ **(ဝဲပုံ)** ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်၌ မော်တော်ယာဉ်တိမ်းမှောက် သံဃာတော်တစ်ပါးပျံလွန်တော်မူ

**မိုးညှင်း မေ ၂၀**

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံရဲစခန်းပိုင်နယ်မြေတွင် မော်တော်ယာဉ်တစ်စီး မေ ၁၉ ရက်က အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် **(အောက်ပုံ)** သံဃာတော်တစ်ပါး ပျံလွန်တော်မူပြီး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် ၁ နာရီခွဲက အင်းတော်ကြီးဒေသ ဘီလူး-အုန်းဆံဆိုင်-နန့်မွန်း ကားလမ်း ကပ်ကျော်တောင်ပေါ်၌ တည်ထားဆဲဖြစ်သော စေတီတော်ဌာပနာပိတ်ပွဲမှ နန့်မွန်းကျေးရွာသို့ ယာဉ်မောင်း လောဟူ (၆၅ နှစ်) သိုက်ကုန်းရပ်ကွက် နန့်မွန်းကျေးရွာ မိုးညှင်းမြို့နယ်နေသူ မောင်းနှင်သည့်ယာဉ်သည် တောင်ပေါ်မှ အဆင်း အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် သံဃာတော်တစ်ပါးဖြစ်သည့် ဦးကိန္ဒ (၄၂ နှစ်) (၁၆)ဝါ ဘုရားကြီးကျောင်း နန့်မွန်းကျောင်းတိုက်နေသူမှာ ဒဏ်ရာများဖြင့် နေရာ၌ ပျံလွန်တော်မူခဲ့ပြီး ယာဉ်မောင်း လောဟူပါ ၁၀ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့၍ နန့်မွန်းပါရမီလူမှုကူညီရေးမော်တော်ယာဉ်ဖြင့် မိုးညှင်း ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံးတုံနယ်မြေရဲစခန်းက ယာဉ်မောင်းဖြစ်သူကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ညောင်လေးပင်မြို့အထွက် အာလောကွေ့၌ ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်



**ညောင်လေးပင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့အထွက် အာလောကွေ့၌ မေ ၂၀ ရက် နံနက် ၅ နာရီခွဲခန့်က ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၉၆/၂) နှင့် (၉၆/၃)အကြား အာလောကွေ့၌ မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း သိန်းသန်းဝင်း(၂၅ နှစ်) ဝမ်းတွင်းမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် လပြည့် (၂၅ နှစ်) ဝမ်းတွင်းမြို့နေသူ လိုက်ပါ၍ အောင်ပန်းထွက် ပန်းဂေါ်ဖီများ ရန်ကုန်သို့ တင်ဆောင်လာသည့် ယာဉ်အမှတ် 4K/ ---- ဟီးနိုး ၁၂ ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ **(ဝဲပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ယာဉ်မောင်းဖြစ်သူကို ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# လိုင်စင်မဲ့ ယစ်မျိုးပစ္စည်းများ သိမ်းဆည်းရမိ

**မြစ်ကြီးနား မေ ၂၀**

မြစ်ကြီးနားမြို့နယ် ယစ်မျိုးဖမ်းဆီးရေး (Task Force)အဖွဲ့သည် မေ ၁၉ ရက်က မြို့နယ်အတွင်း ယစ်မျိုးသက်ဝင်ပစ္စည်း ရောင်းချမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးသည့် စီတာပူရပ်ကွက် နယ်မြေ(၁)၌ 74- Convenience Store (24-HOUR) အမည်ဖြင့် ဖွင့်လှစ်ထားသော ကုန်စုံဆိုင်၌ ယစ်မျိုးလိုင်စင်မရှိဘဲ တရားမဝင်ရောင်းချနေသည့် အရက်နှင့်ဘီယာမျိုးစုံ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၆၆ ၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ယစ်မျိုးလိုင်စင်မရှိဘဲ ယစ်မျိုးသက်ဝင်ပစ္စည်းများ ရောင်းချသူ ဦးမျိုးအောင်လီ (၃၁ နှစ်)ကို မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဘုရားဖူးမှန်လုံယာဉ် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှကုန်တင်ယာဉ်ကို ဝင်တိုက်

**သထုံ မေ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် ကြာပန်းကျေးရွာတိုးဂိတ်အနီး၌ မေ ၂၀ ရက် နံနက် ၁၁ နာရီခွဲခန့်က ဘုရားဖူးခရီးသည်များ လိုက်ပါလာသည့် မှန်လုံယာဉ်တစ်စီးသည် ရှေ့မှသွားနေသည့် ၂၂ ဘီးကုန်တင်ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိကာ ယာဉ်မောင်းဖြစ်သူ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သထုံ-ဘားအံကားလမ်း မိုင်တိုင်အမှတ် ၆/၀ နှင့် ၆/၁ အကြား ကြာပန်းကျေးရွာ တိုးဂိတ်အနီး၌ သထုံဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း ထွန်းထွန်းဝင်း(ခ)တင်မောင် (၃၈ နှစ်) မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် (ဂ)ရပ်ကွက်နေသူ မောင်းနှင်သည့် ယာဉ်အမှတ် 8J/---- ဘုရားဖူး မှန်လုံယာဉ်သည် ယင်းယာဉ်၏ရှေ့မှ ၂၂ ဘီး ကုန်တင်ယာဉ်က မောင်းနှင်ရာမှ အရှိန်လျှော့လိုက်သဖြင့် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ယာဉ်တိုက်မှုကြောင့် မှန်လုံယာဉ်မောင်း ထွန်းထွန်းဝင်း (ခ)တင်မောင်အား သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**



# တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ ရွှေဘိုမြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်က သတင်းအရ ရတနာသိမ်တံတားမောင်းတံဂိတ်၌ စစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ စစ်ဆေးရှာဖွေရာ ရွှေဘိုမှ မန္တလေးဘက်သို့ အောင်မြေသာစံ မြို့နယ် နေ ဦးစိန်ကြီး(ခ)မြင့်ဝင်း မောင်းနှင်ပြီး အင်းတော်မြို့နယ် နံ့ရုံရွာနေ မြင့်ငွေ လိုက်ပါလာသည့် 1H/---- ဟွန်ဒိုင်း ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ ထည့်ထားသော ပီနံအိတ် ၁၇ အိတ် အလေးချိန် ၅၁၀ ကီလိုဂရမ်ခန့် အား တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းတို့နှစ်ဦးအား ကျောက်မြောင်း နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)**

**ကိုရဲ**



# ကော့သောင်း၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက်က ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ကော့သောင်း ဟိုတယ် အခန်းအမှတ်(၁၀၂) တွင် ချမ်းငြိမ်းအောင်(ခ)ရှိန်သည် မူးယစ်ဆေးဝါးများနှင့်အတူ တည်းခိုနေထိုင်လျက်ရှိကြောင်း သတင်းအရ ရှာဖွေရန်သွားရောက်စဉ် ချမ်းငြိမ်းအောင်မှာ ဟိုတယ်ပထမအထပ်မှ ဆင်းလာ၍ ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော ဘူးထဲမှ အိုက်စ် ၁၀၀ ဂရမ်နှင့် ၎င်းတည်းခိုနေထိုင်သည့် အခန်းအမှတ်(၁၀၂)အား ရှာဖွေရာ အခန်း၌ အတူနေထိုင်သူ ရဲရင့်နိုင်(ခ)ကိုချစ်မှာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားခဲ့သည်။

ယင်းနောက် အိပ်ရာပေါ်မှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် အိုက်စ် ၂၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ပြားနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၁၉ ရက်က စစ်တွေနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့ ဥယျာဉ်သာကျေးရွာအုပ်စု၊ အင်ပါရီကျေးရွာနေ မဇူဘေဒါဘေဂေါင်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၂၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ချမ်းငြိမ်းအောင်(ခ)ရှိန် ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# ဘဏ်ငွေထုတ်ပြန်လာသူ၏ ဆိုင်ကယ်နှင့်ငွေ ခိုးယူသူ နှစ်ဦးဖမ်းမိ၊ တစ်ဦးလွတ်မြောက်

**ပုသိမ် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မှုခင်းများ လျော့နည်းပပျောက်ရေးအတွက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့်၏ ကြီးကြပ်မှုဖြင့် တိုင်း၊ ခရိုင်၊ မြို့နယ် မြို့မနယ်မြေရဲတပ်ဖွဲ့ဝင်များ နေ့ညမပြတ် ပြည်သူ့လုံခြုံရေးလှည့်ကင်းတာဝန်ယူဆောင်ရွက်နေစဉ် မေ ၁၈ ရက် ညနေ ၃ နာရီခန့်က ပုသိမ်မြို့ ကမ်းနားလမ်းနေ ဦးမင်းအောင်သည် ကမ်းနားလမ်းရှိ ကမ္ဘောဇဘဏ်ခွဲမှ ငွေကျပ် ၁၆ သိန်း ထုတ်ယူပြီး ၎င်းဆိုင်ကယ်ထိုင်ခုံထဲထည့်ကာ နေအိမ်သို့ ပြန်လာစဉ် အမှတ်(၁)နယ်မြေ ကမ်းနားလမ်းရှိ ငွေလမင်းဆားစက်ရုံရှေ့ အရောက်တွင် ဆိုင်ကယ်ခေတ္တရပ်နားကာ စက်ပိုင်နှင့် ၁၅ မိနစ်ခန့် စကားပြောပြီး ဆိုင်ကယ်ရပ်နားထားရာသို့ ပြန်လာစဉ် ဆိုင်ကယ်ပျောက်ဆုံးနေပြီး ဆိုင်ကယ်အတွင်း ထားရှိသော ငွေကျပ် ၁၆ သိန်းလည်း ပါရှိသွားသဖြင့် ပုသိမ်မြို့မရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။



ပုသိမ်မြို့ ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းကြည်နှင့် တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်ရာ ည ၈ နာရီခွဲတွင် ရပ်ကွက်(၈)မဟာဗောဓိလမ်းနေ အောင်မြင့်မြတ်(၂၀ နှစ်)၊ အမှတ်(၂)ရပ်ကွက် ထန်းတစ်ပင်ကွက်သစ်နေ ငြိမ်းချမ်းအောင်(၂၀ နှစ်)တို့ကို ဖမ်းဆီးရမိပြီး **(ဓါတ်ပုံ)** ၎င်းတို့၏ နေအိမ်ဗီရိုထဲမှ ခိုးယူခဲ့သော ငွေကျပ် ၁၁ သိန်းနှင့် ထွက်ပြေးလွတ်မြောက်သွားသူ ဝေဖြိုးအောင်(၂၈ နှစ်)၏ နေအိမ်ဗီရိုထဲမှ ငွေကျပ် လေးသိန်း သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ခိုးယူခဲ့သော ဆိုင်ကယ်ကို ပုသိမ်တက္ကသိုလ် လမ်းချိုးပုတ်ထဲ၌ ဝှက် ထားသည်ကို သိမ်းဆည်းနိုင်ခဲ့သည်။ ယခင်ကျူးလွန်ခဲ့ဖူးသော လုယက်ခိုးယူမှုများနှင့် ထွက်ပြေးသူကို ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

# ဥက္ကံကြိုးဝိုင်းမှ တရားမဝင်သစ် တန် ၄၀ ကျော် ဖမ်းဆီးရမိ

**တိုက်ကြီး မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဥက္ကံကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ် တန် ၄၀ ကျော်ကို မေ ၁၅ ရက်မှ ၁၈ ရက်အတွင်း ရှာဖွေဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ဦးဆောင်သော တိုက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်သက်၊ မှော်ဘီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းရွှေ၊ သစ်တောဝန်ထမ်းများနှင့် သစ်တောရဲများပါဝင်သော ပူးပေါင်းအဖွဲ့သည် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်း အကွက်အမှတ် ၆၁၊ ၇၆၊ ၆၈၊ ၆၉ များမှ တရားမဝင်သစ် တန် ၄၀ ကျော် ရှာဖွေဖမ်းဆီးရမိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ချောင်းကမ်းနံဘေး သဲကျင်းတူးရာမှ မြေပိ၍ ကလေးငယ်တစ်ဦးသေဆုံး

**တောင်ငူ မေ ၂၀** - ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကွမ်းပင်ကျေးရွာအုပ်စု ထုံးဘိုကြီးကျေးရွာ အနောက်ဘက်ရှိ ချောင်းကမ်းနံဘေး၌ မေ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က သဲကျင်းတူးရာမှ မြေကြီးများပြိုကျသဖြင့် ကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ တောင်ငူအမှတ်(၃)နယ်မြေ ရဲစခန်းမှ ဒုရဲအုပ် အောင်မျိုးလွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ပြီး သေဆုံးသူမှာ မိုးစက်ထူး(၁၂ နှစ်)ထုံးဘိုကြီးကျေးရွာနေသူဖြစ်ပြီး မိုးစက်ထူးသည် အစ်မဖြစ်သူ မနော်ဖောရာဘော (၁၉ နှစ်)နှင့် အတူ ချောင်းကမ်းဘေး၌ သဲကျင်းတူးနေစဉ် ပြိုကျပိမိကာ သေဆုံးခဲ့သဖြင့် တောင်ငူအမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အရှိန်မထိန်းနိုင်သည့်ယာဉ် တိုက်မိသဖြင့် တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနီ-ကင်းရွာသွားလမ်း၌ မေ ၁၈ ရက် ည ၇ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါလမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ အထက်ကင်းကျေးရွာနေ ကျော်ဝင်းဌေး မောင်းနှင်လာသော 3D/---- ဆာဖ့် ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်နှင့် အနီးတွင်ရပ်နေသည့် ကင်းကျေးရွာနေ မပန်ဆုကျော်(၅) နှစ်၊ တစ်ရွာတည်းနေ ဦးကျော်ဝင်းစိုး(၃၅ နှစ်)တို့ကို တိုက်မိခဲ့ရာ မပန်ဆုကျော်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးကျော်ဝင်းစိုးနှင့် ကျော်ဝင်းဌေးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မောင်း ကျော်ဝင်းဌေးကို ကနီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကျောချောင်းပြင် ယာခင်းစောင့်တဲအနီး၌ လူသတ်မှုတစ်ခုဖြစ်ပွား


**ပေါက် မေ ၂၀**

ပေါက်မြို့မြောက်ဘက် တစ်မိုင်ခန့်အကွာ ကျောချောင်းပြင်၌ မေ ၁၉ ရက် ညနေပိုင်းက ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နေ မဇင်မာဦးသည် ယာခင်းစောင့်တဲဘေး၌ လဲကျသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူ မဇင်မာဦး (၃၀ နှစ်)သည် မေ ၁၉ ရက် နံနက်ပိုင်းက ကျောချောင်းဘေးရှိ ဦးမောင်ခင်ဆွေ ကြက်သွန်စိုက်ခင်းသို့ ကြက်သွန် အငှားနုတ်ရန်သွားသဖြင့် ဖခင်ဖြစ်သူက မွန်းတည့် ၁၂ နာရီခန့်တွင် ထမင်းချိုင့်ပို့ပြီးပြန်လာခဲ့ရာ သမီးဖြစ်သူသည် ယာခင်းစောင့်တဲ၌ တစ်ယောက်တည်းကျန်ခဲ့ပြီး သေဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါက်မြို့စခန်းမှူး ဒုရဲအုပ်စောကြိုင်နှင့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ အရိုး ငါးလက်မခန့်၊ ဖြက် တစ်လက်မခန့်ရှိ တံစဉ်တစ်ချောင်း၌ သွေးများပေနေ၍ လည်ပင်းထိုးသွင်း ဒဏ်ရာ သုံးချက်၊ ဝမ်းဗိုက်ညာဘက်ဘေး ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေကြောင်းနှင့် ပေါက်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



သေဆုံးသူအားတွေ့ရသော အခင်းဖြစ်ပွားသည့်တဲ


## မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)၏ ရှေ့လုပ်ငန်းစဉ်များ အကြံပြုဆွေးနွေးပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)က ကြီးမှူး၍ အသင်းနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များ၏ ရှေ့လုပ်ငန်းစဉ်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များ တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆွေးနွေးပွဲကျင်းပမည့်နေရာ - Western Park Royal ကန်တော်ကြီး၊ ရန်ကုန်မြို့။
ကျင်းပမည့်အချိန် - ၂၃-၄-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီ

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)


ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဖားကန့်ကျောက်စိမ်းမှော်နယ်မြေက လုံးခင်းတံတားအိုကြီးရဲ့ရင်ဖွင့်သံ

**နိုင်မိုး(လုံးခင်း)၊ ဓာတ်ပုံ-ကိုနိုင်**



ဖားကန့်ရတနာမှော်နယ်မြေကို ရောက်ပြီဆိုတာနှင့်လုံးခင်းဆိုတဲ့ ရွာလေးကို အရင်ဦးဆုံးမြင်တွေ့ရမှာဖြစ်ပါတယ်။

လုံးခင်းရွာကိုမဝင်ခင် ဥရုချောင်းကိုဖြတ်ကာ ဆောက်ထားတဲ့ လုံးခင်းတံတားကို မဖြစ်မနေဖြတ်သွားရမှာဖြစ်ပြီး လုံးခင်းဆိုတဲ့ ရှမ်းရွာလေးကို ရောက်ရှိမှာပါ။ လုံးခင်းမှတစ်ဆင့်ရှေ့ဆက်သွားရင် ကမ္ဘာကျော်ဖားကန့်ဆိုတဲ့ မြို့ကြီးကိုရောက်ရှိမှာ ဖြစ်ပါတယ်။

ဒီလုံးခင်းတံတားကြီးကို အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော် ရှိပြီလို့သိရပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲနှစ်ပေါင်းများစွာကြာမြင့်နေပါစေ၊ သူ့တာဝန်သူကျေအောင် ယနေ့အချိန်ထိ ထမ်းဆောင်နေဆဲပါ။

ယခုနှစ်ပိုင်းအတွင်း လုံးခင်းရွာထိပ်မှာ တံတားသစ်ကြီး တစ်စင်းဆောက်လုပ်လိုက်လို့ သူအနားယူရပြီလို့ ထင်ခဲ့ပေမယ့် တစ်ဖက်ကမ်းမှာရှိတဲ့ ကျောက်စိမ်းရုံးဝန်ထမ်းတွေ၊ ကျောင်းသားကျောင်းသူတွေ၊ ငြိမ်းချမ်းသာယာရပ်ကွက်၊ မလန်းကျေးရွာ၊ လန်းဆန်းသာယာ၊ ပြည့်ဖြိုးသာယာစတဲ့ရွာငယ်လေးမှ ရွာသူရွာသားများအတွက်နဲ့ မှော်သွား/မှော်ပြန်ရေမဆေးကျောက်တူးသမားများအတွက် ဆက်လက်တာဝန်ထမ်းဆောင်နေရဆဲပါ။

တစ်ရက် လုံးခင်းတံတားကြီးပေါ်ကို ကျွန်တော်ဖြတ်သွားလိုက်တဲ့အချိန်မှာ တံတားအိုကြီးရဲ့ညည်းတွားသံကို ကျွန်တော်ကြားလိုက်ရတယ်။

### ညည်းတွားသံ

ဒီမှော်နယ်မြေမှာ သွားလာလှုပ်ရှားနေကြတဲ့ လူတွေ၊ ကားကြီး/ကားငယ်တွေစတဲ့ အရာအားလုံးဟာ ငါ့ရဲ့ကျောပေါ်ကိုနင်းပြီးသွားခဲ့ကြတာဆိုရင် အတော့်ကိုကြာခဲ့ပါပြီ။ မှော်ထဲရောက်တဲ့လူမှန်သမျှ ငါ့ကျောပေါ်မလျှောက်ဖူးတဲ့ လူမရှိဘူး။

လူတွေကငါအသက်ကြီးလို့ ဂရုမစိုက်တာထင်ပါရဲ့၊ မရိုသေတဲ့အပြင် ငါ့ကျောပေါ်ကို မညှာမတာနင်းပေးကြတယ်။ ၁၂ ဘီးကားကြီးတွေပေါ် ဆီပီပါအပြည့်တင်ပြီး ဖြတ်သွားကြတာရှိသလို တချို့ဆို ကားကြီးပေါ်ရေမကျောက်စိမ်းတုံးကြီးတွေတင်ပြီး ဖြတ်သွားကြတယ်။ ငါလေမနည်းတောင့်ခံထားရတယ်။ အော်...သူအသက်ကြီးပြီ။ ဝိတ်နည်းနည်းလျှော့ဦးမှလို့ မရှိဘူး။ လေးလွန်းလို့ငါ့ရဲ့ခါးတွေတောင်နာလာပြီ။

တစ်ခါတလေဆို ငါ့ရဲ့ခါးတွေ ကျိုးသွားမလား အောက်မေ့ရတယ်။ ဒါပေမယ့် ငါမပြောရက်ခဲ့ပါဘူး။ ငါ့ရှိတဲ့အားနဲ့ ငါ့တာဝန်ကျေအောင် ထမ်းဆောင်ပေးခဲ့တယ်။ ငါအသက်အရွယ်ကောင်းတဲ့အချိန်ကဆိုရင် ဘယ်လောက်လေးလေး ငါမပြောခဲ့ဘူး။ အခုအသက်တွေက ကြီးပြီလေ။ ငယ်ငယ်ကလို ခံနိုင်ရည်မရှိတော့ဘူး။ ငါအဓိက အားထားရတဲ့ရေလယ်ကပင်မထောက်တိုင်ကလည်း မကောင်းတော့ဘူး။ သံတိုင်တွေကလည်း ဆွေးမြည့်ကုန်ပြီ။ ကြမ်းခင်းတွေကလည်း ကားကြီးတွေနင်းလို့ ကျိုးပဲ့ကုန်ပြီ။ တစ်ခါတလေ ကျောင်းသူ/ကျောင်းသားတွေ ကျောင်းသွားကျောင်းပြန်နေကြတဲ့အခါ ကြမ်းပေါက်ထဲကျမှာ စိုးရိမ်နေမိတယ်။ မိုးတွင်းရောက်ပြီဆိုလျှင် ရေကြီးလို့ မျောလာတဲ့ သစ်တုံးတွေ၊ အမှိုက်တွေတိုင်တွေမှာ ကပ်ငြိလို့ ငါ့မှာ မနည်းတောင့်ခံထားရတယ်။ ရေကလည်း မှော်ပေါင်းစုံကတောင်ကျရေတွေဆိုတော့ ရေစီးကလည်းကြမ်းတယ်မဟုတ်လား။

### ငါ့ကျောပေါ်ကရတနာများ

တစ်ဖက်ကမ်းမှာလည်း ကျောက်စိမ်းရုံကရှိတော့ မှော်ပေါင်းစုံကထွက်တဲ့ ကျောက်တွေမှန်သမျှ နေ့စဉ်လိုလို ငါ့ရဲ့ကျောကုန်းပေါ်ကနေ ဖြတ်သွားနေကြတယ်။

ဒေါ်လာမြောက်မြားစွာတန်တဲ့ ကျောက်တွေဆိုရင် ငါ့ကျောပေါ်ကဖြတ်သွားကြတာ အလုံးပေါင်းမရေတွက်နိုင်တော့ဘူး။ ကုမ္ပဏီကထွက်တဲ့ ကျောက်မှန်သမျှအားလုံးနိုင်ငံတော်ကို ရောက်သလား/မရောက်သလားမသိဘူး။ ငါကတော့ အမြဲမြင်တွေ့နေရတယ်။ ဒါပေမယ့် မြင်သမျှကိုလည်း မပြောရဲဘူး။ ငါ့ကို အသစ်မပြုပြင်ပေးတဲ့အပြင် ရိုက်ချိုးခံရမှာကြောက်နေရတယ်။

တစ်ခါတလေဆိုတစ်တုံးလုံးအရည်ကျောက်တွေ၊ တချို့ဆိုကြိုးပတ်၊ တချို့ဆို သေးသေးလေးတွေနဲ့ ဒေါ်လာမြောက်မြားစွာတန်တဲ့ ကျောက်တွေ နေ့ခင်းကြောင်တောင်တစ်မျိုး၊ ညညတွေမှာ တိုးတိုးတိတ်တိတ်တစ်ဖုံ ငါ့ကျောပေါ်က ဖြတ်သွားကြတယ်။ အဲဒီထဲကမှ တစ်တုံးလောက်ရောင်းလိုက်ရင် ငါ့လိုတံတား မပြောနဲ့၊ စစ်ကိုင်းတံတားလို တံတားကြီး ၁၀ စင်းလောက် ဆောက်လို့ရတယ်။

တချို့အဲဒီကျောက်တွေ ရောင်းပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်စတဲ့ မြို့ကြီးတွေမှာ ဟိုတယ်၊ မိုတယ်လို ဇိမ်ခံတိုက်ကြီးတွေ ဆောက်ပြီးနေနေကြတယ်။ ငါ့ကိုအသစ်ဆောက်ဖို့ နေနေသာသာ ပြုပြင်ပေးဖို့တောင် သတိမရကြဘူး။ ငါ့မှာဖြင့် မင်းတို့ကျောက်တွေနဲ့ ဖြတ်သွားဖြတ်လာလုပ်ခဲ့တဲ့ ဒဏ်ရာတွေကြောင့် ငါ့ခါးတွေလည်းနာလှပြီ။ ကုသပေးဖို့နေနေသာသာ လိမ်းဆေးလေးတောင် မပေးကြဘူး။ တကယ်ဆို ဖားကန့်နယ်မြေမှာ ကုမ္ပဏီတွေ၊ တရားဝင်ရော၊ တရားမဝင်ရော၊ အကျိုးတူတာရော၊ မတူတာရော ထောင်ချီရှိတယ်။ ဒီနယ်မြေကနေ ကြီးပွားသွားကြတာတွေလည်း မနည်းပါဘူး။

အဲ့ဒီကြီးပွားသွားကြတဲ့ ကုမ္ပဏီလောပန်းတွေဟာ ဖားကန့်နယ်မြေကို စတက်လာတုန်းက ကုမ္ပဏီလုပ်မယ်ဆိုပြီး ငွေအထုပ်အထည်နဲ့ ယူမလာကြပါဘူး။ ပလိုင်းနောက်လွယ် တစ်လုံးထဲ ဆန်တစ်ပြည်၊ နှစ်ပြည်ထည့်ပြီး တက်လာကြတဲ့သူတွေပါ။ နေရင်းနေရင်း ကျောက်ရလို့ ကုမ္ပဏီလုပ်ဖြစ်သွားရာကစပြီး လောပန်းကြီးတွေ ဖြစ်သွားကြတာပါ။ တကယ်ဆို ဒီနယ်မြေဟာ သူတို့ရဲ့ ဘူမိနက်သန်ကျေးဇူးရှင်နယ်မြေပါ။ ကျေးဇူးပြန်ဆပ်သင့်ပါတယ်။ ဖားကန့်မှာရှိတဲ့ ဘယ်လောပန်းမဆို ကိုယ့်စီးပွားစဖြစ်တဲ့ ဒီနယ်မြေကို ဘယ်လိုနေရာက ကျေးဇူးပြန်ဆပ်ရမလဲဆိုတာ စဉ်းစားသင့်ပါတယ်။

### တံတားဆောက်ပြီး ကျေးဇူးဆပ်ခြင်း

အဲဒီကုမ္ပဏီတွေထဲမှာမှ ရှားရှားပါးပါး ကျောက်စိမ်းတောင်ကုမ္ပဏီက လောပန်းကြီးဦးစိန်ဝင်း-ဒေါ်ခင်ဝင်းကြည် မိသားစုက ဖားကန့်မြို့လယ်ကောင်တည့်တည့်ဥရုချောင်းပေါ်မှာ ဥရုရတနာကျောက်စိမ်းတောင်တံတားဆိုပြီး အလှူရှင်တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းသွားခဲ့တယ်။ အဲဒီတံတားကြီးရဲ့ စုစုပေါင်းကုန်ကျငွေဟာဆိုရင် ပြည်တွင်းငွေ ၄၂၇၄ ဒသမ ၇၉ သန်း၊ ပြည်ပငွေယူရို ၇၇၂၇၀၇ တို့ဖြစ်ပါတယ်။

ဒီလိုများပြားတဲ့ ငွေတွေကို တော်တန်ရုံ စေတနာနဲ့ ဘယ်သူလှူနိုင်မလဲ။ ကုမ္ပဏီတွေ အများကြီးထဲက တကယ့်ရှားပါးကုမ္ပဏီတစ်ခုပါ။ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ သူတို့ မိသားစုရဲ့ကျေးဇူးဆပ်ခြင်းက တကယ့်အံ့မခန်းပါ။

### ဘာသာရေးနဲ့ ကျေးဇူးဆပ်ခြင်း

နောက်ဘာသာရေးနဲ့ ပတ်သက်ပြီး ကျေးဇူးပြန်ဆပ်သူ တစ်ဦးကတော့ လုံးခင်းကျေးရွာက ဦးခင်မောင်ဝင်း-ဒေါ်မီးမီး မိသားစုပါ။ သူကသာမန်ကျောက်တူးသမားဘဝကနေ ကံတရားရဲ့အကျိုးပေးကြောင့် ဒီနယ်မြေကထွက်တဲ့ ကျောက်တွေနဲ့ အဆင်ပြေပြီး ဘုရားကျောင်းဒါယကာကြီးဖြစ်ခဲ့တယ်။ သူကျေးဇူးဆပ်တဲ့နေရာက လုံးခင်းကျေးရွာ လယ်ပြင်၊ ဖန်ခါးဆောင်တောရကျောင်း သာသနာ့နယ်မြေမှာ စေတီတော်၊ ရေသိမ်နှစ်ထပ်ဓမ္မာရုံကြီးစတဲ့ ဘာသာရေးအဆောက်အအုံတွေကို တစ်ဦးတည်းဒါယကာအဖြစ် ငွေကျပ်သိန်းပေါင်း ငါးသောင်းခန့်အကုန်အကျခံပြီး လှူဒါန်းခဲ့ပါတယ်။ ဒါလည်း တကယ့် အံ့မခန်း အလှူရှင်တစ်ဦးပါ။

### စာသင်ကျောင်းဆောက်၍ ကျေးဇူးဆပ်ခြင်း

နောက်မှော်နယ်မြေက ကလေးတွေအတွက် စာသင်ကျောင်းဆောက်ပြီး လှူဒါန်းသူကတော့ မှော်စီစာကျေးရွာက လောပန်းကြီးဦးကျော်နိုင်-ဒေါ်ရီရီမြင့်(ကျော်နိုင်နှင့်ညီများ) ကုမ္ပဏီပါ။ (ကျော်နိုင်နှင့်ညီများ) ကုမ္ပဏီအနေနဲ့ မှော်စီစာ အထက(ခွဲ)ကျောင်းမှာ သိန်းပေါင်း ၁၆၀၀ ကျော် တန်ဖိုးရှိတဲ့နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကိုလည်း တစ်ဦးတည်းဒါယကာအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ တကယ့်ကို အံ့မခန်းပါပဲ။ ဒီလိုဆောက်လုပ်လှူဒါန်းဖို့ဆိုတာ ရင်ထဲက တော်ရုံစေတနာမရှိဘဲ ဆောက်လို့မရပါဘူး။ ဒါလည်း ကျေးဇူးဆပ်ခြင်း တစ်မျိုးပါ။

ကျေးဇူးဆပ်တယ်ဆိုတဲ့နေရာမှာ စေတီဘုရားကျောင်းကန်ဆောက်လို့ပဲဖြစ်ဖြစ်၊ လမ်းတံတားဆောက်လို့ပဲဖြစ်စေ၊ စာသင်ကျောင်း ဆောက်လို့ပဲဖြစ်စေ၊ ဘယ်လိုပဲ လှူလှူ ကိုယ့်ဘဝရဲ့ အဆင်ပြေရာ ကျေးဇူးရှင်နယ်မြေကို ပြန်ပြီးကျေးဇူးဆပ်တာ ဖြစ်တဲ့အတွက် ကျေးဇူးသိတတ်သူလို့ဆိုရမှာပဲဖြစ်ပါတယ်။ သူတို့လို ကျေးဇူးသိတတ်တဲ့ ကုမ္ပဏီတွေများများပေါ်ပေါက်ပါစေလို့လည်း ဆုတောင်းမိပါတယ်။

### မှော်ထဲက ပထမဦးဆုံးတံတား

ဟိုတုန်းကဆိုရင် မှော်နယ်မြေမှာ တံတားဆိုလို့ ငါတစ်စင်းပဲရှိတယ်။ မှော်ထဲစဝင်ပြီဆိုကတည်းက ငါ့အပေါ်မဖြတ်ဘဲနဲ့ ဘယ်ကိုမှသွားလို့မရဘူး။ ခုတော့လုံးခင်းရွာထိပ်မှာ တံတားသစ်တစ်စင်း ပြန်ဆောက်လိုက်တော့ ငါနည်းနည်းသက်သာခဲ့တယ်။ ကျောင်းသားကျောင်းသူတွေ အန္တရာယ်ကင်းကင်းသွားရတော့ ပိုကောင်းတာပေါ့။ အဲဒီတံတားကြီးဖွင့်ပွဲတုန်းကဆို ငါ့မှာ အိုကြီးအိုမနဲ့ ရှက်လိုက်တာ ဝမ်းလည်းနည်းမိတယ်။ ဘာကြောင့်လဲဆိုတော့ ငါ့နေရာမှာ တံတားအသစ်ဆောက်ပေးမယ့် အလှူရှင်မရှိသေးလို့ပေါ့။ ငါ့ကိုအသစ် ပြန်ဆောက်ပေးမယ့် ကုမ္ပဏီ တစ်ခုခုပေါ်လာရင်တော့ ငါ့အတိုင်းမသိ ဝမ်းသာမိမှာပါ။

### အသက်ကြီးလို့ အနားယူချင်ပြီ

ငါ့မှာလည်း အသက်ကြီးလာပြီဆိုတော့ အနားယူချင်လှပြီ။ ရွာထိပ်ကတံတားကြီးဆောက်လို့ ငါနားရတော့မယ်လို့ အောက်မေ့မိခဲ့တယ်။ တကယ်တမ်းကျ မနားရသေးဘူး။ လွန်ခဲ့တဲ့နှစ်လောက်က ငါ့နားမှာ တိုက်ပွဲတွေ ဖြစ်ကြတယ်။ ဘယ်ဘက်က ပစ်သလဲတော့မသိဘူး။ ငါ့ကိုကျည်ဆန်ထိမှန်ခဲ့တယ်။ ဒါပေမယ့် ငါအားမငယ်ပါဘူး။ ရရှိခဲ့တဲ့ ဒဏ်ရာနဲ့ ကြိုးစားပြီး ထမ်းဆောင်ခဲ့တယ်။

ငါအသက်ကြီးပြီဆိုတော့ ငါဘယ်လောက်ပဲပြောပြော ဂရုမစိုက်ကြဘူး။ နည်းနည်းပါးပါး ပြုပြင်ပေးတာကလွဲလို့ ဘာမှ မလုပ်ပေးကြဘူး။ နောက်ဆုံးငါ့ရဲ့မျှော်လင့်ချက်က ဖားကန့်မြို့ စာသင်ကျောင်း၊လမ်းတံတားများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ကျေးဇူးဆပ်ချင်တဲ့၊ ကျေးဇူးသိတတ်တဲ့ လူများကို မျှော်လင့်ရင်းရှိတဲ့အင်အားလေးနဲ့ တာဝန်ထမ်းဆောင်နေဆဲပါ။

**လုံးခင်းတံတားအိုကြီးကို**
**အသစ်ပြန်လည်ဆောက်ပေးမည့်**
**ကုမ္ပဏီအမြန်ပေါ်ပေါက်ပါစေလို့ ဆုတောင်းလျက်**



## ရမည်းသင်းမြို့နယ်အတွင်း၌ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်

**ရမည်းသင်း ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သင်္ကြန်ရက်များအတွင်းက ရွာသွန်းခဲ့သောမိုးကြောင့် တောင်သူများသည် လယ်ယာလုပ်ငန်းခွင်စတင်ဝင်ရောက်ကြပြီဟု သိရသည်။

ထိုသို့ လယ်ယာလုပ်ငန်းခွင်စတင်ဝင်ရောက်ရာတွင် လယ်ယာမြေများ၌ ထယ်ထိုးခြင်း၊ ထယ်ရေးပြန်ခြင်းတို့ကို ဆောင်ရွက်ကြသည်ဟု သိရသည်။ ယင်းသို့လုပ်ငန်းများဆောင်ရွက်ရန်အတွက် ထွန်တစ်ရှဉ်းငှားပါက အရပ်ဒေသအလိုက် ဈေးနှုန်းကွာဟချက်ရှိပြီး ငွေကျပ် ၅၀၀၀မှ ငွေကျပ် ၇၀၀၀ ဝန်းကျင်ပေးရကြောင်း၊ နေ့စားအလုပ်သမားငှားလျှင်စရိတ်ငြိမ်း တစ်နေကုန်ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၄၀၀၀ ဝန်းကျင်ပေးရကြောင်း တချို့လယ်ယာမြေများတွင် စက်များငှား၍ ထွန်ကြကြောင်း သိရသည်။

“ခုနှစ်သင်္ကြန်မှာရွာတဲ့မိုးက သီးနှံစိုက်ပျိုးနိုင်လောက်တဲ့အနေအထားရွာတယ်။ စိုက်ရက်စောအောင် တချို့လည်းလူငှား၊ စက်ငှားပြီးအလုပ်လုပ်ကြတယ်။ ဒီအနေအထားဆိုရင် မိုးဦးသီးနှံစောရနိုင်တယ်” ဟု ထနောင်ကုန်းအုပ်စုပေါ်သွယ်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ ယခုအခါ မြို့နယ်အတွင်းရှိ လယ်ယာမြေများတွင် မိုးဦးသီးနှံစိုက်ပျိုးရန် ထွန်ယက်ကြပြီဖြစ်ကာ စိုက်ပျိုးရန် အစိုဓာတ်ရရှိမှုမြေအနေအထားအပေါ်မူတည်၍ ပဲတီစိမ်းကိုသာ အများဆုံးစိုက်ပျိုးကြမည်ဟု သိရပြီး တချို့တောင်သူများမှာ နောက်ပိုင်းတွင် ရာသီဥတုအနေအထားအရ ဧရှတ်ကိုစိုက်ပျိုးကြမည်ဟု သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၆၅)

# တိုင်ချက်နှင့် ဥပဒေ

ဦးဟန်ညွန့် (ဥပဒေ)






**တိုင်ချက်လက်မခံ**

"ရဲစခန်းတချို့က တိုင်ချက်သွားဖွင့်ရင် လက်မခံဘူးဆရာ။ ဘာကြောင့်လဲ။ အကျိုးအပြစ်တွေ ရှင်းပြပေးပါ။ စီရင်ထုံးနဲ့ ရဲလက်စွဲတွေပါ အကိုးအကားနဲ့ ရေးပေးပါ" ဟု မိတ်ဆွေတစ်ဦးက မေတ္တာရပ်ခံသည်။ ထို့ကြောင့် ကျွန်တော့် ဥပဒေအတွေးများ ပေါ်လာပါသည်။ ဤသို့ဖြစ်ပါသည်။

**တိုင်ချက်ဆိုတာ ဘာလဲ**

ရဲလက်စွဲအပိုဒ် ၁၄၁၄ နှင့်အညီ ရဲအရေးပိုင်သည့် ပြစ်မှုကျူးလွန်ခြင်း သတင်းရေးမှတ်ချက်သည် တိုင်ချက်ဖြစ်ပါသည်။

ရာဇဝတ်ကျင့်ထုံး (C-R-P-C) ပုဒ်မ ၁၅၄ နှင့်အညီ ရဲအရေးပိုင်ခွင့်ရှိသော အမှုများတွင် သတင်းပေးခြင်းလည်း တိုင်ချက်ဖြစ်ပါသည်။ ရာဇဝတ်ကျင့်ထုံး၊ အပိုင်း(၅)၊ အခန်း(၁၄)တွင် ဖော်ပြထားသော ပုဒ်မ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉ တို့သည် ရဲထံသတင်းပေးခြင်းနှင့် ရဲတို့၏ စုံစမ်းထောက်လှမ်းရန် အာဏာများဖြစ်ပေသည်။

**တိုင်ချက်ရေးဖွင့်ရန် လိုအပ်**

ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများကို တိုင်ချက်ရေးဖွင့်ရန် အမှန်လိုအပ်ပါသည်။ ရဲလက်စွဲ အပိုဒ် ၁၄၁၄ နှင့် ညီညွတ်ဖို့သာ လိုအပ်သည်။ အချို့ရဲစခန်းများက တိုင်ချက်ကို လက်မခံ။ နည်းမျိုးစုံဖြင့် ငြင်းကြသည်။ ဘာ့ကြောင့်လဲ။ အမှုတက်သော အရေအတွက်တွေများမှာ စိုးသည်။ မှုခင်းတွေ ပေါလှချည်ရဲ့ဟု အပြစ်မြင်မှာကြောက်သည်။ အပိုအလုပ်တွေ ရှုပ်တော့မှာပဲဟု ပူပန်သူက ပူပန်သည်။ ထို့ကြောင့် အကြောင်းအမျိုးမျိုး ပြကြပါသည်။ တိုင်ချက်လာဖွင့်သော ပြည်သူအချို့ နားမလည်နိုင်ဖြစ်ကြရပါသည်။ ဘာ့ကြောင့်ပါလိမ့်။

**စီရင်ထုံးဥပမာတစ်ခု**

အာဏာပေး စာချွန်တော်အမိန့် ထုတ်ဆင့်ခဲ့ရသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ထုံးတစ်ခုကို တင်ပြပါရစေ။ ဥပမာတစ်ခုပါ။

၂၀၁၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှု အမှတ် ၄၂ ဖြစ်ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

လျှောက်ထားခံရသူ အုပ်စုတစ်စုသည် လျှောက်ထားသူ၏ စိုက်ခင်းအတွင်း ကျူးကျော်ဝင်ရောက်ခဲ့သည်။ စိုက်ပျိုးသီးနှံများ၊ အရိပ်ရ အပင်များ၊ သရက်ပင်များကို ဓားဖြင့်ဝင်ရောက်ခုတ်ပိုင်းသည်။ လယ်ထွန်စက်နှစ်စီးဖြင့် ထိုးချေဖျက်ဆီးသည်။ အပင်များ ပျက်စီးဆုံးရှုံး နစ်နာသည်။ မြေအတွင်း ဥပဒေမဲ့ ဝင်ရောက်ကျူးကျော်သည်။ ဥပဒေအရ အရေးယူ ဆောင်ရွက်ပေးရန် ရဲစခန်းမှူးသို့ တိုင်ကြားသည်။ ရဲစခန်းမှူးက အမှုချက်ချင်းလက်မခံရသည့် အကြောင်းရင်းများ တင်ပြသည်။

**ဆုံးဖြတ်ချက်**

ရဲလက်စွဲအပိုဒ် ၁၄၁၄ တွင် ရဲအရေးပိုင်သော ပြစ်မှုဖြစ်ပွားကြောင်း သတင်းရရှိသည့်အခါ နှောင့်နှေးခြင်းမရှိဘဲ တိုင်ချက်ရေးဖွင့်ရန် အရေးကြီးသည်။ ရရှိသော သတင်းပေးချက်သည် "အမှုအကြောင်းကို ကိုယ်တိုင်တစ်စုံတစ်ရာ မသိသူက ပေးသော တစ်ဆင့်ကြား သတင်းဖြစ်စေ၊ အမှုအကြောင်း အနည်းငယ်မျှသာ သိသောသူ၏ သတင်းဖြစ်စေ၊ အမှု၏ အကြောင်းအပြည့်အစုံသိသူ၏ သတင်းဖြစ်စေ၊ မည်သည့်သတင်းမျိုးကိုမဆို ပြစ်မှုဆိုင်ရာကျင့်ထုံး(ရာဇဝတ်ကျင့်ထုံး)ဥပဒေပုဒ်မ ၁၅၄ တွင် ပြဋ္ဌာန်းချက်များအရ ချက်ချင်းတိုင်ချက်ရေးဖွင့်ရမည်" ဟု ဖော်ပြထားသည်။

လျှောက်ထားသူက ရဲစခန်းမှူးထံ အမှုဖွင့်အရေးယူပေးရန် တိုင်ချက်ဖွင့်သည့် အကြောင်းအရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း(၉)ပါ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဖြစ်သည့်အတွက် ရဲလက်စွဲအပိုဒ် ၁၄၁၄ နှင့်အညီ ချက်ချင်းတိုင်ချက်ရေးဖွင့်ရန်ဖြစ်သော်လည်း ဆောင်ရွက်ပေးမှု မပြုခြင်းသည် မိမိထမ်းဆောင်ရမည့် ရဲလက်စွဲပါတာဝန်ကို လိုက်နာရန် ပျက်ကွက်ခြင်းဖြစ်သည်။

> **တရားလိုကိုယ်တိုင် သိသည်ထက်ပို၍ အသေးစိတ်ပြောရန် မတိုက်တွန်းရ။ ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်ကိုပြောအောင် မည်သည့်နည်းနှင့်မျှ အတင်းမခိုင်းရ။ ဖိအားမပေးရ။ တိုင်ချက်ကိုချက်ချင်းရေးရမည်။ အမှုဖြစ်ပွားရာ အရပ်သို့ ရောက်၍ မျက်မြင်သက်သေတစ်ယောက်ကို စစ်ပြီးမှ ရေးသောတိုင်ချက်သည် ဥပဒေနှင့်မညီကြောင်း ရဲလက်စွဲပြဋ္ဌာန်းဖော်ပြချက်များအရ ထင်ရှား**

**ထပ်မံဆုံးဖြတ်ချက်**

အစိုးရဝန်ထမ်းတစ်ဦးဦးသည် မိမိဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတစ်ခုခုကို မဆောင်ရွက်သည့်အတွက် တစ်စုံတစ်ယောက်၏ ဥပဒေရေးရာ အခွင့်အရေးကို ထိခိုက်ခြင်း၊ ဆုံးရှုံးခြင်းတို့ပေါ်ပေါက်ပါက အာဏာပေး စာချွန်တော်အမိန့်ထုတ်ဆင့်၍ သတ်မှတ်ထားသော တာဝန်ကို ဆောင်ရွက်စေရန်ဖြစ်သည်။

**လျှောက်ထားမှုကို ခွင့်ပြု**

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှုကို ခွင့်ပြု၍ လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ စာဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်အပေါ် မြန်မာနိုင်ငံရဲလက်စွဲအပိုဒ် ၁၄၁၄ အရ အရေးယူဆောင်ရွက်ရန် အာဏာပေးစာချွန်တော် အမိန့်ထုတ်ဆင့်ခဲ့သည်။

**တိုင်ချက်ယူနည်း**

ရဲလက်စွဲတွင် ဖော်ပြထားသည့်အတိုင်း ရဲအရာရှိတိုင်း ပထမသတင်းပေးအစီရင်ခံချက် (F.I.R) ကို လက်ခံတတ်ပါသည်။ မင်စက္ကူခံ၍ မူရင်း၊ မူရင်းခွဲများ ရေးမှတ်လေ့ရှိသည်။ တရားလိုကိုယ်တိုင်သိသည်ထက် ပို၍အသေးစိတ်ပြောရန် မတိုက်တွန်းရ။ ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်ကို ပြောအောင် မည်သည့်နည်းနှင့်မျှ အတင်းမခိုင်းရ။ ဖိအားမပေးရ။ တိုင်ချက်ကိုချက်ချင်းရေးရမည်။ အမှုဖြစ်ပွားရာ အရပ်သို့ရောက်၍ မျက်မြင်သက်သေတစ်ယောက်ကို စစ်ပြီးမှ ရေးသောတိုင်ချက်သည် ဥပဒေနှင့်မညီကြောင်း ရဲလက်စွဲပြဋ္ဌာန်းဖော်ပြချက်များအရ ထင်ရှားသည်။

**အသေးစိတ်ဖော်ပြလေ့မရှိ**

တိုင်ချက် (F.I.R) သည် အမှု၏ အချက်အလက်အားလုံး အသေးစိတ်ဖော်ပြလေ့မရှိ။ တိုင်ချက်ကိုရေးသောရဲသည် (သက်သေအား တရားရုံး၌ စစ်ဆေးသည့်နည်းအတိုင်း) သတင်းပေးသူကို စစ်ဆေးနိုင်သည်မဟုတ်။ တိုင်ချက်ကို ချက်ချင်းမရေးသေးဘဲ တိုင်သူ၏နောက်သို့ ချက်ချင်းလိုက်၊ စုံစမ်း၊ ပြန်လာ၊ တိုင်ချက်ရေးရခြင်းမှာ ဥပဒေနှင့်မညီ။ အတွေ့အကြုံများ၍ ဥပဒေအသိကြွယ်ဝပြီးဖြစ်သော ရဲအရာရှိကြီးများ၏ အတွေ့အကြုံ၊ သင်ခန်းစာများ လက်ဆင့်ကမ်းအမွေ ရစေချင်ပါသည်။

**ဆင့်ပွားအဆင့်မြင့်သင်တန်းများ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အဆင့်ဆင့်သော တပ်ဖွဲ့ဝင်များအား အဆင့်မြှင့်တင်ပေးနေသည်။ ဆင့်ပွားသင်တန်းပို့ချပေးသည်။ ပြည်တွင်းပြည်ပ ပညာရှင်များ၏ လက်တွေ့ပို့ချမှုများ ရယူသည်။ တရားသူကြီး၊ ဥပဒေအရာရှိ(အငြိမ်းစား) များ၏ ဥပဒေအတွေ့အကြုံများ လေ့လာသင်ယူသည်။ ရဲအရာရှိ (ငြိမ်း)များ၏ အသိဗဟုသုတဝေငှစေသည်။

**အမေရိကန်ရဲအရာရှိတစ်ဦး**

ဝါရင့်အမေရိကန်ရဲအရာရှိဟောင်းတစ်ဦးဖြစ်ပြီး ရဲတပ်ဖွဲ့တွင်ကင်းလှည့်သည့် အလုပ်မှ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းအထိတာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့ဖူးသူ၊ Community Collage တွင် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး ဘာသာရပ်(၁၀) နှစ်ကြာ သင်ကြားပို့ချခဲ့ဖူးသော နည်းပြဆရာ Larry R.Frerkes ရေးသားသည့် Becoming a Police Officerကို ပြည်ထဲရေးဝန်ကြီးဌာန၊ စာတမ်းပြုစုရေးနှင့် ဘာသာပြန်အဖွဲ့(၂၀၀၂)က ရဲအရာရှိတစ်ဦးဖြစ်လာရေး ခေါင်းစဉ်ဖြင့် စာတစ်အုပ်ထုတ်ဝေခဲ့ဖူးသည်။ အမေရိကန်နှင့် မြန်မာထပ်တူ မတူညီနိုင်သော်လည်း ဗဟုသုတသင်ခန်းစာ လေ့လာနိုင်ခဲ့သည်။

**ယနေ့**

ယနေ့ဆိုလျှင် ပို၍ ပို၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဘက်စုံစွမ်းအားမြှင့်ကာ အကောင်းအဆိုး ထိုနှစ်မျိုးမှ ကောင်းသထက်ကောင်းအောင်၊ ပြည်သူနှင့်အတူ ချီတက်နေပြီဟု မျှော်လင့်သည်။ ချို့ယွင်းအားနည်းချက်များကို ပြင်ဆင်ကြမည်။ ဝေဖန်သုံးသပ်ကြမည်။ ရိုးသား၊ နိုးကြား ကြမည်။ ဘက်စုံလေ့လာ၊သင်ယူ၊ ဆည်းပူးကြမည်။

**စေတနာ**

(၁)တရားဥပဒေစိုးမိုးရေး အလေးပေးနေချိန်-

(၂)ပြည်သူနှင့်အတူ ရှေ့သို့ ချီတက်နေချိန်-

(၃)ရဲလက်စွဲ၊ ကျင့်ထုံး၊ ဥပဒေများ တိတိကျကျ၊ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ရေး ပို၍၊ ပို၍ အလေးပေးကြစို့-ဟု စေတနာအပြည့်အဝဖြင့် တွေးမိသော ကျွန်တော်၏ ဥပဒေအတွေးမျှသာပါ ...။ ။

## (၁၈)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာရွတ်ဆိုပူဇော်ပွဲကျင်းပ

**မိုးညှင်း မေ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်တွင် မေပြီလတတိယပတ်က (၁၈)ကြိမ်မြောက် အသံမစဲအဘိဓမ္မာရွတ်ဖတ်ပူဇော်ပွဲ စတင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် အရှေ့ကျောင်းပရိယတ္တိ ဆရာတော် ဘဒ္ဒန္တဦးဇယန္တက အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် တော်မူကြပြီး မြို့နယ်အတွင်းရှိ ဒါယကာ၊ ဒါယိကာမများက ရှစ်ပါးသီလခံယူကာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အဘိဓမ္မာရွတ်ဆိုပူဇော်ပွဲသို့ နှစ်ဆန်း ၁ ရက်မှ ၁၀ ရက်အထိ မိုးညှင်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်အပါး ၁၀၀ ကျော်တို့က တစ်ပါးလျှင်နာရီဝက်စီ အလှည့်ကျရွတ်ဆိုပူဇော်ကြမည်ဖြစ်သည်။

အသံမစဲ အဘိဓမ္မာရွတ်ဆိုပွဲ ၁၁ ရက်မြောက်နေ့တွင် ရွတ်ဆိုပူဇော်ပွဲသို့ ကြွရောက်ကြသည့် ဆရာတော် သံဃာတော်များက မြို့တွင်းသို့ လှည့်လည်၍ ဆွမ်းဆန်စိမ်းများ အလှူခံကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နမ့်မန်း-ခုံငင်း ချောင်းကူးတံတားပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သီပေါ မေ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် နမ့်မန်း-ခုံငင်း ချောင်းကူးသစ်သားတံတား ဆောက်လုပ်ပြီးစီးမှုများကို ခရိုင် ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများသည် မေ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားမှာ အရှည်ပေ ၁၆၀ရှိပြီး ငွေကျပ်သန်း ၁၆၀ ကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မတ်လ ၂၀၁၇ ခုနှစ်၏ တိုက်ကြီးငလျင်

လှလှအောင်(မြန်မာနိုင်ငံငလျင်ကော်မတီ)

၂၀၁၁ ခုနှစ် တာလေငလျင်များ စ၍လှုပ်ခဲ့သည်တွင် တိုက်ကြီးငလျင်သည် ၂၀၁၇ ခုနှစ် ငလျင်ဖြစ်သည်။ တိုက်ကြီးမြို့၏ အရှေ့မြောက်ဘက် ၇ မိုင်၊ သာယာဝတီမြို့၏ အရှေ့တောင်ဘက် ၁၉မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၂၅၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၉ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ငလျင်အင်အားပမာဏ ၅ ဒသမ ၁ (USGS) အင်အားအတော်အတန်ရှိ ငလျင်လှုပ်ခတ်သွားကြောင်းကို အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ကြေညာသည်။ ဇန်နဝါရီ ၂၅ရက် ၂၀၀၆ ခုနှစ်ကလည်း တိုက်ကြီးမြို့ကို ငလျင် အင်အား ပမာဏ ၄ ဒသမ ၄ ဖြင့် လှုပ်ခါစေခဲ့ဖူးသည်။

ဘုရားပုထိုးစေတီအချို့ ပျက်စီးမှုရှိခဲ့ဖူးသည်။ မတ်လ ၂၀၁၇ ခုနှစ်၏ ငလျင်ဖြစ်သော တိုက်ကြီးငလျင်ကြောင့် ပဲခူးရိုးမ အနောက်တစ်ကြောဖြစ်သော တိုက်ကြီးမြို့၊သာယာဝတီ၊ မှော်ဘီ၊ ရန်ကုန်အစရှိသော ရန်ကုန်ပြည်လမ်းတစ်လျှောက် ပတ်ဝန်းကျင်အား သိသိသာသာ ခံစားစေခဲ့ရသည်ဟု သိရသည်။ စာရေးသူကိုယ်တိုင် တိုက်ကြီးမြို့သို့ကွင်းဆင်း လေ့လာမှုများအရ အပျက်အစီးများကို လေ့လာကြည့်ရာ တိုက်ကြီးမြို့၌ အများဆုံးဖြစ်နေသည်ကိုတွေ့ရသည်။ အထူးသဖြင့် ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်အချို့ ပျက်စီးခဲ့ရသည်။ လူအသေအပျောက်တော့မရှိပေ။ မြေပေါ်ပျက်စီးမှုဖြစ်စေသောအက်ကြောင်းကြီးများ၊ သံရည်ပန်းထွက်မှုများ မဖြစ်ပေါ်ခဲ့ပေ။ တိုက်ကြီးမြို့ ရှမ်းကျောင်းဝင်းအတွင်းရှိ ဘုရားတွင်မှု စေတီလုံးတော်ကိုရစ်ပတ်၍ အက်နေသည်ကိုထင်ရှားစွာ တွေ့မြင်ရသည်။

ထိုကျောင်းကြီးပေါ်တွင် စာအုပ်ဗီရိုလဲကျခြင်း၊ ချိတ်ထားသောဓာတ်ပုံ အနေအထားပြောင်းသွားခြင်း၊ ဘုရားရုပ်တုအချို့ မူလနေရာမှ ရွေ့နေခြင်းများကို တွေ့ရှိရသည်။ ကျောင်းဝင်း အုတ်နံရံပြိုကျခြင်းများလည်းရှိသည်။ ငလျင်လှုပ်ခါမှု ခံစားရသူများစွာအနက် အချို့သောသူများထံမှ သိရှိရသည်မှာ ပထမဦးစွာမိုးခြိမ်းသံကဲ့သို့ အသံကျယ်လောင်စွာ ကြားရပြီးပြီးချင်း အထက်သို့ဆောင့်တက်သွားပြီး ဝေ့ဝိုက်ကာဖြင့် တစ်ဖန်တောင်မြောက်ဘေးတိုက်ခါယမ်းတော့သည်ဟု ဆိုသည်။

လှုပ်ခါချိန် စက္ကန့် ၃၀ ကြာမြင့်သည်ဟု သိရသည်။ မတ်တတ်ရပ်နေ၍မရကြောင်း ဆိုင်ကယ်စီး၍မရကြောင်း ပြောပြသည်။ ယခင်ကငလျင်လှုပ်ခတ်ခဲ့ဖူးသော်လည်း ယခု လှုပ်ခါပုံမျိုးမကြုံဖူးကြောင်းလည်း တာဝန်ရှိသူများက ပြောပြကြသည်။

**ဘူမိအနေအထားဖြင့် တိုက်ကြီးမြို့၏ အရှေ့ဘက်တွင်မြောက်အရပ်ကို တူရူတန်း၍ အနောက်ဘက်ယွန်းနေသော ပြတ်ရွေ့များလည်းရှိသည်။ မိုင် ၄၀၀ ကျော်ရှိပဲခူးရိုးမ၏ အနေအထားမျိုးစုံပင် ဖြစ်သည်။ ဧရာဝတီမြစ်ကြီးနှင့် ပဲခူးရိုးမ တောင်တန်းကြီးအတွင်း ကြားနယ်မြေတစ်လျှောက်ရှိ မြို့များစွာထဲမှ တိုက်ကြီးမြို့ကိုမှ လှုပ်ခါစေခဲ့သည်။**



တိုက်ကြီးမြို့အနီး လှုပ်ခတ်ခဲ့သောငလျင်ကြောင့် အဆောက်အအုံများ ပျက်စီးမှုကိုတွေ့ရစဉ် ဓာတ်ပုံ - ဇော်ကြီး

အိုမင်းသောနေအိမ်တချို့အတော်ပျက်စီးသွားသည်။ ငလျင်ဒဏ်၏ပမာဏ၊ ငလျင်၏ အနက် ( တိမ်သည်) ဒေသ၏အောက်ခံမြေသားအရ ခြုံငုံ၍ရှင်းလင်းပြရမည်ဆိုလျှင် သာယာဝတီ၊ တိုက်ကြီး၊ မှော်ဘီအစရှိသည့် ပဲခူးရိုးမတောင်ကြော၏ အနောက်ဘက်ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်တစ်ကြောသည် အောက်ခံကျောက်သားအနေဖြင့် အများအားဖြင့်သဲကျောက်၊ ယေ့လကျောက်များဖြစ်ကြပြီး အပေါ်ယံမြေသားအနေဖြင့် ပဲခူးရိုးမမှစီးဆင်းလာသောမြစ်၊ ချောင်းများ၏ ပို့ချထားသော နုန်းမြေများဖုံးအုပ်နေသည်။ သဲကျောက်၊ ယေ့လကျောက်များကို တိုက်ကြီးမြို့၏ အရှေ့ဘက်တောင်တန်းတွင် တွေ့ရှိနိုင်သော်လည်း သာယာဝတီ၊ အုတ်ကန်၊ တိုက်ကြီးတစ်လျှောက်မှာမူမြစ်ချောင်းပို့ချမှု မြေသားအများစု တွေ့ရသည်။ ဘူမိအနေအထားဖြင့် တိုက်ကြီးမြို့၏ အရှေ့ဘက်တွင်မြောက်အရပ်ကို တူရူတန်း၍အနောက်ဘက်ယွန်းနေသော ပြတ်ရွေ့များလည်းရှိသည်။ မိုင် ၄၀၀ ကျော်ရှိ ပဲခူးရိုးမ၏ အနေအထားမျိုးစုံပင်ဖြစ်သည်။ ဧရာဝတီမြစ်ကြီးနှင့် ပဲခူးရိုးမတောင်တန်းကြီးအတွင်း ကြားနယ်မြေတစ်လျှောက်ရှိ မြို့များစွာထဲမှ တိုက်ကြီးမြို့ကိုမှ လှုပ်ခါစေခဲ့သည်။မြို့၏ အရှေ့မြောက်ဘက် ၇ မိုင်အကွာတစ်လျှောက်တွင် တိုက်ကြီးငလျင်ကို လှုပ်စေသောပြတ်ရွေ့ကဲ့သို့သော မြောက်အရပ်သို့တူရူတန်းနေသည်။ အစီအရီထပ်၍ထပ်၍ အပြိုင်ရှိနေကြသည်။ ၂၀၁၆ ခုနှစ်က လှုပ်ခဲ့သောငွေးချိုပြတ်ရွေ့၊ ၂၀၀၃ ခုနှစ်တောင်တွင်းကြီး ငလျင်ကိုလှုပ်စေသောပြတ်ရွေ့၊ ၂၀၁၄ ခုနှစ် သရက်၊ အောင်လံငလျင်များသည် ကုန်းတွင်းငလျင်များဖြစ်ကြသည်။ ငလျင်လှုပ်ရခြင်းအကြောင်းရင်းကို သိရှိစေရန်အဆိုပါအပျက်အစီးများကို ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးပြန်လည်တည်ဆောက်ကြည့်ရှုခြင်းမှသာ သိရှိနိုင်ပေသည်။

ငလျင်လှုပ်ပြီဆို၍ ထိုငလျင်လှုပ်စေသောပြတ်ရွေ့၏ သဘာဝငလျင်ဗဟိုတည်နေရာအစရှိသောများစွာသော ငလျင်နှင့်ပတ်သက်သော အချက်အလက်များကို သေချာစုဆောင်းရသည်။ မြေပြင်နိမ့်မြင့်ပြမြေပုံ (Topomap)၊ ကောင်းကင်ဓာတ်ပုံ (aerialphoto)၊ ဂြိုဟ်တုပုံရိပ် (Satellite imagery)မှလည်း စူးစမ်းရယူပြည့်စုံမှ မြေပြင်ကွင်းဆင်းအချက်အလက်များနှင့် ပူးတွဲသုတေသနပြုရသည်။ တိကျသော အဖြေမှန်ရရှိဖို့ အလွန်အရေးကြီးပါသည်။ ကိုယ်တွေ့ခံစားနေရသူများ၏ ပြောကြားချက်များနှင့် ငလျင်အပျက်အစီးများ လေ့လာကြည့်ရာမှ သိရှိရသည်မှာ-

(၁) ရှမ်းကြီးကျောင်းဝင်းထဲရှိဘုရား၏ လုံးတော်ကိုပတ်၍ အရစ်လိုက်အက်သွားပုံသည် ငလျင်လှိုင်း၏မြေအောက်မှ ဆောင့်တွန်းလိုက်၍ မြင့်တက်ပြီးပြန်ကျလာသဖြင့် ထိုသို့သောပုံစံဖြင့်အက်ရာပေါ်လာခြင်း။

(၂) လူတို့ခံစားချက်ဖြစ်သော တောင်မြောက်ဘေးတိုက်ခါယမ်းမှုသည်လည်း မြေအောက်မှလာသော ငလျင်လှိုင်းကြောင့်ဖြစ်ခြင်း။

(၃) အဆောက်အအုံများထဲမှ ပစ္စည်းများပြိုကျပုံသည်လည်း တောင်မြောက်ဘေးတိုက်ခါယမ်းမှုကြောင့် ဖြစ်ရခြင်း။

(၄) လူတို့ခံစားရသည့်ဝေ့ဝိုက်(တစ်ချက်ဝေ့သည်ဟူသော ကိုယ်တွေ့ခံစားချက်ခံစားရမှု)ကလည်း မျက်နှာပြင်တွင် ပြေးသောငလျင်လှိုင်းကြောင့်ဖြစ်ရခြင်း။

(၅) ငလျင်ဗဟိုအနက်တိမ်လျှင် ငလျင်လှိုင်းပြေးသံတို့ ကြားရခြင်းစသည်ဖြင့် ကောက်ချက်ချမိပါသည်။


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၀၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

# မန်ယူ၊ လီဗာပူးနဲ့ ချယ်လ်ဆီးအသင်းတို့ ရမှတ်အပြည့် ရယူသွားနိုင်ဖို့ သေချာနေတဲ့ ပရီမီယာလိဂ်ပွဲစဉ်

— ဝေမိုးဆက် —



ပရီမီယာလိဂ်ပွဲစဉ် (၃၄) ကို လာမယ့် ဧပြီလ ၂၂ရက်၊ ၂၃ရက်၊ ၂၆ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အာဆင်နယ်နဲ့ ဆန်းဒါးလန်း၊ မန်စီးတီးနဲ့ဝက်စ်ဘရွန်း၊ လက်စတာစီးတီးနဲ့ စပါးတို့ရဲ့ပွဲစဉ်တွေကိုတော့ အက်ဖ်အေဖလားပွဲစဉ်ကြောင့် လာမယ့် မေလ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှသာ ကစားသွားမှာဖြစ်တယ်။ ဒါကြောင့် အခုလအတွင်းကစားမယ့် ပွဲစဉ် ၃၄ မှာ အသင်းကြီးတွေရဲ့ ပွဲတွေအနေနဲ့ မန်ယူ၊ လီဗာပူးနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲတွေသာရှိတယ်။ မန်ယူ၊ လီဗာပူးနဲ့ချယ်လ်ဆီးတို့ဟာ ခြေစွမ်းပိုင်းအားနည်းမှုရှိတဲ့အသင်းတွေသာ ရင်ဆိုင်ရမှာဖြစ်တာမို့ နိုင်ပွဲကိုယ်စီရရှိသွားဖို့ သေချာနေတယ်။

## ဘုန်းမောက် VS မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ပကျော့ | မစ်ဒယ်ဘရော့ | ၂ | ၀ | ဘုန်းမောက် |

ဘုန်းမောက်အသင်းဟာ ပရီမီယာလိဂ် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲမရခဲ့ပေမယ့် အိမ်ကွင်းမှာ ချယ်လ်ဆီးလိုအသင်းမျိုးကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တယ်။ မစ်ဒယ်ဘရော့အသင်းကလည်း နောက်ပိုင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ မဆိုးတာမို့ ဘုန်းမောက်အသင်းကို အခက်တွေ့စေမှာပါ။ နှစ်သင်းစလုံးရဲ့တိုက်စစ်တွေက အားနည်းမှုရှိနေတာကြောင့် ဂိုးနည်းနည်းနဲ့ သရေကျသွားဖို့ များတယ်။

## ဟားလ် VS ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်ဖို့ဒ် | ၁ | ၀ | ဟားလ် |

ဟားလ်စီးတီးက နောက်ဆုံးအိမ်ကွင်းပွဲ နှစ်ပွဲမှာ ဝက်စ်ဟမ်း၊ မစ်ဒယ်ဘရော့တို့ကို အနိုင်ယူနိုင်ခဲ့တယ်ဆိုပေမယ့် လက်ရှိအချိန်မှာ တိုက်စစ်နဲ့ ခံစစ်ပိုင်းအားနည်းမှု ရှိနေတယ်။ ဝက်ဖို့ဒ်အသင်းက အဝေးကွင်းမှာ တိုက်စစ်ပိုင်း အားနည်းမှုရှိပေမယ့် အသင်းလိုက်ကစားပုံ မာကျောမှုရှိတဲ့အသင်းမို့ ဟားလ်စီးတီးကို အခက်တွေ့စေမှာပါ။ အိမ်ရှင်ဟားလ်စီးတီးအသင်း တစ်ဂိုးအသာနဲ့သာ အနိုင်ရသွားဖို့များတဲ့ပွဲပါ။

## ဆွမ်ဆီး VS စတုတ်

| | | | | |
|---|---|---|---|---|
| ပကျော့ | စတုတ် | ၃ | ၁ | ဆွမ်ဆီး |

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ ဆွမ်ဆီးအသင်းက နောက်ဆုံးသုံးပွဲဆက် ရှုံးပွဲကြုံခဲ့ရပေမယ့် အသင်းလိုက်စုစည်းမှုမဆိုးသလို အိမ်ကွင်းအားလည်းရှိနေတာကြောင့် စတုတ်ကို အကောင်းဆုံး ဖိအားပေးနိုင်မှာဖြစ်ပေမယ့် တိုက်စစ်က ဂိုးသွင်းခြေပျောက်ဆုံးနေတယ်။ စတုတ်ကနိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ပေမယ့် အဝေးကွင်းမှာတော့ တိုက်စစ်ပိုင်းအားနည်းမှုရှိနေတယ်။ စတုတ်အသင်း ကပ်ပြီးနိုင်သွားနိုင်တယ်။

## ဝက်စ်ဟမ်း VS အဲဗာတန်

| | | | | |
|---|---|---|---|---|
| ပကျော့ | အဲဗာတန် | ၂ | ၀ | ဝက်စ်ဟမ်း |

ဝက်စ်ဟမ်းအသင်းဟာ အကောင်းဆုံး ခြေစွမ်းပုံစံရဖို့ ရုန်းကန်နေရပြီး နောက်ဆုံးအိမ်ကွင်းပွဲမှာ တန်းဆင်းဇုန်ထဲက ဆွမ်ဆီးကို အနိုင်ယူနိုင်ဖို့ ခက်ခက်ခဲခဲရုန်းကန်ခဲ့ရတယ်။ ဝက်စ်ဟမ်းရဲ့တိုက်စစ်ကစားအားဟာ သာမန်သာ ရှိတယ်။ အဲဗာတန်က ကစားပုံမာကျောမှုရှိသလို နောက်ဆုံးအဝေးကွင်းပွဲမှာ မန်ယူကို သရေကစားနိုင်ခဲ့ပြီး ဂိုးသွင်းခြေလည်း ရနေတယ်။ အဲဗာတန်အသင်းသာ အနိုင်ရသွားမယ့်ပွဲပါ။

## ချယ်လ်ဆီး VS ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆောက်သမ်တန် | ၀ | ၂ | ချယ်လ်ဆီး |

နောက်ပိုင်းပွဲတွေမှာ ချယ်လ်ဆီးရဲ့အသင်းလိုက် ခြေစွမ်းပိုင်းနဲ့ တိုက်စစ်ပိုင်း စွမ်းဆောင် ရည်အနည်းငယ် ကျဆင်းလာတယ်။ ဒီပွဲမတိုင်ခင် ချယ်လ်ဆီးက စပါးနဲ့ အက်ဖ်အေဖလားပွဲ ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ ဆောက်သမ်တန်အသင်းက နောက်ဆုံးပွဲမှာ မန်စီးတီးကို သုံးဂိုးပြတ် အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အသင်းလိုက်ကစားပုံ မာကျောမှုရှိတယ်။ ချယ်လ်ဆီးအသင်း အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ခဲနိုင်တယ်။

## လီဗာပူး VS ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ပဲလေ့စ် | ၂ | ၄ | လီဗာပူး |

ခြေစွမ်းပိုင်း ကောင်းမွန်နေသလို အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရရှိဖို့ အားစိုက်လာမယ့် လီဗာပူးရဲ့ ကစားအားကို ပဲလေ့စ်အသင်း ပွဲချိန်ပြည့် တောင့်ခံနိုင်ဖို့ခက်တယ်။ လီဗာပူးရဲ့ တိုက်စစ်နဲ့ ခံစစ်ကလည်း စွမ်းဆောင်ရည် ကောင်းမွန်မှုရှိတယ်။ ပဲလေ့စ်က အာဆင်နယ်လိုအသင်းကို အံ့အားသင့်ဖွယ် ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အဝေးကွင်းမှာတော့ ဒီလိုစွမ်းဆောင်နိုင်ဖို့ခက်တယ်။ လီဗာပူးသာ နိုင်ပွဲရသွားဖို့ သေချာနေတဲ့ပွဲပါ။

## ဘန်လေ VS မန်ယူ

| | | | | |
|---|---|---|---|---|
| ပကျော့ | မန်ယူ | ၀ | ၀ | ဘန်လေ |

ဘန်လေက ခြေစွမ်းအားနည်းမှုတွေ ရှိနေသလို နောက်ဆုံးအိမ်ကွင်းပွဲမှာလည်း စတုတ်အသင်းကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအရ အသာစီးရမှုမရှိခဲ့ဘူး။ မန်ယူက ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး မျှော်လင့်ချက်အတွက် အားစိုက်လာမှာဖြစ်သလို ချယ်လ်ဆီးကို အနိုင်ရထားလို့ စိတ်ဓာတ်ပိုင်းလည်း တက်ကြွနေမှာပါ။ မန်ယူသာ အနိုင်ရဖို့များတယ်။

## ချန်ပီယံအတွက် ပြိုင်ဆိုင်မှုပြင်းထန်လာမယ့် အယ်လ်ကလက်စီကို

■ သီဟ




စပိန်လာလီဂါပွဲစဉ် (၃၃)မှ ပွဲကောင်းတစ်ပွဲဖြစ်တဲ့ အယ်လ်ကလက်စီကို ဒါဘီပြိုင်ပွဲကြီးကို ဧပြီ ၂၄ ရက် တနင်္လာနေ့ နံနက် ၁နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ပရိသတ်များ အကောင်းဆုံးကလပ်နှစ်သင်း၏ ယှဉ်ပြိုင်မည့်ပွဲကို စောင့်မျှော်လျက်ရှိသည်။ ဒီနှစ်သင်းတွေ့ဆုံတဲ့ပွဲမှာ ရီးရဲဟာ ဒီရာသီအိမ်ကွင်း မာကျောတဲ့အသင်းလို့ ဆိုရပေမည်။ အိမ်ကွင်း ၁၆ ပွဲမှာ ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ ရှုံးပွဲမရှိသေးပေ။ ဒဏ်ရာစာရင်းအရ ဂါရတ်ဘေးလ်၊ ပီပီ၊ ဗာရာနီတို့ သုံးဦးသာရှိပြီး ဘာစီလိုနာနဲ့ပွဲတွင် ပါဝင်နိုင်ရန် မသေချာသေးပေ။ ရီးရဲဟာ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို စောစောစီးစီး တက်ရောက်သွားတဲ့အသင်းဖြစ်ပြီး စီရော်နယ်ဒိုက ချန်ပီယံလိဂ်သွင်းဂိုး ၁၀၀ ပြည့် စံချိန်တင်ခဲ့ပေမယ့် ဒီရာသီလာလီဂါမှာ ၁၉ ဂိုးသာသွင်းထားနိုင်ပြီး ပြိုင်ဘက်မက်ဆီမှာ ၂၉ ဂိုးသွင်းယူထားသည်။ ဘာစီလိုနာဟာ ဒီရာသီအဝေးကွင်း ၁၆ ပွဲမှာ ၁၀ ပွဲနိုင်၊ သုံးပွဲသရေနှင့် သုံးပွဲရှုံးထားတယ်။ ဘာစီတို့ရှုံးခဲ့တဲ့ သုံးပွဲစလုံးက အသင်းကြီးတွေကို မဟုတ်ဘဲ ဆယ်တာဗီဂို၊ ဒီပို့တီဗိုနဲ့ မာလာဂါတို့ဖြစ်တယ်။ ဆယ်စုနှစ်အတွင်း လာလီဂါတွင် ရီးရဲနှင့် တွေ့ဆုံမှုမှာ ဘာစီအဝေးကွင်း ရလဒ်က ကိုးပွဲမှာ ငါးပွဲနိုင်၊ သုံးပွဲရှုံးထားပြီး တစ်ပွဲသရေကျထားတယ်။ လက်ရှိအမှတ်ပေးဇယားမှာ ရီးရဲဟာ တစ်ပွဲလျော့နဲ့ ဘာစီကို သုံးမှတ်ဖြတ်ထားတယ်။ လက်ရှိခြေစွမ်းအရ ဘာစီက ကွင်းလယ်နဲ့ တိုက်စစ်ပိုင်း တောင့်တင်းပေမယ့် နောက်တန်းအားနည်းနေတာကို တွေ့ရတယ်။ ဒီပွဲမှာ အိမ်ကွင်းမာကျောတဲ့ ရီးရဲတို့ နောက်တန်းအားနည်းနေတဲ့ ဘာစီကို အခွင့်အရေးရယူနိုင်မှာပါ။

## ပရီမီယာလိဂ်ပွဲစဉ်(၃၄)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၂-၄-၁၇)** | | | |
| ည ၈း၃၀ | ဘုန်းမောက် | ○ - ○ | မစ်ဒယ်ဘရော့ |
| ည ၈း၃၀ | ဟားလ် | ○ - ○ | ဝက်ဖို့ဒ် |
| ည ၈း၃၀ | ဆွမ်ဆီး | ○ - ○ | စတုတ် |
| ည ၈း၃၀ | ဝက်စ်ဟမ်း | ○ - ○ | အဲဗာတန် |
| **တနင်္ဂနွေနေ့ (၂၃-၄-၁၇)** | | | |
| ည ၇း၄၅ | ဘန်လေ | ○ - ○ | မန်ယူ |
| ည ၁၀း၀၀ | လီဗာပူး | ○ - ○ | ပဲလေ့စ် |

## စပိန်လာလီဂါပွဲစဉ်(၃၃)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၁-၄-၁၇)** | | | |
| နံနက် ၁း၃၀ | ဆီဗီလာ | ○ - ○ | ဂရန်နာဒါ |
| **စနေနေ့ (၂၂-၄-၁၇)** | | | |
| ည ၅း၃၀ | မာလာဂါ | ○ - ○ | ဗလင်စီယာ |
| ည ၈း၄၅ | ဗီလာရီးရဲ | ○ - ○ | လီဂါနက်စ် |
| ည ၁၁း၀၀ | အိုဆာဆူနာ | ○ - ○ | ဂီဂျွန် |
| နံနက် ၁း၁၅ | အက်စ်ပန်ညို | ○ - ○ | အက်သလက်တီကို |
| **တနင်္ဂနွေနေ့ (၂၃-၄-၁၇)** | | | |
| ညနေ ၄း၃၀ | ဆိုစီဒက်စ် | ○ - ○ | ဒီပို့တီဗို |
| ည ၈း၄၅ | ဆယ်တာဗီဂို | ○ - ○ | ဘက်တစ် |
| ည ၁၁း၀၀ | လက်ပဲမက်စ် | ○ - ○ | ဒီပို့တီဗို |
| နံနက် ၁း၁၅ | ရီးရဲမက်ဒရစ် | ○ - ○ | ဘာစီလိုနာ |
| **တနင်္လာနေ့ (၂၄-၄-၁၇)** | | | |
| နံနက် ၁း၁၅ | အီဘာ | ○ - ○ | ဘီဘာအို |

## စီးရီးအေပွဲစဉ်(၃၃)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၂-၄-၁၇)** | | | |
| ည ၁၀း၃၀ | အတ္တလန္တာ | ○ - ○ | ဘိုလော့ဂ်နာ |
| နံနက် ၁း၁၅ | ဖီအိုရင်တီးနား | ○ - ○ | အင်တာမီလန် |
| **တနင်္ဂနွေနေ့ (၂၃-၄-၁၇)** | | | |
| ညနေ ၅း၀၀ | ဆက်ဆူအိုလို | ○ - ○ | နာပိုလီ |
| ည ၇း၃၀ | အူဒီးနီးစ် | ○ - ○ | ကယ်ဂလီယာရီ |
| ည ၇း၃၀ | ဆမ်ဒိုရီးယား | ○ - ○ | ခရိုတွန်နီ |
| ည ၇း၃၀ | အေစီမီလန် | ○ - ○ | အမ်ပိုလီ |
| ည ၇း၃၀ | လာဇီယို | ○ - ○ | ပါလာမို |
| ည ၇း၃၀ | ချီယေဗို | ○ - ○ | တိုရီနို |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | ○ - ○ | ဂျီနိုအာ |
| **တနင်္လာ(၂၄-၄-၁၇)** | | | |
| ည ၁း၁၅ | ပက်စ်ကာရာ | ○ - ○ | ရိုးမား |




# ဥရောပကို ပြန်လည်စိန်ခေါ်နိုင်တော့မယ့် အေစီမီလန်

— အောင်က —

**ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ အေစီမီလန်အသင်းကို တရုတ်သူဌေး ယောင်ဟောင်လီက ယူရို သန်း ၇၄၀ နဲ့ဝယ်ယူခဲ့ပါတယ်။ ဒါပေမယ့် အေစီမီလန်အသင်းကို ချန်ပီယံလိဂ်အပြင် ကမ္ဘာ့ထိပ်တန်းကစားသမားတွေရရှိအောင်ဖန်တီးပေးနိုင်ခဲ့တဲ့ အေစီမီလန်ဥက္ကဋ္ဌဟောင်းဘာလူစကိုနီကိုတော့ ပရိသတ်တွေက အမြဲတမ်း သတိရနေမှာအမှန်ဖြစ်ပါတယ်။ အခုတော့ အသင်းအနေနဲ့ ပိုင်ရှင်သစ် တရုတ်သူဌေးရဲ့လက်အောက်မှာ ခေတ်သစ်တစ်ခုစတင်တည်ထောင်ရတဲ့ အချိန်လို့လည်း ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် အေစီမီလန်ဟာ မကြာခင် ပိုင်ရှင်သစ်နဲ့အတူ ဥရောပကို စိုးမိုးမယ့် အင်အားကြီးအသင်းအဖြစ် ပြန်လည်တွေ့မြင်ရဖို့ရှိနေပြီလည်းဖြစ်ပါတယ်။ အဲ့ဒီလိုဖြစ်ပေါ်လာနိုင်တဲ့အကြောင်းတရားတွေကလည်း ရှိနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။**

### ငွေအင်အား

ငွေအင်အားဟာ ကလပ်အသင်း တစ်သင်းကို အောင်မြင်မှုရရှိစေနိုင်တယ်ဆိုတာကတော့ လူတိုင်းသတိပြုမိတဲ့ အချက်ဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်စီးတီးအသင်းတို့အပြင် ပီအက်စ်ဂျီအသင်းတို့ဆိုရင်လည်း ငွေကြေးကြောင့် အောင်မြင်မှုရရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အေစီမီလန်အသင်းဟာ တရုတ်သူဌေးလက်အောက်မှာ အောင်မြင်တဲ့အသင်းအဖြစ် ပြန်လည်တွေ့မြင်ရနိုင်ဖို့ရှိနေပါတယ်။

ငွေကြေးဟာ ကစားသမားတိုင်းကို အသင်းမှာ ဆက်လက်ရှိနေဖို့ဆွဲဆောင်နိုင်သလို လူငယ်ကစားသမားတွေကို စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ လုပ်နိုင်စွမ်းရှိပါတယ်။ ဒါ့အပြင် အသင်းရဲ့နည်းဗျူဟာနဲ့သင့်တော်တဲ့ ဘယ်လိုကစားသမားမျိုးမဆို ဝယ်ယူနိုင်စွမ်းရှိပါတယ်။ အသင်းအနေနဲ့ တိုးတက်မှုရရှိဖို့ဆိုရင်တော့ လာမယ့် သုံးရာသီအတွင်း ယူရို သန်း ၃၅၀ လောက်တော့ အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ငွေအင်အားတောင့်တင်းမှုဟာ ကစားသမားသစ်တွေအပြင် မျှော်လင့်ချက်အသစ်တွေကိုပါ ရရှိစေပါတယ်။

### လက်ရှိစုဖွဲ့မှု

လက်ရှိအေစီမီလန်အသင်းရဲ့စုဖွဲ့မှုအင်အားက ကောင်းလွန်းတယ်လို့ပြောလို့ရတယ်။ မျက်နှာသစ်တွေနဲ့ တိုးတက်မှုရှိတဲ့ ကစားသမားတွေကလည်း အများကြီး။ ဒိုနာရမ်မာ၊ ရိုမာနိုလီ၊ လိုကာတယ်လီ၊ ဆူဆို၊ ဒီလိုဖျူတို့ဆိုရင်လည်း အေစီမီလန်အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ရရှိဖို့အတွက် အကောင်းဆုံး ကြိုးစားပေးနေတဲ့သူတွေဖြစ်တယ်။ ဒီနှစ်ရာသီမှာ အေစီမီလန်အသင်းအနေနဲ့ ဂိုးရရှိမှုကောင်းနေတာကလည်း သူတို့ကြောင့်လို့ဆိုရင်လည်း မမှားဘူး။ ပြီးခဲ့တဲ့ ဆောင်းရာသီကာလမှာ အေစီမီလန်အသင်းသာ ခြေချော်မှုတွေမဖြစ်ခဲ့ဘူးဆိုရင် အခုလောက်ဆိုရင် ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် အကောင်းဆုံးယှဉ်ပြိုင်နေရပြီလို့ ပြောရမယ်။

ဒါ့အပြင် အသင်းပိုင်ရှင်သစ်အနေနဲ့ ဗန်ဂျီယိုနီ၊ ပါလက်တာတို့ရဲ့ နေရာအတွက် ကစားသမားအသစ်မဖြစ်မနေကို အစားထိုးမှုတွေလုပ်ဖို့တော့ လိုအပ်တယ်။ ဒါပေမယ့် တစ်သင်းလုံး ပြောင်းလဲမှုတွေလုပ်ဖို့တော့ မလိုအပ်ဘူးလို့ ဆိုရမယ်။ လိုကာတယ်လီ၊ ဆူဆိုတို့လို ကစားသမားတွေကို အသင်းမှာထားရှိဖို့လိုအပ်တယ်။ ဒါကြောင့် အသင်းပိုင်ရှင်တွေအနေနဲ့ ငွေကြေး အသုံးပြုပြီး ကစားသမားတွေ အလွန်အမင်းခေါ်ယူတာထက် အသင်းမှာ ရှိတဲ့ လူငယ်အရင်းအမြစ်ကို အကောင်းဆုံးအသုံးချတာကတော့ ပိုကောင်းမယ့် အနေအထားရှိလာနိုင်တယ်လို့ ဆိုရမယ်။

### စီးရီးအေရဲ့အခြေအနေ

နှစ်ပေါင်းများစွာကြာအောင် စီးရီးအေရဲ့ထိပ်ဆုံးပိုင်းကို ဂျူဗင်တပ်စ်အသင်းက စိုးမိုးထားတယ်။ ဒါကြောင့် အောက်ခြေကဘယ်အသင်းကမှ သူ့ကို မယှဉ်နိုင်ဘူး။ ရိုးမားနဲ့နာပိုလီတို့ကလည်း ဂျူဗင်တပ်စ်လို အင်အားတောင့်တင်းမှုနဲ့ အရင်းအမြစ်ကောင်းကောင်းမရှိတာကြောင့် ကျရှုံးခဲ့ရတယ်။

အခုတော့ အေစီမီလန်ဟာ စီးရီးအေကို စိုးမိုးဖို့တစ်ကျော့ပြန်လာပြီလို့ ပြောရမယ်။ အေစီမီလန်ရဲ့ငွေအင်အားကလည်း ဂျူဗင်တပ်စ်အသင်းကို ယှဉ်နိုင်တဲ့ အခြေအနေမှာရှိနေခဲ့ပြီဖြစ်တယ်။


ဒါကြောင့် နှစ်ပေါင်းများစွာကြာအောင် စီးရီးအေကို စိုးမိုးထားတဲ့ ဂျူဗင်တပ်စ်ကို အေစီမီလန်က ပြောင်းလဲမှုတွေလုပ်ပေးနိုင်တော့မယ့် အခြေအနေမှာရှိနေပြီလည်းဖြစ်တယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ အေစီမီလန်ဟာ ဂျူဗင်တပ်စ်အသင်းကို ယှဉ်နိုင်လောက်တဲ့ အင်အားမရှိခဲ့တာတော့ အမှန်လို့ပြောရမယ်။ အခုတော့ အခြေအနေတွေက ပြောင်းလဲသွားပြီ။ ငွေအင်အားဟာ အေစီမီလန်ကို လာမယ့်နှစ်ပိုင်းအတွင်း စီးရီးအေဆုဖလားကို ခြိမ်းခြောက်နိုင်တဲ့အသင်းအဖြစ် တွေ့မြင်လာရဖို့ရှိနိုင်တယ်။

### သမိုင်းကြောင်းကောင်းခြင်း

ဘောလုံးကမ္ဘာမှာတော့ အေစီမီလန်လို သမိုင်းကြောင်းကောင်းတဲ့ အသင်းကတော့ လက်ချိုးရေတွက်လို့တောင်ရမယ်လို့ ဆိုရမယ်။ အေစီမီလန်ဟာ ကောင်းမွန်တဲ့အောင်မြင်မှုကြောင့် လူတိုင်းသတိထားရတဲ့အသင်းလည်းရှိခဲ့ပါတယ်။ ကာကာ၊ ရှက်ဗ်ချန်ကို၊ မာလ်ဒီနီတို့လို အေစီမီလန်ရဲ့ကစားသမားတိုင်းကလည်း အသင်းရဲ့အောင်မြင်မှုနဲ့အတူ ဆက်စပ်နေတာကြောင့် ဘောလုံးလောကမှာတော့ ထင်ရှားတဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကစားသမားတိုင်းဟာ အသင်းရဲ့ကြီးမားတဲ့ သမိုင်းကြောင်းတွေကြောင့် ရည်မှန်းချက်တွေကတော့ အမြဲတမ်း ကြီးမားထားကြတယ် လို့ဆိုရမှာပါ။ ဘာလူစကိုနီရဲ့ ခေတ်ကုန်ဆုံးသွားချိန်မှာတော့ ပိုင်ရှင်သစ်နဲ့အတူ အေစီမီလန်ဟာ ကြီးမားတဲ့ အောင်မြင်မှုတွေရယူနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

**နှစ်ပေါင်းများစွာကြာအောင် စီးရီးအေကို စိုးမိုးထားတဲ့ ဂျူဗင်တပ်စ်ကို အေစီမီလန်က ပြောင်းလဲမှုတွေလုပ်ပေးနိုင်တော့မယ့် အခြေအနေမှာ ရှိနေပြီလည်းဖြစ်တယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ အေစီမီလန်ဟာ ဂျူဗင်တပ်စ်အသင်းကို ယှဉ်နိုင်လောက်တဲ့ အင်အားမရှိခဲ့တာတော့ အမှန်လို့ပြောရမယ်။ အခုတော့ အခြေအနေတွေက ပြောင်းလဲသွားပြီ။ ငွေအင်အားဟာ အေစီမီလန်ကို လာမယ့်နှစ်ပိုင်းအတွင်း စီးရီးအေဆုဖလားကို ခြိမ်းခြောက်နိုင်တဲ့အသင်းအဖြစ် တွေ့မြင်လာရဖို့ရှိနိုင်တယ်။**

## ဟာရီရာအား စာချုပ်သစ် ချုပ်ဆိုသွားရန် မန်ယူစီစဉ်နေ




ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ကွင်းလယ်ကစားသမား အန်ဒါဟာရီရာအား လာမည့်ဘောလုံးရာသီသစ်မတိုင်မီတွင် တစ်ပတ်လုပ်ခငွေ ပေါင် ၁၂၀၀၀၀ ဖြင့် စာချုပ်သစ် ချုပ်ဆိုသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

စပိန်ကစားသမား ဟာရီရာ (၂၇ နှစ်)သည် ၂၀၁၄ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ဘီဘာအိုမှ မန်ယူသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ မန်ယူအသင်းမန်နေဂျာအဖြစ် မော်ရင်ညို တာဝန်မယူမီတွင် ဟာရီရာသည် မန်ယူ၌ ပုံမှန်ကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသော်လည်း မော်ရင်ညို လက်အောက်တွင် ကစားခွင့် ပိုမိုရရှိလာခဲ့ကာ ကွင်းလယ်ခံစစ်ကစားသမား ပုံမှန်ပါဝင်ခွင့်ရနေပြီး အရေးပါသည့် ဟန့်တားမှုများ ပြုလုပ်နေသူဖြစ်သကဲ့သို့ တိကျသေချာသည့် ဖြတ်တင်မှုများဖြင့် အသင်း၏ တိုက်စစ်ကို အစပြုပေးနေ သူလည်းဖြစ်သည်။ ဟာရီရာသည် မန်ယူအသင်းက အိမ်ကွင်း၌ ချယ်လ်ဆီးအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအတွက် အဖွင့်ဂိုးအား ရက်ခ်ျဖို့ဒ်သွင်းယူနိုင်စေရန် ဖန်တီးပေးနိုင်သကဲ့သို့ ဒုတိယဦးဆောင်ဂိုးကိုလည်း ကိုယ်တိုင်သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ရန် ရည်ရွယ်ထားသော်လည်း ဟာရီရာသည် မော်ရင်ညို၏ ယုံကြည်မှုရရှိသည့် လက်ရှိမန်ယူကစားသမားများအနက်မှ တစ်ဦးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ဟာရီရာနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၈ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိသည်ဟုဆိုသည်။

## နိုင်ငံအသင်းတွင် ယာယာတိုရေး ပြန်လည်ပါဝင်လာနိုင်ကြောင်း ကိုလိုတိုရေး မှတ်ချက်ပြု




မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ယာယာတိုရေးသည် နိုင်ငံတကာကစားသမားဘဝမှ အနားယူထားခြင်းကို ပြန်လည်ရုပ်သိမ်းကာ လာမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိုင်ဗရီကို့စ်လက်ရွေးစင်အသင်းအတွက် ပြန်လည်ပါဝင်ကစားနိုင်ကြောင်း ယာယာတိုရေး၏ အစ်ကိုဖြစ်သူ ဆဲလ်တစ်ဗဟိုခံစစ်မှူး ကိုလိုတိုရေးက ထုတ်ဖော်ပြောဆိုလိုက်သည်။

ခံစစ်မှူး ကိုလိုတိုရေးက "ယာယာတိုရေး အနေနဲ့ နောက်ထပ် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုလောက် ထပ်မံကစားနိုင်စွမ်းရှိနေသေးတယ်လို့ ခံစားမိပါတယ်။ ယာယာတိုရေးအနေနဲ့ အိုင်ဗရီကို့စ်လက်ရွေးစင်အသင်းအတွက် အကျိုးအမြားကြီးပြုချင်သူမို့ နိုင်ငံအသင်းမှာ ပြန်လည်ပါဝင်လာနိုင်တယ်။ သူဟာ လူငယ်ကစားသမားတွေအတွက် ကွင်းတွင်းကွင်းပြင်မှာ လိုအပ်တဲ့ အတွေ့အကြုံတွေကို ယူဆောင်ပေးလာနိုင်သူပါ"ဟု ပြောဆိုခဲ့သည်။

ယာယာတိုရေးသည် အိုင်ဗရီကို့စ် လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅ ခုနှစ် အာဖရိကနိုင်ငံများဖလား ချန်ပီယံဆုကို ရယူနိုင်ခဲ့ကာ အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအား လေးကြိမ်၊ BBC အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအား နှစ်ကြိမ်အပြင် တစ်ဦးချင်းဆုများစွာရရှိခဲ့သူဖြစ်သည်။ ခံစစ်မှူးကိုလိုတိုရေးသည်လည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ အိုင်ဗရီကို့စ်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

## ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အက်သလက်တီကိုအသင်း ဗိုလ်စွဲနိုင်သည်ဟု လက်စတာမန်နေဂျာ ပြောဆို



စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်နိုင်သည့်အသင်းဖြစ်ကြောင်း လက်စတာအသင်း မန်နေဂျာ ရှိတ်စပီးယားက ချီးကျူးပြောဆိုလိုက်သည်။

အက်သလက်တီကိုအသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် လက်စတာအသင်းအား နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့် ရရှိခဲ့ပြီးနောက် လက်စတာအသင်း မန်နေဂျာရှိတ်စပီးယားက ယခုကဲ့သို့ ချီးကျူးပြောဆိုလိုက်ခြင်းဖြစ်သည်။ လက်စတာအသင်းသည် ဒုတိယအကျော့ပွဲအဖြစ် အက်သလက်တီကိုအသင်းကို အိမ်ကွင်း၌ လက်ခံကစားခဲ့သောပွဲတွင် တစ်ဂိုးစီ သရေကစားနိုင်ခဲ့သော်လည်း ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ထားခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲအပြီးတွင် မန်နေဂျာရှိတ်စပီးယားက "အက်သလက်တီကိုအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီသုံးရာသီအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ဗိုလ်လုပွဲကို နှစ်ကြိမ်တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် အက်သလက်တီကိုနဲ့ ဆုံတွေ့ရမှုမှာ ဘယ်လိုစိန်ခေါ်မှုတွေ ကြုံတွေ့ရမလဲဆိုတာကို ကြိုတင်တွေးဆထားပြီးသားပါ။ အက်သလက်တီကိုအသင်းအနေနဲ့ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကံမကောင်းမှုတွေနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် အက်သလက်တီကိုအသင်းအနေနဲ့ ပြိုင်ဘက်ကို အနိုင်မယူနိုင်စရာအကြောင်းရင်း မရှိပါဘူး။ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရလို့ စိတ်ပျက်မိတယ်"ဟု ပြောဆိုခဲ့သည်။ ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များကို မေ ၂ရက်၊ ၃ရက်များတွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို မေ ၉ရက်၊ ၁၀ ရက်များတွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထက်အောင်

# သင်္ကြန်တွင်း ရွှေ့ပြောင်းသိမ်းဆည်းထားသည့် လမ်းလယ်ကျွန်းမှ ပန်းအလှပင်များအား ပြန်လည်စိုက်ပျိုး



**မန္တလေး ဧပြီ ၂၀**

သင်္ကြန်ကာလအတွင်း ကျုံးပတ်လည်ရေကစားသူများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ရွှေ့ပြောင်းသိမ်းဆည်းထားသည့် ကျုံးပတ်လည်လမ်းလယ်ကျွန်းတစ်လျှောက်တွင် စိုက်ပျိုးထားသည့် အလှပန်းပင်များအား ယခုအခါပြန်လည်စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သင်္ကြန်တွင်း ကျုံးပတ်လည်မှာ လာရောက်ရေကစားသူတွေ များပြားတဲ့အတွက် ဒီအပင်တွေကို ပျက်စီးမှာစိုးလို့ ရွှေ့ထားတာပါ။ အခုမြေကြီးတွေ ပြုပြင်ပြီး ပြန်လည်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါပြီ။ လာမယ့်တစ်ပတ်အတွင်းမှာ ကျုံးပတ်လည်တစ်လျှောက် ပြန်လည်လန်းဆန်းလာတော့မှာ ဖြစ်ပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ကြီးကြပ်ရေးမှူး ဦးခင်ရွှေက ပြောသည်။

သင်္ကြန်တွင်းကာလများ၌လည်း မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ ကျုံးပတ်လည် သန့်ရှင်းရေးလုပ်ငန်းများကို လင်း/ပြောင်စနစ်ဖြင့် ရှင်းလင်းပေးခဲ့သည့်အပြင် ယခုသင်္ကြန်အပြီးကာလ၌လည်း စည်ပင်ဝန်ထမ်း ၄၀၀ ဖြင့် နှစ်ဆန်း ၂ ရက်မှစ၍ ကျုံးပတ်လည် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အဆောက်အအုံသစ်ပြီးစီး၍ အန္တရာယ်ကင်းပရိတ်ရွတ်

**ဇီးကုန်း ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးခဲ့၍ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီလဒုတိယပတ်က ရုံးသစ်အဆောက်အအုံ၌ ကျင်းပရာ မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသအမှူးပြုသော သံဃာတော်ငါးပါးတို့ကအန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ အခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့မွန်၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဌာနဆိုင်ရာများ တက်ရောက်သည်။ ယခုဆောက်လုပ် ပြီးစီးသွားသော အဆောက်အအုံကို ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် သုံးလအတွင်း ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းပညာပေးလုပ်ငန်းများ လှည့်လည်ဟောပြောပြသ

**နေပြည်တော် ဧပြီ ၂၀**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ မွန်ပြည်နယ်အတွင်းရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတ တိုးပွားစေရေးအတွက် ဧပြီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သံဖြူဇရပ်မြို့နယ် ဝါးခရူကျေးရွာ၌ ပြည်သူ ၁၂၀ အား မှုခင်းကျူးလွန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အကြောင်းတို့ကို ဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း -ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါအချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကိုယ် အကာအကွယ်များ ပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆

Hot Line No များ -၀၆၇-၄၀၄၇၇၇
- ၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်သူနှင့်အတူ ထာဝရငြိမ်းချမ်းရေးရယူမည့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်

**ဆောင်းပါး - တက္ကသိုလ်ပွင့်သူအောင်**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးသည် ထူးခြားစွာဖြင့် စီးပွားရှာအမြတ်ထုတ်သော သင်္ကြန်အဖြစ်မှ အများပြည်သူ စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွှဲပျော်ရွှင်ခဲ့သည့် သင်္ကြန်အဖြစ်သို့ စတင်ကူးပြောင်းခဲ့ပြီဖြစ်သည်။ ထို့အတူ လူကြီးလူငယ်မရွေး ဂုဏ်သိက္ခာရှိစွာ ပါဝင်ဆင်နွှဲခဲ့သော လမ်းလျှောက်သင်္ကြန်သည်လည်း ယခုနှစ်တွင်စတင်ခဲ့ကာ အလှူဒါနပြုကြသည့် ကုသိုလ်ရှင်များကိုယ်တိုင် စိတ်ချမ်းမြေ့စွာ ပါဝင်နိုင်ခဲ့ပြီလည်း ဖြစ်သည်။ မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများစွာထဲတွင် တစ်ခုအပါအဝင်ဖြစ်နေသော မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးသည် ယခုနှစ်တွင် ကျက်သရေရှိစွာဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်သည်။

မင်္ဂလာဆယ့်နှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲခဲ့သည့် ပြည်သူအားလုံးတို့က ဂုဏ်သိက္ခာရှိစွာဖြင့် အတူပါဝင်ကြရင်း မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းပေးခဲ့ကြသည်။ သင်္ကြန်ပွဲတော်ကြီးတွင် ပြည်သူများ အတူပါဝင်ခဲ့သကဲ့သို့ပင် လူထုအစိုးရသစ်သည် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးကို အရေးကြီးတာဝန်အဖြစ် သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်လည်း ပြည်သူနှင့်အတူ ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနကလည်း အစိုးရသစ်၏ နိုင်ငံတော်အတွက် ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များဖြစ်သော ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးနှင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်မြင်ရေး (Peace Prosperity Democracy-PPD)တို့အတွက် အကောင်အထည်ဖော်ရာတွင် အဓိကကဏ္ဍမှ ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတို့ကလည်း ဒီမိုကရေစီစိတ်ဓာတ်ဖြစ်သော နိုင်ငံတော်အတွက် ထမ်းဆောင်သင့် ထမ်းဆောင်ထိုက်သည့် တာဝန်ဝတ္တရားတို့ကို ထမ်းဆောင်နေသကဲ့သို့ နိုင်ငံတော်အပေါ် ရှိသင့်ရှိထိုက်သော စိတ်ဓာတ်ခံယူချက်တို့ကိုပါ ထားရှိကြသည်။

တစ်ဆက်တည်းမှာပင် ငြိမ်းချမ်းရေးဖြစ်စဉ်၌ ပါဝင်ဆောင်ရွက်နေသူ အသီးသီးနှင့် တွေ့ဆုံခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ အကြံပြုချက်များရယူခြင်း စသည်တို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆောင်ရွက်ပြီးနောက် ပန်းတိုင်သုံးရပ်ဖြစ်သည့် ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးနှင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာရေး (Peace Prosperity Democracy- PPD)အတွက် အင်စတီကျူးရှင်းများ ပြင်ဆင်ခင်းကျင်းခြင်း၏ ကနဦးဆောင်ရွက်ချက်အဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center- NRPC)ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ထိုကဲ့သို့ NRPC မှ အစပြု၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီး တစ်ခုလုံးကို စတင် ခြေလှမ်းလှမ်းလိုက်ခြင်းပင်ဖြစ်သည်။ ထို့အပြင် NRPC ဖွဲ့စည်းရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသာမက ပြန်လည်သင့်မြတ်ရေး ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့သည်။ ထို့နောက် NRPC ဖွဲ့စည်းရာတွင်လည်း နေပြည်တော်၌ NRPC ရုံးချုပ်ကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ ယခင် Myanmar Peace Center ရုံးဟောင်းကို NRPC ရန်ကုန်ရုံးခွဲအဖြစ်လည်းကောင်း အသီးသီးထားရှိခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် “ယခု ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး အရေးအကြီးဆုံးမှာ ယုံကြည်မှုတည်ဆောက်ရန်နှင့် ယင်း၏ အခြေခံမှာ ဖြောင့်မတ်ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသံလွင်ပင်လေးကို ရှင်သန်စေချင်လျှင် အရေးကြီးသည်မှာ မိမိတို့အချင်းချင်းအကြား မှန်မှန်ကန်ကန်၊ ဖြောင့်ဖြောင့်မတ်မတ်၊ ပွင့်ပွင့်လင်းလင်း၊ ဖြူဖြူစင်စင် ဆက်ဆံနိုင်ရန်လိုပါကြောင်း၊ ကိုယ်လိုချင်တာရှိလျှင်လည်း လိုချင်သည်ဟု ပြော၍ရပါကြောင်း၊ လူဖြစ်သည့်အတွက် လိုချင်တာရှိပါကြောင်း၊ မိမိတို့ဆန္ဒချင်းမတူ၍ ငြိမ်းချမ်းရေးများ ပျက်ပြားခဲ့ရခြင်းဖြစ်ပါကြောင်း၊ ကိုယ်လိုချင်တာနှင့် သူလိုချင်တာ မတူသဖြင့် သို့မဟုတ် သူလိုချင်တာကို ကိုယ်ကလည်းလိုချင်ပြီး လုသဖြင့် သင့်မြတ်ရေး ငြိမ်းချမ်းရေး ပျက်ပြားခဲ့ခြင်းဖြစ်ပါကြောင်း”စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

အထူးသဖြင့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်သည် ထာဝရငြိမ်းချမ်းရေးကို ရရှိမည့်နှစ်ဟု ဆိုချင်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ပထမအစည်းအဝေး၌ အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပူးတွဲကျင်းပနိုင်ခဲ့ခြင်းက ထာဝရငြိမ်းချမ်းရေးရရှိဖို့ နီးစပ်စေခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရပါလျှင် NRPC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပူးတွဲဆောင်ရွက်ခဲ့ကြသော အောင်မြင်မှုတစ်ရပ်လည်း ဖြစ်ခဲ့သည်။

ထို့အပြင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်က နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ တွင် ကျင်းပခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း)၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားခဲ့ရာတွင် “အမှန်ပြောရလျှင် မိမိအနေဖြင့် ယခုထက်ငယ်သည့် ကလေးများနှင့် ဆွေးနွေးချင်ပါကြောင်း၊ ပထမဦးဆုံး ကလေးများနှင့်ဆိုလျှင် သိပ်အဆင်မပြေဘူးဆိုပြီး လူငယ်များနှင့်စခြင်း ဖြစ်ပါကြောင်း၊ နောင်တစ်ချိန်တွင် ကလေးများနှင့် ဆွေးနွေးမှုများလည်း လုပ်ချင်ပါကြောင်း၊ စီးပွားရေးသမားများနှင့် ဆွေးနွေးမှုများလည်း လုပ်ချင်ပါကြောင်း၊ ဒါမှ စီးပွားရေးသမားများ၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေးအပေါ် အမြင်ကို သိနိုင်မည်ဖြစ်ပါကြောင်း၊ ဘယ်လို စီးပွားရေးသမားများက ဝိုင်းဝန်းပြီး ငြိမ်းချမ်းရေးအတွက် ကူညီနိုင်မလဲဆိုသည်ကို ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီလိုဆွေးနွေးပွဲများ လုပ်ခြင်းအားဖြင့် နိုင်ငံသူနိုင်ငံသားအားလုံးသည် ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို သူတို့လည်းပိုင်သည်ဆိုသည့်စိတ် ရှိမည်ဖြစ်ကြောင်း၊ ရှိလာစေချင်ကြောင်း၊ အခုခေတ်တွင် နိုင်ငံရေးအရ အင်မတန်အရေးကြီးသည့် စကားလုံးတစ်ခု အသုံးအနှုန်းတစ်ခုမှာ ‘ပိုင်ဆိုင်မှု’ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ် ဆိုသည်မှာ တစ်နိုင်ငံလုံး၏ပိုင်ဆိုင်မှု ဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး ပိုင်ဆိုင်ရန် မိမိတို့တွင် တာဝန်ရှိပါကြောင်း”စသည်ဖြင့် ထည့်သွင်းမှာကြားခဲ့သည်။

၏ စီစဉ်မှုဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်က ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းငြိမ်းချမ်းရေးဖိုရမ်၌ UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက “ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အကြီးမားဆုံးစိန်ခေါ်မှုက ယုံကြည်မှုတည်ဆောက်တဲ့နေရာပါပဲ။ ၂၀၁၁ မှာ တက်လာတဲ့အစိုးရက ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီး နိုင်ငံရေးဆွေးနွေးမှုတွေ စလုပ်တယ်။ ဒါပေမယ့် အခုအချိန်အထိ ယုံကြည်မှုတည်ဆောက်ခြင်းက အကြီးမားဆုံး စိန်ခေါ်မှုအနေနဲ့ ရှိနေပါသေးတယ်။ ပြည်သူကရွေးကောက်တဲ့ အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာခဲ့ပါပြီ။ ယုံကြည်မှုတည်ဆောက်ခြင်းသာ ဒီထက်ပိုရလာမယ်ဆို ပြဿနာတွေ လျှော့ချနိုင်ပါပြီ”ဟု ဆွေးနွေးခဲ့သည်။

အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့်အတူ တိုင်းရင်းသား ပြည်သူပြည်သားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားကို အခြေခံလျက်ရှိသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က ပင်လုံမြေတွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်သည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိကြောင်း ဖော်ညွှန်းပြဆိုနေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်က နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့ရာတွင် “အဲဒီတော့ ကျွန်မ စဉ်းစားပါတယ်။ ဘယ်လိုဆောင်ပုဒ်မျိုးနဲ့ ဆက်သွားရင် ကောင်းမလဲဆိုတော့ တိုတိုတုတ်တုတ်နဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် ‘ပြည်သူနဲ့ အတူ’ လို့ ကျွန်မတို့ဆက်ပြီးတော့ ဒီခရီးလမ်းကို ပြည်သူနဲ့အတူ လျှောက်သွားချင်ပါတယ်။ ဒီလို ပြည်သူနဲ့အတူ လျှောက်သွားချင်တဲ့ အခါမှာ အခုခေတ်ပေါ့နော်၊ နိုင်ငံတကာမှာ သုံးနှုန်းနေတဲ့ ဝေါဟာရလေးတစ်ခုပေါ့။ အဲဒါဟာ နိုင်ငံရဲ့ပိုင်ဆိုင်မှုပေါ့။ ပြောချင်တာက နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ ကိုယ့်ရဲ့ကိစ္စတွေ၊ ကိုယ့်ရဲ့ပြဿနာတွေ၊ ကိုယ့်ရဲ့တိုးတက်မှုအတွက်ကို ကိုယ့်ဘာသာကို တာဝန်ယူနိုင်ခွင့်ရှိရမယ်။ လုပ်ပိုင်ခွင့်ရှိရမယ်။ ပိုင်ဆိုင်မှုပေါ့။ ဒါပေမယ့် ပိုင်ဆိုင်မှုဆိုတာကလည်း တစ်ချိန်တည်းမှာပဲ တာဝန်ယူမှုလို့လည်း ပြောလို့ရပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ကိစ္စတွေအတွက်ကို ပြည်သူနဲ့အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့အတူတူ ကျွန်မတို့

**“နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ ကိုယ့်ရဲ့ကိစ္စတွေ၊ ကိုယ့်ရဲ့ ပြဿနာတွေ၊ ကိုယ့်ရဲ့တိုးတက်မှုအတွက်ကို ကိုယ့်ဘာသာကို တာဝန်ယူနိုင်ခွင့်ရှိရမယ်။ လုပ်ပိုင်ခွင့်ရှိရမယ်။ ပိုင်ဆိုင်မှုပေါ့။ ဒါပေမယ့် ပိုင်ဆိုင်မှုဆိုတာကလည်း တစ်ချိန်တည်းမှာပဲ တာဝန်ယူမှုလို့လည်း ပြောလို့ရပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ကိစ္စတွေအတွက်ကို ပြည်သူနဲ့အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့အတူတူ ကျွန်မတို့ ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့ အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူ့ရဲ့အားကို ကျွန်မတို့ ယူသလို ကျွန်မတို့ရဲ့ စွမ်းအားတွေ အားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့ သုံးပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲဒီလိုချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စု နိုင်ငံသူနိုင်ငံသားများအားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်”**

ထို့ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည်ပင်လျှင် ပြည်သူအားလုံးနှင့်သက်ဆိုင်ပြီး မြန်မာပြည်သူပြည်သားတို့ ဆန္ဒသဘောထားများ ပါဝင်နိုင်ရေးပင်ဖြစ်သည်။ ယခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့ပြီးသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့မှုကြောင့် ယင်းဆွေးနွေးပွဲများ၌ ပြည်သူတို့ ပါဝင်လာခဲ့ကြသည်။ အထူးသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား CSO Forum အဖြစ် သီးခြားဆောင်ရွက်စေကာ ယင်းဖိုရမ်မှ တင်ပြလာသည့် အဆိုပြုချက်များကို ငြိမ်းချမ်းရေးညီလာခံတွင် ထည့်သွင်းစဉ်းစားသုံးသပ်နိုင်စေရန် ဆောင်ရွက်ခဲ့ရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(Union Peace Dialogue Joint Committee-UPDJC)သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။

အထူးသဖြင့် မူဘောင်ပြင်ဆင်ခြင်းနှင့် ပြည်သူပြည်သားများ ပါဝင်မှု လမ်းဖွင့်ပေးခြင်းတို့သည် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အောင်မြင်မှုဖြစ်သည်။ တစ်ချိန်တည်းမှာပင် ‘မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ် မည်သို့ အောင်မြင်မှုရရှိနိုင်ရေး’ ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းရေးဖိုရမ်ကို တိုင်းရင်းသားရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း(CDES)

ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူ့ရဲ့အားကို ကျွန်မတို့ ယူသလို ကျွန်မတို့ရဲ့ စွမ်းအားတွေအားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့ သုံးပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲဒီလို ချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုနိုင်ငံသူနိုင်ငံသားများ အားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသောအင်အားမှာ ပြည်သူ့အင်အားပင်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးကို ရယူရာတွင်လည်းကောင်း၊ တည်ဆောက်ရာတွင်လည်းကောင်း ပြည်သူသည် အဓိကနေရာ၌ ပါဝင်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သို့မဟုတ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် တစ်သားတည်း ဖြစ်နေပြီဖြစ်၍ ထာဝရငြိမ်းချမ်းရေးကို ရယူနိုင်ရန် အလှမ်းမဝေးတော့ပေ။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်သည် ပြည်သူနှင့်အတူ ထာဝရငြိမ်းချမ်းရေး ရယူမည့်နှစ်ဟု ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

---

## ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

**မိုးကောင်း ဧပြီ ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ခဲ့သည့် ခူဝံကြယ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို ဧပြီ ၁၈ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလိန်းမာန်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေဖြိုးကျော်တို့ တက်ရောက် အမှာစကားပြောကြားပြီး စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်သည် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ကာ တစ်ထပ် အဆောက်အအုံဖြစ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေ ကျပ်ငါးသိန်းနှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ကျပ် ၁၂ သိန်းကျော်တို့ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ခူဝံကြယ်သည် လမ်းပျောက်သူများအား လမ်းမှန်ကိုပြပေးသည့် သင်္ကေတဖြစ်သောကြောင့် စာပေဖြင့် လမ်းမှန်ကိုသိရှိနိုင်ရန် ရည်ရွယ်ကာစာကြည့်တိုက်ကို ခူဝံကြယ်ဟု အမည်ပေးခြင်းဖြစ်ကြောင်း ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**



# မုံရွာမြို့ ချမ်းသာကြီးဘုရားဂေါပကအဖွဲ့၏ (၃၅)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်

**ဆောင်းပါး မျိုးဝင်းထွန်း(မုံရွာ)**



နွားတို့သည် လူသားများစားသုံးရန် ဆန်စပါး စိုက်ပျိုးရာတွင် တောင်သူလယ်သမားများနှင့် အတူ နေပူမိုးရွာမရှောင် အားသွန်ခွန်စိုက် ရုန်းကန် လုပ်ကိုင်ပေးကြသည့် လူတို့၏ ကျေးဇူးရှင် စီးပွားဖက်များဖြစ်သည်။ လူတို့သည် နွားများ ခွန်အားရှိစဉ်က နည်းမျိုးစုံစေခိုင်း၍ အားနည်းလာသည့်အခါ အသားရောင်းသူများထံသို့ ကျေးဇူးတရားကို မငဲ့ကွက်ဘဲ သနားညှာတာမှုကင်းစွာ ရောင်းစားနေကြသူများလည်း ရှိကြသည်။ နွားများအနေဖြင့် သေဘေးကိုသိ၍ ကြောက်ရွံ့တတ်သော သတ္တဝါများဖြစ်သည်ကို သိတော်မူသော ပထမလယ်တီဆရာတော်ကြီးက နွားမေတ္တာစာနှင့် ဂေါဏမံသဒီပနီစသော နွားသား(သို့)အမဲသားမစားကြရန် တရားကို တစ်ပြည်လုံး လှည့်လည်၍ ဟောပြောခဲ့သလို စာပေကျမ်းဂန်အဖြစ်လည်း စီရင်ရေးသားတော်မူခဲ့သည်။

ထိုသို့ အမဲသားမစားရေးတရားတော်ကို လယ်တီဆရာတော်ကြီး၏တပည့်များက ယုံကြည်သက်ဝင်စွာ လက်ဆင့်ကမ်းသယ်ဆောင်လာကြရာ ထိုအထဲတွင် မုံရွာမြို့ ချမ်းသာကြီးဘုရားဂေါပကအဖွဲ့ဝင်များလည်း အပါအဝင်ဖြစ်သည်။ ၁၃၄၅ ခုနှစ် နှစ်ဆန်း ၁ ရက်မှစ၍ မုံရွာမြို့ ချမ်းသာကြီးဘုရား ဂေါပကအဖွဲ့ဝင်များက နှစ်စဉ်သတ်မည့်နွားများ၏အသက်ကို ကာကွယ်ပေးသည့်အနေဖြင့် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်ကြီးကို ကျင်းပလာသည်မှာ ယခုနှစ်တွင် ၃၅ နှစ်ပြည့်ပြီဖြစ်သည်။

ယခုနှစ် (၃၅)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်အတွက် အလှူရှင်များ၏ အလှူငွေဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင်သတ်မည့် နွား ၃၀ ကောင်ကို ချမ်းသာကြီးဂေါပကအဖွဲ့က ဝယ်ယူကယ်တင်နိုင်သလို အနယ်နယ်အရပ်ရပ် အလှူရှင်များက တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်စသည်ဖြင့် လာရောက်လှူဒါန်းသည်မှာ နွား ၃၂ ကောင်ရှိသောကြောင့် စုစုပေါင်း နွား ၆၃ ကောင်၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။ အဆိုပါကယ်တင်ရရှိသော နွား ၆၃ ကောင်ကို မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ အင်ကြင်းမြိုင် ငွေတောင်ကုန်းဘုန်းတော်ကြီးကျောင်းဘေးမဲ့ခြံသို့ ဂေါပကအဖွဲ့အနေဖြင့် ပို့ဆောင်ဘေးမဲ့ပေးကြမည်ဖြစ်သည်။

(၃၅)နှစ်ပြည့်ပြီဖြစ်သော ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်၏အစ ၁၃၄၅ ခုနှစ် သင်္ကြန်ကာလတွင် ဂေါပကအဖွဲ့ဝင်များက ချမ်းသာကြီးဘုရားရုပ်ပွားတော်ကြီးနှင့် အခြားရုပ်ပွားတော်များ ရေသပ္ပာယ်ရန် စီစဉ်ပြီး ဘုရားရှေ့တွင် ဘုရားဖူးလာသူများထံမှ ငါးလွှတ်ပွဲငါးဘေးမဲ့ အလှူခံဖလားချ၍ အလှူခံခဲ့ရာ အလှူငွေများသည် ငါးလွှတ်ရုံမျှမက ပိုမိုရရှိသဖြင့် ငါးမှ နွားဘေးမဲ့ပေးရန်အထိ အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။

ထိုပထမအကြိမ် ဇီဝိတဒါနငါးဘေးမဲ့ပွဲအတွက် အလှူခံရငွေသည် ကျပ်တစ်ထောင်ဖြစ်ရာ ထိုငွေဖြင့် မြို့နီစီပယ်ခေါ် စည်ပင်သာယာမှ သားသတ်လိုင်စင်စီရသူထံ သွားရောက်ဝယ်မည်ဟု ထွက်လာကြရာ သတ်အံ့ဆဲဆဲနွားက ကိုးကောင်ရှိနေပြီး ဝယ်ယူနိုင်သည်က တစ်ကောင်သာဖြစ်သဖြင့် ကျန်နွားရှစ်ကောင်မှာ သူ့ကံဟုပင် ပြောရမည်လား သို့မဟုတ် မိမိတို့ဘက်က မြင်တွေ့ရပါလျက်နှင့် သေစေလို၍ မျက်နှာလွှဲထားခဲ့ရာကျပြီး တစ်ဖက်သတ်ပြုရာရောက်မည်လားဟူသောအတွေးတို့ဖြင့် နွားဝယ်ကြမည့်သူများမှာ စိတ်ချမ်းသာရာရှာပါမှ စိတ်ဆင်းရဲစရာနှင့် ကြုံနေရသလို ခံစားခဲ့ကြရသည်။

ထိုသို့အကြံအိုက် စိတ်ရှုပ်နေကြချိန်တွင် မုံရွာမြို့အလယ်ရပ်ကွက် ပွဲစားတန်းလမ်းတွင်နေထိုင်သော ဟိန္ဒူလူမျိုး ဒေါ်နာဂမက ချမ်းသာကြီးသို့ ဘုရားဖူးလာစဉ် ဂေါပကအဖွဲ့ဝင်များကို လာရောက်နှုတ်ဆက်သဖြင့် စကားစပ်မိကြပြီး ဝယ်ရန်ကျန်ရှိသော နွားရှစ်ကောင်ကို ဒေါ်နာဂမ မိသားစုက လှူဒါန်းဝယ်ယူနိုင်ခဲ့ရာမှ သားသတ်လိုင်စင်စီအရ သတ်ခွင့်ပြုထားပြီးသော နွားကိုးကောင်စလုံး၏ အသက်ကို စတင်ကယ်တင် လှူဒါန်းနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုမှ နှစ်စဉ်ဆက်လက်၍ ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်ကြီးကို ကျင်းပခဲ့ကြရာ ပထမအကြိမ် နွားကိုးကောင် ဇီဝိတဒါန လွှတ်နိုင်ခဲ့ခြင်း အပါအဝင် ပြီးခဲ့သည့်(၃၄)ကြိမ်မြောက်အထိ နွားကောင်ရေ ၇၀၂ ကောင်၏အသက်ကို ကယ်တင်ကာ မြန်မာနိုင်ငံအရပ်ရပ်ရှိ နွားဘေးမဲ့ခြံကိုးခြံသို့ ဇီဝိတဒါနပြု ပို့ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ် (၃၅)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်ကြီးတွင်မူ နွား ၆၃ ကောင်ကို ဝယ်ယူ၍ ၁၀ခြံမြောက် နွားဘေးမဲ့ခြံသို့ သွားရောက်ပို့ဆောင်ကာ ဇီဝိတဒါနပြု အသက်ကယ်လှူဒါန်းကြဦးမည်ဖြစ်ပေသည်။ ။

**ဇီဝိတဒါန ငါးဘေးမဲ့ပွဲအတွက် အလှူခံရငွေသည် ကျပ်တစ်ထောင်ဖြစ်ရာ ထိုငွေဖြင့် မြို့နီစီပယ်ခေါ် စည်ပင်သာယာမှ သားသတ်လိုင်စင်စီရသူထံ သွားရောက်ဝယ်မည်ဟု ထွက်လာကြရာ သတ်အံ့ဆဲဆဲနွားက ကိုးကောင်ရှိနေပြီး ဝယ်ယူနိုင်သည်က တစ်ကောင်သာဖြစ်သဖြင့် ကျန်နွားရှစ်ကောင်မှာ သူ့ကံဟုပင်ပြောရမည်လား သို့မဟုတ် မိမိတို့ဘက်က မြင်တွေ့ရပါလျက်နှင့် သေစေလို၍ မျက်နှာလွှဲထားခဲ့ရာကျပြီး တစ်ဖက်သတ်ပြုရာရောက်မည်လားဟူသော အတွေးတို့ဖြင့် နွားဝယ်ကြမည့်သူများမှာ စိတ်ချမ်းသာရာရှာပါမှ စိတ်ဆင်းရဲစရာနှင့် ကြုံနေရသလို ခံစားခဲ့ကြရသည်။**

## မြင်းခြံမြို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေ

**မြင်းခြံ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုအနေဖြင့် ဒေသခံပြည်သူများ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း အစရှိသော ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပျက် ဆောင်ရွက်ပေးခဲ့သော်လည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို မလိုက်နာသူများရှိနေဆဲဖြစ်ပြီး မကြာခဏဆိုသလို ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

“လမ်းစည်းကမ်းကို အထူးလိုက်နာဖို့ လိုအပ်ပါတယ်၊ ဆိုင်ကယ်ဦးထုပ်တစ်လုံးဟာ ငွေတန်ဖိုးမရှိပေမယ့် လူတစ်ယောက်ရဲ့အသက်တစ်ချောင်းဆိုတာ ပြည်သူများ သိနားလည်စေချင်ပါတယ်၊ မြင်းခြံခရိုင်အတွင်း ၂၀၁၇ ခုနှစ်မှာ မတ် ၃၁ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၁၉ မှုရှိတဲ့အနက် သေဆုံး ကျားသုံးဦး၊ မသုံးဦး၊ ဒဏ်ရာရရှိသူ ကျား ၂၃ ဦး၊ မနှစ်ဦးနဲ့ ဆုံးရှုံးမှုတန်ဖိုးကျပ် ၉၉၅၀၀၀ ဖြစ်ပါတယ်၊ ဒါကြောင့် ပြည်သူများယာဉ်မတော်တဆမှု မဖြစ်စေရေးကို နေ့ညမပျက် ဆောင်ရွက်ပေးခဲ့ပြီး လိုက်နာမှုမရှိသောသူများကို ၂၀၁၅ မော်တော်ယာဉ်ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ပေမယ့် တင်းတင်းကျပ်ကျပ်တော့ မလုပ်ပါဘူး”ဟု အမှတ်(၉၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တာဝန်ခံ ရဲအုပ်စိုးမိုးအောင်က ဆိုသည်။

မြင်းခြံမြို့ခံ ကျောင်းသားတစ်ဦး၏ မိဘများကမူ “မြင်းခြံမြို့ဟာ ခရိုင်မြို့ဖြစ်တာကြောင့် နေ့စဉ်လိုလို စက်တပ်ယာဉ်ပေါင်းစုံသွားလာနေသလို ခြေကျင်လျှောက် ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် မလိုလားအပ်တဲ့ ယာဉ်မတော်တဆမှုများမဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့ ယာဉ်မောင်းသူများကို တင်းတင်းကျပ်ကျပ်ဆောင်ရွက်ပေးစေလိုပါတယ်”ဟု ပြောသည်။

မြင်းခြံမြို့နယ်အတွင်း ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်မပါခြင်း၊ နှစ်ယောက်ထက်ပို၍ စီးနင်းခြင်းများမပြုရန် စသည့် ပညာပေးမှုများပါဝင်သော လက်ကမ်းစာစောင်များကို ပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာဌာန များက အသိပေးဖြန့်ဝေပေးခဲ့သော်လည်း ယာဉ်မောင်းသူများက လိုက်နာမှုအားနည်းနေသေးလျက်ရှိသည်။ ဒေသခံပြည်သူများကမူ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပညာပေးခြင်းဆောင်ရွက်သည့်အပြင် စည်းကမ်းမလိုက်နာသော ယာဉ်များအား အရေးယူခြင်းကိုလည်း ထိရောက်တင်းကျပ်စွာ ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



## နှစ်ဆန်းတစ်ရက် ရွာသောမိုးဖြင့် တန်ခူးနှမ်းများ စတင်စိုက်ပျိုး

**ညောင်ဦး မေ ၂၀**

ညောင်ဦးမြို့နယ်အတွင်းရှိ မိုးကောင်းကြိုက်လယ်ယာများမှ တောင်သူများအနေဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် မမျှော်လင့်ဘဲရွာသောမိုးဖြင့် မေ ၁၈ ရက် (နှစ်ဆန်း ၂ ရက်)မှစ၍ မိုးဦးနှမ်းယဉ်များ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။ မိုးမှာ အမှတ်မထင် ရွာခြင်းဖြစ်၍ မိုးဦးနှမ်းမစိုက်ရသည်မှာ ကြာပြီဖြစ်သော ပျော့ကံရွာ၊ လက်ပန်တဲရွာ၊ ပုလင်းရွာ၊ လက်ထုပ်ရွာ၊ ဖက်တန်ရွာ၊ တဲမရွာ၊ ကံသာယာရွာ၊ ကုလားတဲရွာ၊ ရွာသာအေးရွာနှင့် ရမ်းဇမ်းကျေးရွာ စသည့် ကျေးရွာများတွင် မိုးဦးနှမ်းများ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်နယ်ဘက်တွေမှာ နှမ်းမစိုက်ပျိုးရတာ ကြာပါပြီ၊ နှမ်းမျိုးကလည်း ကိုယ့်ဒေသနဲ့ကိုက်တဲ့မျိုးကိုပဲ ရှာစိုက်ကြရတာပါ၊ ဒီနှစ်မှပဲ တန်ခူးမိုးရွာတဲ့အတွက် မိုးဦးသီးနှံ တန်ခူးနှမ်းကို ပြန်စိုက်ရတော့မှာ၊ တန်ခူးမိုးမရွာလို့ မိုးဦးနှမ်းမစိုက်ရတာ ၁၀ နှစ်လောက်ရှိသွားပြီ၊ နှမ်းမရတာလည်း ၁၀နှစ်လောက် ရှိသွားပါပြီ၊ အခုလို တန်ခူးမိုး စောစောရွာရင် သီးထပ်စိုက်ပျိုးလို့ရတာပေ့ါဟု ကံသာယာရွာမှ နှမ်းစိုက်တောင်သူဦးကျင်ငွေက ပြောသည်။ ယခုအချိန်တွင် မိုးသီးနှံ နှမ်းစိုက်နိုင်ပါက နှစ်လခန့်အကြာတွင် ရိတ်သိမ်းနိုင်ကြောင်း၊ နှမ်းစိုက်ပျိုးရန်အတွက် မျိုးနှမ်းကို ဈေးကြီးပေး၍ဝယ်ယူရပြီး မိုးဦးသီးနှံ နှမ်းစိုက်ခြင်းမှာ တောင်သူများအနေဖြင့် အမြတ်ရရန် ကံစမ်း၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ သီးနှံများပေါ်ချိန်တွင် ဈေးကောင်းမရပါက တောင်သူများအနေဖြင့် အရှုံးပေါ်သည်များလည်း ကြုံတွေ့ရကြောင်း ပျော့ကံကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **ကျော်ဌေး(ညောင်ဦး)**




# ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များနှင့် ကျောင်းတော်ကြီး ပြုပြင်ထိန်းသိမ်းရန် အလှူငွေလိုအပ်နေ

**ကျောက်တံခါး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဆင်ဇလုပ်ကျေးရွာအုပ်စု အင်းဝိုင်းကြီးကျေးရွာတွင် လွန်ခဲ့သော ၁၂၄၂ ခုနှစ်မှစ၍ ကျေးရွာသူကျေးရွာသားများ စုပေါင်းတည်ဆောက်ကာ ကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓဆင်းတုတော်များနှင့် အင်းဝိုင်းကြီးကျောင်းတော်ကြီးမှာ ယခုအခါ ပျက်စီးယိုယွင်းလာ၍ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အင်းဝိုင်းကြီးကျောင်း လက်ရှိကျောင်းထိုင်ဆရာတော် ဦးကောဝိဒက ဦးဆောင်၍ တည်ဆောက်လျက်ရှိကာ မူလ ကျောင်းတော်ဟောင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ကျေးရွာနေပြည်သူများ၏ လှူဒါန်းကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။ သို့သော် အင်းဝိုင်းကြီးကျေးရွာမှာ အိမ်ခြေ ၁၅၀ ခန့်ရှိပြီး ကျေးရွာနေပြည်သူအများစုမှာ လက်လုပ်လက်စားများဖြစ်၍ အသစ်တည်ဆောက်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်အတွက် အလှူရှင်များ လိုအပ်နေကြောင်း ဂေါပကဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောသည်။

သာသနာရေးဦးစီးဌာနသို့ အဆိုပါ ကျောင်းတော်ဟောင်းကြီးကိစ္စနှင့်ပတ်သက်၍ တင်ပြခဲ့ရာတွင် သာသနာရေးဦးစီးဌာနက ယခု ကျောင်းတော်ဟောင်းကြီးကို လက်ရှိအတိုင်း ထားရှိရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ညွှန်ကြားမှုကြောင့် ကျေးရွာမှအလှူရှင်များ စုပေါင်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း ဦးဆောင်အလှူရှင် ဦးလှထွန်း(မြေစာရင်း)က ပြောသည်။

ဆောက်လုပ်နေသော ကျောင်းဆောင်သစ်သည် အလျား ၇၂ ပေ၊ အနံ ၃၃ ပေရှိ အာရ်စီနှစ်ထပ် သွပ်မိုးအဆောက်အအုံဖြစ်ကာ အဆိုပါ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ကျောင်းတော်ဟောင်းကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းလိုပါက ဂေါပကဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း - ၀၉- ၄၂၀၁၅၉၃၇၆ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ ဘေးမဲ့ပေးရန် နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော မေ၊ ဇွန်နှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော ရေချို ပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များ၌ ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထို ပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ဖွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥများနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများကို ဖမ်းဆီးခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/ ၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ရေချိုပုစွန်တုပ်များသည် ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စား သုံးနိုင်ရန်၊ အမျိုးသား စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသောရေချို ပုစွန်တုပ်ကြီးများအား မေလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊**
**မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**ရတနာသစ်တော၊ ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ**

# ဝက်သည်းကန်ကြီးမှ ရေနေသတ္တဝါများဖမ်းဆီးနေမှုကို တားမြစ်ပေးစေလို



**စလင်း မေ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိဝက်သည်းကန်ကြီးမှာ ဘေးမဲ့ရေကန်ဖြစ်သော်လည်း ကန်အတွင်းမှ ငါးများအပါအဝင် ရေနေသတ္တဝါများနှင့် ငှက်များကို နေ့စဉ် ဖမ်းဆီးမှုများ ရှိနေသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တားမြစ်ပေးရန် ဒေသခံများ ဆန္ဒရှိနေကြကြောင်း သိရသည်။

အဆိုပါ ဝက်သည်းကန်ကြီးမှာ လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ကျော်ကပင် တည်ရှိခဲ့သော ကန်ကြီးဖြစ်ကြောင်း၊ မူလက ကန်ရေပြင်အကျယ် ၁၀၈၈ ဧက ရှိခဲ့သော်လည်း ယခုအခါ ကန်ရေပြင်အကျယ် ၅၃၀ ဧက ခန့်သာ ရှိတော့ကြောင်း၊ ဤဝက်သည်းကန်ကြီးရှိနေသောကြောင့် စလင်းမြို့တွင် နွေရာသီကာလများ၌ ရေရှားပါးခြင်း မရှိခဲ့ကြောင်း သိရသည်။

ဝက်သည်းကန်ကြီးကို ၁၉၅၃ ခုနှစ်မှစ၍ ဘေးမဲ့ကန်အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးခဲ့ပြီး ရေနေသတ္တဝါနှင့် ငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ကန်ကြီးကိုစောင့်ရှောက်ရန် သစ်တောဦးစီးဌာနကို တာဝန်ပေးထားသည်ဟု သိရသည်။ သို့သော် တာဝန်ရှိသူများက ကြပ်မတ်စောင့်ရှောက်မှု အားနည်းနေသဖြင့် ဝက်သည်းကန်ကြီးတွင် ရေနေသတ္တဝါများ နေ့စဉ်လိုလို ဖမ်းဆီးသတ်ဖြတ်ခံနေရသည်။ ငှက်မုဆိုးတို့လက်ချက်ကြောင့် လက်ရှိအချိန်တွင် ရေပျော်ငှက်များ မရှိသလောက် မျိုးသုဉ်းပျောက်ကွယ်နေပြီဖြစ်သည်။

ထို့အတူ ညအချိန်များတွင် ငါးဖမ်းကြသော တံငါများ၏ စည်းကမ်းမဲ့ ငါးဖမ်းဆီးနေမှုများကြောင့်လည်း ကန်အတွင်းမှ ငါးမျိုးများပြုန်းတီးမှုရှိနေကြောင်း၊ ကန်အတွင်းသို့ ငါးမျိုးစိတ် ပြန်လည်ဖြည့်တင်းမှုမှာလည်း နည်းပါးလျက်ရှိနေ၍ ဘေးမဲ့ ဝက်သည်းကန်ကြီးတွင် ငါးများအပါအဝင် ရေနေသတ္တဝါများနှင့် ငှက်များ မျိုးသုဉ်းသွားခြင်းမရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စောင့်ရှောက်ကာကွယ် ထိန်းသိမ်းပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

# ပြည်တွင်း/ပြည်ပ ကမ်းဝေးကမ်းနီးငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၀-၄-၂၀၁၇) ရက်နေ့စွဲပါညွှန်ကြားချက်အမှတ် (၃/၂၀၁၇) ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ဂွမြို့နယ်၊တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီ တွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ် ၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ပ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANIN-THARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

၂။ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပိတောက်၊ ငုဝါ၊ ဉသြနှင့် နှစ်သစ်ကိုကြိုဆိုခြင်း

**ကျွန်းသားငမန်း**



ဥသြငှက်ငယ်၏ လေးတွဲ့တွဲ့ တေးသံကိုကြားရသည်။သစ်ပင်တောတောင်တို့မှာလည်းသူတို့၏ ဝတ်ရုံဟောင်းများကို ခွာချကာ ဝတ်ရုံသစ်များကိုဆင်မြန်းထားကြပြီ။ မြင်ကွင်းများသည် စိမ်းလန်းစိုပြည်ကာ လှပသစ်လွင်လျက်ရှိနေသည်။ သင်္ကြန်ကာလ၏ ရာသီပန်းများဖြစ်သော ပိတောက်ပန်းနှင့် ငုဝါပန်းတို့ကလည်း အပြိုင်အဆိုင်ဖူးပွင့်လာကြပြီ။ ဘယ်နေရာကိုပဲ ကြည့်ကြည့်၊ မြင်ကွင်းများကတော့ ရှင်းလင်းပီပြင်ခြင်းမရှိ၊ မှုံမှိုင်းဝေရီကာ မြူတွေဆိုင်းနေသည်။ နှစ်သစ်ကို ကြိုဆိုနေသည့်သင်္ကြန်ကာလ၏ အမှတ်အသားများလည်းဖြစ်ကြသည်။ ဥသြငှက်ငယ်၏လေးတွဲ့တွဲ့တေးသံကလည်း လွမ်းမောဖွယ်ဖြစ်နေပြန်သည်။

တန်ခူးလတွင် သင်္ကြန်၏ သင်္ကေတ အမှတ်အသားဖြစ်သော ငုဝါပန်းနှင့် ပိတောက်ပန်းတို့အပြိုင် ဖူးပွင့်မြဲဖြစ်ကြသည်။ အလှချင်းတော့ မတူကြ။ အဝါကတော့အဝါပဲ။ သို့ရာတွင် အဝါချင်းလည်း မတူကြပြန်။ ငုဝါပန်းတို့၏ အဝါမှာဖျော့တော့တော့နိုင်လွန်းသည်။ အရောင်အသွေးအားဖြင့်လည်း တောက်ပခြင်းမရှိ။ ထို့အတူ အမွှေးနံ့ကလည်း ပိတောက်ပန်းလောက်စူးရှပြင်းထန်ခြင်းမရှိ။ ပိတောက်ပန်းကတော့ကြွားကြွားဝင့်ဝင့်ရှိလှသည်။ အဝါရင့်ရင့်ဖြင့် ပတ်ဝန်းကျင်တွင်တောက်ပနေတတ်သည်။ စူးရှပြင်းထန်သည့် ရနံ့တို့ကလည်း ပတ်ဝန်းကျင်ကိုလွှမ်းခြုံသင်းပျံ့နေစေသည်။ပိတောက်ပန်းနှင့် ငုဝါပန်းတို့မှာ သင်္ကြန်ပန်းချင်းတူညီကြသော်လည်း လူအများ၏ အလေးထားခံရခြင်းမှာ တူညီခြင်းမရှိ။လူအများတို့က ပိတောက်ပန်းကို အထွတ်အမြတ်ထား တန်ဖိုးထားကြသည်။တစ်နှစ်မှာ တစ်ခါသာပွင့်သောပန်းမို့ ပွင့်ဦးပန်းများကို ဘုရားမှာတင်လှူပူဇော်ကြသည်။ ခေါင်းတွင် ပန်ဆင်ရင်းဝင့်ကြွားကြသည်။ သည်အချိန်တွင် ငုဝါပန်းခမျာ မျက်နှာငယ်ရရှာသည်။ လူတွေက အလေးထားခြင်းမရှိကြ။ ငုဝါပန်းဆိုတာ သင်္ကြန်ပန်းဟုပင် မယူဆကြ။

တစ်နှစ်မှာတစ်ခါသာပွင့်သော ပန်းလည်းဖြစ်၊ နှစ်သစ်ချိန်ခါသင်္ကြန်ကာလတွင်ပွင့်သောပန်းများဖြစ်သည်မို့ ပိတောက်ပန်းနှင့် ငုဝါပန်းတို့၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ဝေဖန်စောကြောဖြစ်မိသည်။ သင်္ကြန်ပန်းချင်းအတူတူ၊ တစ်နှစ်မှတစ်ခါတည်းသာပွင့်သောပန်းများဖြစ်ကြပါလျက် ပိတောက်ပန်းနှင့် ငုဝါပန်းတို့၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကတော့ တူညီခြင်းမရှိကြ။ပိတောက်ပန်းမှာ အဖူးအငုံတွေဖြင့် ပြည့်နေပြား သူ့အားသူ့အင်ဖြင့်ပွင့်လန်းနိုင်ခြင်းမရှိ။ သင်္ကြန်မိုးလေး တစ်ဖြိုက်နှစ်ဖြိုက် လောက်ပက်ဖျန်းလိုက်မှ ပွင့်အာလာတတ်သည်။ ပိတောက်ပန်းကိုပွင့်နိုးပွင့်နိုးဖြင့် မျှော်ကိုးကြသူတို့သင်္ကြန်မိုးအရွာကို စောင့်ကြရသည်။ မိုးကလေးတစ်ပြိုက်နှစ်ပြိုက်ရွာလိုက်ပြီဆိုတော့မှ ပိတောက်ပန်းတို့က ရဲရဲဝင့်ဝင့် စွင့်စွင့်ငွားငွားဖြင့် ပွင့်အာလာကြသည်။ စွဲမက်ဖွယ်ရာသော အရောင်အဆင်းရနံ့များဖြင့် လောကကိုအလှဆင်ကြသည်။ ငုဝါပန်းကတော့ ထိုသို့မဟုတ်။ အဖူးကလေးတွေဖူးလာမည်။ပွင့်ချိန်တန်လျှင်ပွင့်လာမည်။ ဘယ်သူ၏အထောက်အပံ့ကိုမျှ မျှော်ကိုးခြင်းမရှိ။ ကိုယ့်အင်ကိုယ့်အား စွမ်းပကားဖြင့် ပွင့်အာလာခြင်းဖြစ်သည်။ သင်္ကြန်ပန်းနှစ်ခုကို ကြည့်ပြီး နှိုင်းယှဉ်စဉ်းစားမိခဲ့ခြင်းဖြစ်သည်။

ပိတောက်ပန်း၏အသွင်သဏ္ဌာန်မှာ လှပသည်။မြတ်နိုးဖွယ်ရာလည်းဖြစ်သည်။ အရောင်အဆင်း၊ အနံ့အားဖြင့် ပြောစရာမရှိ။ သို့ရာတွင် အနှစ်သာရကို ကြည့်လိုက်တော့သူများအားကိုးဖြင့် ပွင့်အာလာရသည့်အဖြစ်။ ကိုယ်စွမ်းကိုယ်စမဲ့လှသည်။ ငုဝါပန်းကတော့သည်လိုမဟုတ်။ အသွင်သဏ္ဌာန်အားဖြင့် မလှမပနှင့်အများတို့၏နှစ်လိုခြင်းမရှိသည်ကို တွေ့ရမည်။ သို့ရာတွင်ကိုယ့်အင်ကိုယ့်အားနှင့် ဖူးပွင့်ဝေစည်နေတတ်သည်။ ဖူးချိန်တန်လျှင်ဖူးပြီး ပွင့်ချိန်တန်လျှင်ပွင့်အာလာတတ်သည်။အနှစ်သာရအားဖြင့်လည်းကိုယ်ပိုင်အရည်အချင်းတွေ အပြည့်ရှိသည်။

သင်္ကြန်ကာလတွင် ဖူးပွင့်လာတတ်သည့် သင်္ကြန်ပန်းများကိုယှဉ်ကြည့်ပြီး စဉ်းစားဆင်ခြင်နေမိခြင်း ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အများတကာတို့က ကြင်နာသနားနေကြသော ဥသြ ငှက်ငယ်၏ အကြောင်းကိုလည်း တွေးတောဆင်ခြင်ဖြစ်မိပြန်သည်။ ဥသြငှက်တို့မှာ မိမိကိုယ်ပိုင်အသိုက်အမြုံမရှိကြ။ မိမိ၏ရင်သွေးဥကိုဥရာတွင်ပင် အရောင်အသွေးတူကျီးကန်းများ၏အသိုက်သို့ဝင်၍ ဥတတ်ကြသည်။ ဥမှအကောင်ပေါက်လာသည့်တိုင် ကြည့်ရှုစောင့်ရှောက်ခြင်း မရှိတတ်ကြ၊ တာဝန်ယူခြင်းလည်းမရှိ။ တာဝန်မဲ့လွန်းလှသည်။အများပြောကြသည့် မိခင်စိတ်ဆိုသည်မှာ ဝေလာဝေး။ ဥသြငှက်တို့နှင့် လားလားမှမဆိုင်သလိုပင်။ သင်္ကြန်နှင့်အတူ နှစ်ဟောင်းကိုစွန့်ပစ်၊ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီ။ တစ်နှစ်တာကာလအတွင်း လုပ်ခဲ့ကိုင်ခဲ့သည်များ ကိုဆင်ခြင်သုံးသပ်ပြီး နှစ်သစ်တွင်စိတ်သစ်၊ အတွေးသစ်များကို မွေးဖွားပြီးအားသစ် အင်သစ်များဖြင့် ခရီးဆက်ကြမည်ဟု ဆိုကြသည်။ ဤသို့ခရီးဆက်ကြရာ၌ မိမိကိုယ်ကိုယ် မိမိဆင်ခြင်သုံးသပ်သလို၊ မိမိတို့ပတ်ဝန်းကျင်ရှိ သဘာဝတောတောင်များဖြစ်တည် နေသည့်အခြေအနေများကို လေ့လာသုံးသပ်ကာ ဆင်ခြင်စဉ်းစားသုံးသပ်နိုင်ကြမည်။ သည်လိုသုံးသပ် ဆင်ခြင်ရာ၌ ဝေးဝေးလံလံကိုကြည့်၍ သုံးသပ်ဆင်ခြင်စရာမလို။ မိမိ၏အတွင်း သရုပ်ကိုပြန်ကြည့်ပြီး မိမိကိုယ်ကိုယ်မိမိ ဝေဖန်သုံးသပ်နိုင်ကြသည်။ ထို့အတူ မိမိ၏ပတ်ဝန်းကျင်၌ ဖြစ်တည်နေသည့် အဖြစ်အပျက်၊ အကြောင်းခြင်းရာများကို ကြည့်၍ဘဝနှင့် ယှဉ်ကာ သုံးသပ်ဆင်ခြင်နိုင်ကြသည်။ နှစ်ဟောင်းကိုချန်ရစ်၊ နှစ်သစ်တစ်နှစ်သို့ ခရီးဆက်ကြရာတွင်မိမိနှင့်အနီးပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် ဩကာသလောကအတွင်း အဖြစ်အပျက်များ၊ အကြောင်းအရာများမှ သင်ခန်းစာရယူနိုင်ကြသည်။ တွေးတောဆင်ခြင်နိုင်ကြသည်။ မိမိတို့ရှေ့ဆက်ရမည့် ခရီးတွင်ပိတောက်ပန်းလို အသွင်သဏ္ဌာန်အားဖြင့် သာလှပြီး အနှစ်သာရအားဖြင့် အခြားသော အထောက်အပံ့ဖြင့် ပွင့်အာလာရသည့် ပိတောက်ပန်းလိုလူစားအဖြစ် ရပ်တည်သွားကြမလား၊ အသွင်သဏ္ဌာန်မလှသော်လည်း မိမိ၏ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် ဖူးပွင့်လာသော ငုဝါပန်းကိုစံနမူနာယူကြမလား၊ ဥသြငှက်လို မေတ္တာစိတ်ခေါင်းပါးရေသာခို အချောင်လိုက်ကာတာဝန်သိမှု၊တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသူတစ်ဦးအဖြစ် ခရီးဆက်ကြမလား။ စဉ်းစားဆင်ခြင်ကြရန်လိုအပ်ကြပါလိမ့်မည်။

**ဥသြငှက်တို့မှာ မိမိကိုယ်ပိုင်အသိုက် အမြုံမရှိကြ။ မိမိ၏ရင်သွေးဥကို ဥရာတွင်ပင် အရောင်အသွေးတူ ကျီးကန်းများ၏ အသိုက်သို့ဝင်၍ ဥတတ်ကြသည်။ ဥမှ အကောင် ပေါက်လာသည့်တိုင် ကြည့်ရှုစောင့်ရှောက်ခြင်း မရှိတတ်ကြ၊ တာဝန်ယူခြင်းလည်းမရှိ။ တာဝန်မဲ့လွန်းလှသည်။ အများပြောကြသည့် မိခင်စိတ်ဆိုသည်မှာ ဝေလာ ဝေး။ ဥသြငှက်တို့နှင့် လားလားမှ မဆိုင်သလိုပင်**

## ပုသိမ်ရေယာဉ်နစ်မြုပ်မှုအာမခံမှ နစ်နာကြေးငွေပေး

**ရန်ကုန် ဧပြီ ၂၀**

မကြာသေးမီက ပုသိမ်မြို့နယ်၌ ရေယာဉ်နစ်မြုပ်မှုတွင် သေဆုံးသွားသူ ၃၀ အတွက် မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးငွေများ ပုသိမ်မြို့သို့ သွားရောက်ပေးအပ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ ပြီးခဲ့တဲ့ ဧပြီ ၇ ရက် ညပိုင်းက ပုသိမ်မြို့နယ်မှာ ကျောက်တင်သင်္ဘောနဲ့ငွေကြယ်ပွင့်ရေယာဉ်တို့တိုက်မိပြီး နစ်မြုပ်သွားတဲ့ရေယာဉ်နဲ့အတူသေဆုံးခဲ့သူ ၃၀ ဦးအတွက် သူတစ်ပါးထိခိုက်မှု အာမခံနစ်နာကြေးငွေကျပ်သိန်း ၃၀၀ ကို ပြီးခဲ့တဲ့ ဧပြီ ၁၂ ရက်က ပုသိမ်မြို့ ရှေ့ခြွေဝါခန်းမမှာ သွားရောက်ပေးအပ်ခဲ့ပါတယ်။ ဒီအခမ်းအနားမှာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီနဲ့ တာဝန်ရှိသူတွေလည်း တက်ရောက်ခဲ့ပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြောသည်။

မြန်မာ့အာမခံလုပ်ငန်းမှ သေဆုံးသူ ၃၀ အတွက် သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးငွေကျပ်သိန်း ၃၀၀ အပြင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထပ်မံဆယ်ယူရရှိသည့်သေဆုံးသူ ၁၀ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၅၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ တစ်ဦးလျှင်ငွေကျပ်သုံးသိန်းစီဖြင့် ငွေကျပ်သိန်း ၃၀၊ ကမ္ဘောဇအနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းမှ တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၅၀ တို့ကို တာဝန်ရှိသူများက သေဆုံးသူမိသားစုဝင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ တွေ့ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

**အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-**

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။

(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။

(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွဲရွဲ တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေပါသည်။)

**နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။**

# လူသားတို့အား အကျိုးပြုဆေးဖက်ဝင်သည့် ရှားစောင်းလက်ပပ်

**ဇွဲထက်ရှင်**

ရှားစောင်းလက်ပပ် (တစောင်းလက်ပပ်)ဟု ခေါ်ဆိုသော အပင်သည် အခြားသော အပင်များနှင့်မတူ လူတို့၏ခန္ဓာကိုယ်ကျန်းမာရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရန် ကြီးမားစွာ အထောက်အကူပေးပါသည်။ ကျန်းမာရေးနှင့် ခွန်အားတိုးတက်စေရေးကို ပြိုင်ဖက်ကင်းစွာဖြည့်ဆည်းပေးနေပါသည်။

ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက လူသားတို့သည် အသက်ရှည်ကျန်းမာခြင်းနှင့် အရွယ်တင် နုပျိုစေသော သင်္ကေတအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သက်ဝင်ယုံကြည်ခဲ့ကြသည့် ဆေးဖက်ဝင်အပင်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ရှားစောင်းလက်ပပ်သည် အကြီး၊ အငယ်နှင့် ရှားစောင်းလက်ပပ်(အနီ) ဟူ၍ သုံးမျိုးရှိသည်။ ရှားစောင်းလက်ပတ်(အကြီး)မှာ ချို၏။ အေး၏။ ဓာတ်များကို ပြုပြင်တတ်၍ ခြင်ဆီဓာတ်ပွားများစေ၏။ ဝဖြိုးစေ၏။ ကာမကို တိုးပွား စေ၏။ အဆိပ်များကို ပယ်ရှင်းစေ၏။ မျက်စိရောဂါ၊ အနာ၊ အဖျဉ်းရောဂါ၊ အသည်းရောဂါ၊ ချောင်းဆိုးရောဂါ၊ ရေယုန်ရောဂါ၊ အရေပြားရောဂါ၊ ပန်းနာရောဂါ၊ ဆီး ရောဂါနှင့် ကျောက်တည်သော ရောဂါများကို ကာကွယ်နိုင်သောဆေးပင်ဖြစ်သည်။ ရေဖျဉ်းရောဂါဖြစ်ပါက ရှားစောင်းလက်ပပ်(အကြီး) အတွင်းသားအနှစ်အား လက်ချားမီးဖောက်အမှုန့် အနည်းငယ်ဖြူး၍ စားပါက ရေဖျဉ်းရောဂါသက်သာပျောက်ကင်း၏။ ရှားစောင်းလက်ပပ် (အကြီး) အတွင်းသားကို ခပ်ပျစ်ပျစ်ကျို၍ အနာပေါ်သို့ အုံကပ်ပေးပါက အနာနုလျှင်ပိန်၊ ရင့်လျှင် ပြည်ပေါက်၍ ပျောက်ကင်းစေသည်။ လေရောဂါ၊ လေပူလုံးရှိသူများ ရှားစောင်းလက်ပပ်(အကြီး)၏ အဆီခေါ်အတွင်းသား ခြောက်ပဲ၊ ထောပတ် ခြောက်ပဲ၊ ကြံစုအမှုန့်တစ်ပဲနှင့် သိန္ဓောဆားတစ်ပဲသားတို့ကို ရောစပ်၍ စားပါက လေရောဂါပျောက်၏။ ရှားစောင်းလက်ပပ်အနှစ်ကို ဆန်ဆေးရည်တွင် တစ်နာရီခန့်စိမ်ပါ။ စိမ်ပြီး အနှစ်ငါးကျပ်သားကို သကြားအနည်းငယ်နှင့် အရည် ထွက်အောင်ခေါက်၍ သောက်ပါက နွေရာသီတွင် အဖြစ်များသည့် ဆီးပူဆီးအောင့်ရောဂါပျောက်ကင်းစေသည်ဟု ဆေးကျမ်းများတွင် ရေးသားထားသည်ကို မှတ်သားမိပါသည်။

ကမ္ဘာ့တိုက်ကြီးများတွင် ယဉ်ကျေးမှုနှင့် ဘာသာရေးများ အမျိုးမျိုးကွဲပြားနေလင့်ကစားလူသားများကို အကျိုးပြုသော



ရှားစောင်းလက်ပပ်ပင် (Aloe Vera ) ကို အမြတ်တနိုးတန်ဖိုးထားကာ အမည်အမျိုးမျိုးပေးခဲ့ကြပါသည်။ အာဖရိကတိုက်ကြီးတွင် သဲကန္တာရမှာ ပွင့်လန်းတဲ့ ကြာပန်းဟူ၍လည်းကောင်း၊ အမေရိကန်ရက်အင်ဒီယန်း လူမျိုးများက မိုးကောင်းကင်ကြီးမှ ပဥ္စလက်ဟူ၍လည်းကောင်း၊ မာယာ လူမျိုးများက ထာဝစဉ်နုပျိုစေသော နတ်ရေကန်ဟူ၍တင်စားထားသည်မှာ အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းအောင် အစွမ်းသတ္တိရှိကြောင်းကို ယုံကြည်ကြခြင်းကြောင့်လည်း ထိုကဲ့သို့ အမွှန်းတင်ကြကြောင်း၊ ဆူမားရီးယန်းလူမျိုးများက ဘုရားများပေးသော လက်ဆောင်၊ အီဂျစ်လူမျိုးများက ဘုရားသခင်များ၏ အသွေးတော်ဟု တင်စားခဲ့ကြသည်ဟု သိရပါသည်။

ရှေးနှစ်ပေါင်း ၆၀၀၀ ကျော်ကာလကတည်းက အီဂျစ်ဘုရင်မနီဖာတိတိ (Nefertiti) နှင့် ကလီယိုပါထရာ (Cleopatra) တို့က ခန္ဓာကိုယ်အလှနှင့် ကျန်းမာအသက်ရှည်စေရန်အတွက် ရှားစောင်းလက်ပပ်ကို အသုံးပြုခဲ့ကြောင်း ရှေးခေတ် ဂူဘုရားကျောင်းနံရံများတွင် ပန်းချီရေးဆွဲမှတ်တမ်းတင်ထားခဲ့ကြောင်း အထောက်အထားများတွေ့ရှိခဲ့ရသည်ဟု လေ့လာသိရှိရပါသည်။

ယခုအခါရှားစောင်းလက်ပပ်ကို မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် ခေတ်မီစက်ကြီးများဖြင့် ကျန်းမာရေးအတွက်ဆေးဖော်စပ်၍ တော်တော်များများ အသုံးများလာကြသည်။ ထို့အပြင် ခန္ဓာကိုယ် အသားအရေကိုကာကွယ်ရန် လိုးရှင်းနှင့် ခရင်များတွင်လည်း ရှားစောင်းလက်ပပ်ကို အဓိက အသားအရေ ရေဓာတ်ဖြည့်ပေးရန်နှင့် နေလောင်ဒဏ်များကို ကာကွယ်ပေးရန် ပါဝင်အသုံးပြုလာကြသည်။ ခေတ်နှင့်အညီထုတ်လုပ်သော အစားအစာများ အချိုရည်များအဖြစ်လည်း သောက်သုံးလာကြသည်။ စာတမ်းများတွင်ဖော်ပြထားသည်မှာ "အသားအရေကို အာဟာရပေးပြီးအဓိက ဖြည့်ပေးပါတယ်။ ရှားစောင်းလက်ပပ်က အချွဲတွေကို မျက်နှာလိမ်းပေးခြင်းဖြင့် အသားအရေကို ပိုမိုချော့မွေ့စေနိုင်ပါတယ်"ဟု ကြော်ငြာများ၌ ထည့်သွင်းအသုံးပြုကြသည်။

ရှားစောင်းလက်ပပ်ရဲ့ ဗီတာမင်နဲ့ သတ္တုများစွာပါဝင်သောကြောင့်ရရှိသည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာ ဆိုလျှင် ခုခံအားကျဆင်းမှုကို ကာကွယ်ပေးခြင်း၊ နေလောင်ဒဏ်ကြောင့်အသားလောင်ခြင်းကို သက်သာပျောက်ကင်းစေခြင်း၊ ရောင်ရမ်းခြင်းကို သက်သာစေခြင်း၊ ခန္ဓာကိုယ်ယားယံစေသည့်အကောင်များ ကိုက်ခြင်းတို့ကြောင့် ရောင်ရမ်းသည်များကိုလည်း ရှားစောင်းလက်ပပ်၏ အလယ်မှရရှိသောအချွဲကို လိမ်းပေးခြင်းဖြင့်လည်း သက်သာစေနိုင်ခြင်းနှင့် ရှားစောင်းလက်ပပ်မှ ရေဓာတ်ကို သိုလှောင်ထားရှိနိုင်ခြင်းကြောင့် မိုးနည်းဒေသများတွင် စိုက်ပျိုးရှင်သန်နေနိုင်ပါသည်။ ထို့ကြောင့် နေရာကျဉ်းမြောင်းပါက ရှားစောင်းလက်ပပ်အပင်ကို အလှဆင်သည့် ပန်းအိုးများ၌လည်း စိုက်ပျိုးအသုံးပြုနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# မိုးညှင်းဒီဂရီကောလိပ်ကို တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ရန် ပြည်နယ်လွှတ်တော်၌ အဆိုတင်သွင်း

**မိုးညှင်း မေ ၂၀**

ကချင်ပြည်နယ်တွင် ခရိုင် လေးခရိုင်ရှိပြီး တစ်ခရိုင်ချင်းအလိုက် လူဦးရေအချိုးအစားမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြစ်ကြီးနားခရိုင်တွင် ၅၃၁ ဒသမ ၄၅၆၊ ဗန်းမော်ခရိုင်တွင် ၃၄၆ ဒသမ ၅၂၀၊ ပူတာအိုခရိုင်တွင် ၉၁ ဒသမ ၂၅၇ ဖြစ်ပြီး မိုးညှင်းခရိုင်တွင် ၆၇၃ ဒသမ ၆၀၈ ဖြစ်၍ လူဦးရေအများဆုံးခရိုင်ဖြစ်သည်။ မိုးညှင်းဒီဂရီကောလိပ်၏ လက်ရှိကျောင်းသားဦးရေမှာလည်း ၆၀၄၀ ရှိပြီး အခြားသော တက္ကသိုလ်များဖြစ်သည့် ကလေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်တို့ထက် ကျောင်းသားဦးရေပိုများသည်။ တက္ကသိုလ်အရည်အချင်းနှင့် လျော်ညီသောကြောင့် တက္ကသိုလ်ဖြစ်သင့်ကြောင်း ပြည်နယ်လွှတ်တော်၌ မတ် ၂၉ ရက်က မိုးညှင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အဆိုတင်သွင်းခဲ့ရာ ကန့်ကွက်သူမရှိကြောင်း သိရသည်။




"လွှတ်တော်မှာ ကတိကဝတ် ကော်မတီဆိုတာရှိတယ်၊ အဆို အောင်ရင်ဖြစ်ဖြစ်၊ မေးခွန်းလုပ်မေး ပါဆိုရင် ဝန်ကြီးကပြန်ဖြေတာပဲဖြစ်ဖြစ် လွှတ်တော်ထဲပါပြီဖြစ်လို့ လာမယ့်နှစ်ဘတ်ဂျက်မှာ ရေးဆွဲပေးရမှာပါ" ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ကချင်ပြည်နယ် လူမှုရေးဝန်ကြီး၏ ထောက်ခံမှု၊ လွှတ်တော်တစ်ခုလုံး၏ ထောက်ခံမှုအပြည့်ဖြင့် ပြည်ထောင်စုအစိုးရထံတင်ပြပြီးဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


**သစ်တောနှင့်သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်မကျရောက်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**


**"မီးလောင်လျှင်"**

(၁) ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ထားပါ။
(၂) ကြိတ်မငြိမ်းပါနှင့်ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင်မီးလောင်မှုကြီးမဖြစ်နိုင်ပါ။ **မီးသတ်ဦးစီးဌာန**

# ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးဝေ

**ပလောက် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ပလောက်မြို့ အမှတ်(၃)ရပ်ကွက်၌ ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်များကို မေ ၁၉ ရက် နံနက် ၈ နာရီက အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ပေးဝေခဲ့သည်။

အဆိုပါခြင်ထောင်များကို မြို့နယ်ပြည်သူ့ဆေးရုံမှ အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်ရီရီသိန်းနှင့်အဖွဲ့သည် ခြင်ကိုက်ခြင်းကြောင့်ဖြစ်ပေါ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့်ရောဂါများ ကင်းဝေးစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆေးစိမ်ခြင်ထောင် နှစ်ယောက်အိပ်တစ်လုံး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးလျှင် ဆေးစိမ်ခြင်ထောင်တစ်လုံးစီဖြင့် စုစုပေါင်းဆေးစိမ်ခြင်ထောင် ၁၂၉ လုံးအား အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

ထို့နောက်အဆိုပါအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# နွေရာသီရောက်တိုင်း ပြင်ဦးလွင်ကို သတိရမိသည်

**— — ခရမ်းစိုးမြင့် — —**



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးအတွင်းရှိ တစ်နေရာအားတွေ့ရစဉ်

ပြင်ဦးလွင်...။

ပူပြင်းလှသည့် နွေရာသီရောက်တိုင်း သတိတရဖြစ်သည့်မြို့တစ်မြို့ဖြစ်သည်။ စိမ့်စမ်းရေ၊ ပန်းပင်၊ သစ်ပင်နှင့် သစ်တောများပေါများ၍လည်း နေရာတိုင်း၌ အေးမြပြီး သာယာလှသည်။ ထိုမြို့ကလေးကို ပုဂံမင်းလက်ထက်သက္ကရာဇ် ၁၂၁၂ အေဒီ ၁၈၅၀ တို့တွင် စတင်တည်ထောင်ခဲ့သည်ဟု သိရသည်။ ထို့ပြင် "ပြင်ဦး" ဆိုသည့် အမည်ကို သက္ကရာဇ် ၁၂၄၉ အေဒီ ၁၇၈၇ ဗဒုံမင်းလက်ထက်တွင် ထုတ်ပြန်သော အမိန့်တော်တစ်ခု၌ ပါရှိနေသောကြောင့် ထိုနှစ်မှစ၍ တည်ရှိနေပြီဟုလည်း ဆိုကြသည်။

မြန်မာဘုရင် သီပေါမင်းပါတော်မူပြီးနောက် ၁၈၈၆ ခုနှစ်တွင် အမှတ်(၅) ဘင်္ဂလားတပ်ရင်းမှ တပ်မှူး ဗိုလ်မှူးကြီးမေပြင်ဦးလွင်သို့ရောက်လာပြီး ကျေးရွာမှ မြို့အဆင့်အထိတိုးမြှင့်ဆောင်ရွက်ခဲ့သောကြောင့် ဗိုလ်မှူးကြီးမေကို ဂုဏ်ပြုသောအားဖြင့် မေမြို့ဟုပြောင်းလဲခေါ်တွင်သည်ဟု သိရသည်။ ထို့နောက် (ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာပြီး ဂျပန်အုပ်ချုပ်နေသည့် ကာလအတွင်း ဒေါက်တာဘမော် အစိုးရလက်ထက် ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ပြန်တမ်းအရ မေမြို့အမည်မှ ပြင်ဦးလွင်ဟု ပြင်ဆင်သတ်မှတ်ခဲ့သော်လည်း မေမြို့ဟုသာ ခေါ်တွင်ခဲ့ကြသည်။ ယင်းနောက် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာတို့ဖြင့် မေမြို့အမည်မှ ပြင်ဦးလွင်ဟု ပြင်ဆင်သတ်မှတ်ခဲ့ပြီးနောက် နှစ်(၁၀၀)ပြည့်ပွဲတော်ကို ၁၉၉၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။

တောင်ကုန်းတောင်တန်းအသွယ်သွယ်တို့ဖြင့် သာယာလှပြီး ရာသီတိုင်းအေးမြနေသည့် ထိုမြို့ကို ပြည်တွင်း ပြည်ပဧည့်သည်များအမြဲ အလည်လာကြလျက်ရှိသည်။ မြို့နယ်အတွင်း လယ်မြေနှင့် ယာမြေများ၌ စပါး၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သုံးသီးနှံများ၊ အစေ့ထုတ်ပြောင်း၊ အထူးသဖြင့် ကော်ဖီစိုက်ပျိုးရေးခြံများ၊ မက်မန်း၊ စတော်ဘယ်ရီ၊ ဆီးသီး၊ လက်ဖက်၊ ငရုတ်ကောင်း၊ ရော်ဘာ၊ ဆီအုန်း စသည့်သီးနှံများနှင့် ပန်းမျိုးစုံစိုက်ပျိုးထွက်ရှိသည်။

မြို့နယ်အတွင်းထင်ရှားသော စေတီပုထိုးများမှာ ရွှေမြင်တင်ဘုရား၊ ဇီနမာန်အောင်၊ လွတ်လပ်ရေးကျောက်တောင်စေတီ၊ လေးမျက်နှာဘုရား၊ အောင်မြေဘုံသာ၊ ဈေးတောင်ကျောင်းကြီး၊ ကပ်ကျော်အောင်မြေသာယာ၊ ရွှေစည်းခုံစေတီ၊ မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီး၊ နေဝင်တောင်ဘုရား၊ စော်ဘွားတောင်ဘုရား၊ ဦးနန်းရှင်ဘုရား၊ နောင်ခမ်းကြီးတောင်ဘုရား၊ ဓာတ်တော်ချိုင့်ဘုရား၊ နှီးဘုရားကြီး၊ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူဘုရားစသည့် သာသနာ့နယ်မြေဘုရားစေတီ အများအပြားရှိသည်။

ထိုအထဲမှ ပိတ်ချင်းမြောင်မဟာနန္ဒမူလိုဏ်ဂူသည် ဟိုဝေးသောကာလက အတိတ်သမိုင်းတစ်ခုရှိခဲ့သည်ဟု သိရသည်။ ထိုအတိတ်သမိုင်းမှာ လူယောင်ဖန်ဆင်းထားသော နဂါးမနှင့် ဝိဇ္ဇာဓိုရ်လူသားတို့၏ အချစ်ဇာတ်လမ်းဟု သိရပြီး နဂါးမ၏ မောင်တော်သိ၍ ခွဲခွာခြင်းခံရသည်ဟု ဆိုသည်။ ထို့ကြောင့် လိုဏ်ဂူတော်နှင့်မနီးမဝေးတွင် နဂါးရုပ်ကြီးတစ်ရုပ် ကြီးမားစွာ ပြုလုပ်ထားသည်။ ဂူတွင်းမှ စီးဆင်းလာသော စမ်းရေများက မိုးတွင်းကာလတွင် ဂူပြင်ပ၌ ရေတံခွန်ပြင်ကျယ်ကြီးဖြစ်နေသဖြင့် ကြည့်၍ကောင်းလှသည်။

ယင်းရေတံခွန်ပြင်ကျယ်ကြီးအတွင်း ရေချိုးသူ၊ လမ်းလျှောက်သူ၊ ဓာတ်ပုံရိုက်သူများဖြင့် အမြဲစည်ကားလျက်ရှိသည်။ ရေပန်းကလေးများလည်း ပြုလုပ်ထားပြီး ရေများစီးမျောသွားရာ စမ်းချောင်းကလေးများ၊ ရေတံခွန်သွယ်ဖြာကလေးများပေါ်တွင် လမ်းလျှောက်ကြည့်ရှုခံစားနိုင်ရန် လက်တန်းပါသော သစ်သားကုန်းတံတားလေးများ ထိုးပေးထားသည်။ ထိုအရာများက လိုဏ်ဂူကြီး၏ ပြင်ပရှုခင်းများဖြစ်ပြီး လိုဏ်ဂူတော်ကြီးအတွင်း ဝင်လိုက်သည်နှင့်ဘုရားစေတီများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရှေးဟောင်းဘုရားများကို ဖူးတွေ့ရ၍ ရင်ကိုအေးမြသွားစေသည်။



ပြင်ဦးလွင်ရှိ ပိတ်ချင်းမြောင်အပန်းဖြေစခန်းရေတံခွန်တွင် ရေချိုးအပန်းဖြေသူများကိုတွေ့ရစဉ်

မြို့လယ်တွင် ပန်းမျိုးစုံပွင့်၍ ပွင့်သောပန်းတိုင်းမွှေးလျက်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ၍ အနားယူအပန်းဖြေနိုင်သော နေရာကောင်းဖြစ်သည်။ ပန်းမျိုးစုံပေါသည့် ဥယျာဉ်ကြီးတွင် ပန်းပွဲတော်များမကြာခဏ ကျင်းပလေ့ရှိသဖြင့် ပန်းချစ်သူများအတွက် ပျော်စရာကမ္ဘာလေးတစ်ခုဟု ဆိုကြသည်။ ထိုဥယျာဉ်ကြီးတွင် ရှားပါးသစ်ခွပန်းများတွေ့ရသလို၊ ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်စသော တိရစ္ဆာန်များကိုလည်း တွေ့နိုင်သည်။ ထို့အပြင် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့်ကပ်လျက်လမ်းတစ်ခုသာခြားပြီး တိုင်းရင်းသားရွာများကို သွားရောက်လေ့လာနိုင်သည်။

ထို့အပြင် ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်းက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခု ကိုယ်စား ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်နှင့် မြစ်ဆုံ၊ ကရင်ပြည်နယ်မှ ဇွဲကပင်တောင်၊ ချင်းပြည်နယ်မှ ရိဒ်ရေကန်နှင့် နတ်မတောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကောင်းမှုတော်ဘုရားကြီးနှင့် စစ်ကိုင်းတောင်တော်၊ မန္တလေးတိုင်းဒေသကြီးမှ မြနန်းစံကျော်ရွှေနန်းတော်နှင့် ကျုံးမြို့ရိုးတံတား၊ အာနန္ဒာဘုရား၊ မကွေးတိုင်းဒေသကြီး အထိမ်းအမှတ်အဖြစ် ရေနံမြေများ၊ ရှမ်းပြည်နယ်မှ ဂုတ်ထိပ်တံတားနှင့် အင်းလေးကန်၊ ကယားပြည်နယ်အထိမ်းအမှတ် တောင်ကွဲစေတီ၊ ဧရာဝတီတိုင်းဒေသကြီးမှ မော်တင်စွန်းနှင့် ဘုရင့်နောင်အငူ၊ မွန်ပြည်နယ်မှ ကျိုက်ထီးရိုးဘုရား၊ ပဲခူးတိုင်းဒေသကြီးမှ ကမ္ဘောဇစေတီ၊ ရန်ကုန်တိုင်းဒေသကြီးမှ ရွှေတိဂုံစေတီနှင့် မြို့တော်ခန်းမ၊ ပြည်သူ့ရင်ပြင်၊ ရခိုင်ပြည်နယ်အထိမ်းအမှတ် သျှစ်သောင်းပုထိုးတော်ကြီးတို့ကို လေ့လာကြည့်ရှုနိုင်မည်။

ထိုမှတစ်ဖန် နန်းမြင့်မျှော်စင်ပေါ်မှ ကြည့်လျှင် မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရားကြီး ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် လိုဏ်ဂူဘုရားကြီးကို ဖူးတွေ့နိုင်သကဲ့သို့ ပြင်ဦးလွင်ပန်းမြို့တော်၏အလှကို အပေါ်စီးမှမြင်ရသည့် မြင်ကွင်းအဖုံဖုံတို့က စိတ်ဝင်စားစရာကောင်းလှသည်။ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတွင်လည်း ရေတံခွန်အဆင့်ဆင့်တို့က တဝေါဝေါမြည်အောင် စီးဆင်းနေသဖြင့် အပန်းဖြေသူ၊ အေးရိပ်ရှာလိုသူတို့အတွက် နေရာကောင်းတစ်ခုဖြစ်သည်။ မြို့ကလေးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၃၈ ပေတွင် တည်ထားသော မြို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု မြို့တော်ဟုခေါ်ကြသည့် မန္တလေးမြို့အရှေ့ဘက် (၄၂)မိုင်သာ ကွာဝေးသည်။ ထို့ကြောင့် ကျွန်တော်သည် နွေရာသီရောက်တိုင်း ပြင်ဦးလွင်ကို သတိရတမ်းတနေမိပါတော့သည်။

**မြို့လယ်တွင် ပန်းမျိုးစုံပွင့်၍ ပွင့်သော ပန်းတိုင်းမွှေးလျက်ရှိသော အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ၍ အနားယူ အပန်းဖြေနိုင်သောနေရာကောင်း ဖြစ်သည်။ ပန်းမျိုးစုံပေါသည့် ဥယျာဉ်ကြီးတွင် ပန်းပွဲတော်များ မကြာခဏ ကျင်းပလေ့ရှိသဖြင့် ပန်းချစ်သူများအတွက် ပျော်စရာကမ္ဘာလေး တစ်ခုဟု ဆိုကြသည်။**

## နီပဆေးတောကျေးရွာ၌ သုတအလင်း စာကြည့်တိုက်ဖွင့်

**ရေစကြို ဧပြီ ၂၀**

ရေစကြိုမြို့နယ် နီပဆေးတောကျေးရွာသုတအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၁၉ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ရပ်မိရပ်ဖဦးရဲမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်က စာကြည့်တိုက်များရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ကိုတိုးအောင်က စာကြည့်တိုက်တည်ဆောက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စာရေးဆရာ သန်းဝင်းလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးရွာသုတအလင်းစာကြည့်တိုက် ဖွင့်ပွဲအထိမ်းအမှတ် နှစ်ဦးအကြိုစာပေဟောပြောပွဲကို ဧပြီ ၁၉ရက် ညဂနာရီ၌ ကျင်းပခဲ့ပြီး စာရေးဆရာများဖြစ်သော ဆရာသန်းဝင်းလှိုင်နှင့် ဆရာမနှင်းပန်းအိမ်တို့က ဟောပြောခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

# ပုထုဇနော ဥမ္မတ္တကော

## ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး (အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး)



ဆေးတက္ကသိုလ်များ၏ ဆေးပညာသင်ကြားရေးပြဋ္ဌာန်းစာအုပ်များ၌ ဖော်ပြထားချက်အရ စိတ်ကျန်းမာရေးကောင်းမွန်သူနှင့်စိတ်ကျန်းမာရေး ဝေဒနာခံစားနေရသူတို့အကြား တိကျပြတ်သားသောခြားနားခြင်းစည်းမရှိပေ။ ဆိုလိုသည်မှာ ရူးသွပ်သူဟု သတ်မှတ်နိုင်သည့် စိတ်ကျန်းမာရေး၏ ထင်ရှားသောမျဉ်းမရှိခြင်းပင်ဖြစ်သည်။ သို့ရာတွင် ခေတ်သစ်ဆေးပညာတွင် စိတ်ကျန်းမာရေးဝေဒနာခံစားနေရသူများ၏ ဦးနှောက်တွင် သာမန်လူများနှင့် တစ်မူထူးခြားသော မူမမှန်ပြောင်းလဲမှု၊ စွမ်းဆောင်မှုများပေါ်ထွန်းကြောင်း ဖော်ထုတ်နိုင်ခဲ့သည်ဟူ၍လည်း ဖော်ပြပါရှိသည်။ သို့ဖြစ်လေရာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးအခန်းကဏ္ဍတို့တွင်စိတ်ကျန်းမာရေးသည်လည်း ခန္ဓာကိုယ်ကျန်းမာရေးကဲ့သို့ပင် မလွဲမသွေစမ်းသပ်စစ်ဆေး၊ ဖော်ထုတ်၊ ပြုစု၊ စောင့်ရှောက်၊ ကုသမှုပေးရမည့်ဝေဒနာဖြစ်ပေသည်။

စိတ်ကျန်းမာရေးဝေဒနာကို ဖော်ထုတ်ရာတွင် လက္ခဏာအသွင်အပြင်များကို လေ့လာရပေမည်။ ဝေဒနာရှင်များ၏ လွဲမှားသော ခံစားမှု၊ စိတ်အနေအထား၊ တွေးခေါ်မှု၊ ဉာဏ်ရည်ဉာဏ်သွေးစသည်များကို အကဲခတ်စမ်းသပ်ခြင်းဖြင့် စိတ်ကျန်းမာရေးဝေဒနာ၏ အတိမ်အနက်နှင့် အမျိုးအစားကိုခွဲခြားသတ်မှတ်ရပေမည်။ မူမမှန်သော စိတ်ကျန်းမာရေးအနေအထားလွန်ကဲပါက ဝေဒနာရှင်အတွက်သော်လည်းကောင်း၊ အများပြည်သူများအတွက်သော်လည်းကောင်း အန္တရာယ်ပြုနိုင်သည်ဖြစ်ရာ စိတ်ကျန်းမာရေးအက်ဥပဒေ Mental Health Act ထိန်းချုပ်ရသည်သာ။

**ကိန်းဂဏန်းများအရ၊ ဆရာဝန်တစ်ယောက်ပြုစုကုသပေးသော လူနာခုနစ်ဦးလျှင် တစ်ဦးသည် စိတ်ကျန်းမာရေးဝေဒနာကို အနည်းနှင့်အများ ခံစားနေရသူဖြစ်ကြောင်း လေ့လာချက်တစ်ခုအရ သိရှိရ**

ကိန်းဂဏန်းများအရ၊ ဆရာဝန်တစ်ယောက်ပြုစုကုသပေးသော လူနာခုနစ်ဦးလျှင်တစ်ဦးသည် စိတ်ကျန်းမာရေးဝေဒနာကို အနည်းနှင့်အများ ခံစားနေရသူဖြစ်ကြောင်း လေ့လာချက်တစ်ခုအရသိရှိရသည်။

စိတ်ကျန်းမာရေးဝေဒနာခံစားနေရသူများ၏ အရေအတွက်နှင့် ပျံ့နှံ့တည်ရှိမှုကို ဖော်ပြရလျှင် အရပ်ထဲတွင် ၁၅ မှ ၂၀ ရာခိုင်နှုန်း၊ ဆေးခန်းများတွင် ကုသမှုခံရသူများ၌ ၃၀ ရာခိုင်နှုန်း၊ ဆေးရုံပြင်ပလူနာဌာနတွင် ၂၀ မှ ၃၀ ရာခိုင်နှုန်းနှင့် ဆေးရုံအတွင်းလူနာများတွင် ၂၅ မှ ၄၀ ရာခိုင်နှုန်းတို့သည် စိတ်ကျန်းမာရေးဝေဒနာခံစားရသူများဖြစ်ကြောင်း သုတေသနရလဒ်တစ်ခု၌ ဖော်ပြထားပါသည်။ ကိုယ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာပေါင်းစုံခံစားရသူအားလုံး၏ ၂၅ မှ ၅၀ ရာခိုင်နှုန်းလူနာများသည် စိတ်ကျဝေဒနာကို အနည်းနှင့်အများခံစားနေရကြောင်းလည်း လေ့လာချက်တစ်ခုအရ သိရှိရသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေး၏ ဆောင်ပုဒ်ဖြစ်သည့် "စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ" "Depression; Let's talk"ကိုအနည်းငယ် တင်ပြလိုပါသည်။

စိတ်ကျဝေဒနာ Depression သည် စိတ်ကျန်းမာရေးဘာသာရပ်၏ အဓိကဖြစ်ပေါ်မှု အသွင်အပြင် (Manifestations)များထဲမှ အသွင်အပြင်တစ်ခုဖြစ်သည်။ စိတ်ကျန်းမာရေးဘာသာရပ်၏ အခြားအသွင်အပြင်သရုပ်သကန်များမှာ-

စိုးရိမ်ကြောင့်ကြမှု၊ ပူပန်မှု၊ သောကဗျာပါရ၊ စိတ်စောနေမှု (Anxiety)၊ မိမိကိုယ်ကိုမိမိ နာကျင်စေမှု၊ အဆုံးစီရင်လိုမှု (Self-harm and Suicidalideation)၊ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ ယုံမှားလွန်ခြင်း (Delusions)၊ စိတ်အာရုံချောက်ချားခြင်း၊ စိတ်ချောက်ချား၍ ထင်သည့်အာရုံဖြစ်ပေါ်ခြင်း (Hallucinations)၊ လွဲမှားသော အကြမ်းဖက်လိုမှုအပြုအမူ (Aggressive Behaviour)၊ စိတ်ရောဂါနှင့်သက်ဆိုင်သည့် နာတာရှည်တရွေ့ရွေ့ခံစားရသော ခန္ဓာကိုယ်ဝေဒနာ (Psychiatric and psychological chronic and progressive disease)၊ အရက်သေစာလွဲမှား သုံးစွဲမှု၊ ဖြတ်တောက်မှု (Alcohol misuse and withdrawal)၊ အရက်မဟုတ်သော အခြားမူးယစ်ထုံထိုင်းစေသော အရာများ အလွဲသုံးစွဲမှု (Misuse of drugs other than alcohol)၊ ဆေးပညာအရ မဖော်ပြနိုင်သော ခန္ဓာကိုယ်ဖြစ်စဉ်များ၊ လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်ထွန်းမှု (Medically unexplained physical symptoms and functional somatic syndromes) ဝေဒနာစုများစသည်တို့ဖြစ်ကြသည်။

စိတ်ကျဝေဒနာသည် စိတ်နေစိတ်ထား (Mood) ကို ထိခိုက်စွာ (affectively) အကျိုးသက်ရောက်မှုရှိအောင် ဖန်တီးလှုပ်ရှားဖြစ်ထွန်းစေသောဝေဒနာဖြစ်လေရာ အားကိုးမှုနည်းပါးခြင်း၊ မိမိကိုယ်မိမိ အပြစ်ကျူးလွန်ထားသူဟု မှတ်ယူ၍ လိပ်ပြာမသန့်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုနည်းပါးခြင်း၊ စိတ်ကုန်ခန်းခြင်း၊ ပျော်ရွှင်မှုကင်းမဲ့ခြင်း၊ မိမိကိုယ်ကိုသတ်သေလိုခြင်း စသည်များကို စိတ်ကျဝေဒနာ၏ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများဖြစ်သလို အစားအသောက်ပျက်ခြင်း၊ ကိုယ်အလေးချိန်ပြောင်းလဲခြင်း၊ အအိပ်အနေမှုမမှန်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကာမစိတ်လျော့ပါးခြင်း၊ ကင်းမဲ့ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ လူနေမှုနှင့် ဇီဝကမ္မအကြောင်းအရာများ ပြောင်းလဲခြင်း၊ ဖရိုဖရဲ မပြင်မဆင်မဖြီးမလိမ်းမသပ်မရပ်နေခြင်း၊ အတွေးအခေါ်ဆုတ်ယုတ်ခြင်းစသည်တို့သည် စိတ်ကျဝေဒနာ၏ ကိုယ်ပိုင်းဆိုင်ရာလက္ခဏာများဖြစ်ကြသည်။

စိတ်ကျဝေဒနာခံစားရမှု၊ ဖြစ်ထွန်းစေမှု၏အကြောင်းရင်းအများအပြားရှိရာ မျိုးရိုးဗီဇနှင့်လည်း ပတ်သက်ကြောင်း ဆေးကျမ်းအထောက်အထားများရှိသည်။ ဆွေမျိုးနီးစပ်များ၊ အမြွာများ၊ စိတ်ကျန်းမာရေးချို့တဲ့မှုမရှိသူမိဘများက မွေးစားသော၊ စိတ်ကျန်းမာရေးချို့တဲ့သော မိဘအရင်းများ၏ ကလေးများတွင်အဖြစ်များကြောင်း၊ ပျော်ရွှင်သာယာမှုကင်းမဲ့သော ကလေးငယ်များ၊ ကလေးဘဝတွင် လိင်စော်ကားခြင်းခံရသူများတွင် စိတ်ကျဝေဒနာပိုမိုဖြစ်ပွားကြောင်းလည်း သိရှိရသည်။

ဦးခေါင်းဒဏ်ရာရသူများ၊ ရုတ်တရက်အပြင်းထန်ရောဂါဖြစ်ပွားမှု၊ မတော်တဆမှု၊ မိမိခင်မင်တွယ်တာသူဆွေမျိုး၊ မိတ်ဆွေသေဆုံးမှု၊ အိမ်ထောင်ပြိုကွဲမှု၊ အငြိမ်းစားယူမှု၊ ကြီးမားသော ငွေရေးကြေးရေးဆုံးရှုံးမှု၊ အလုပ်အကိုင်စွန့်လွှတ်ရမှု၊ တရားရုံးမှ အပြစ်ဒဏ်ကျခံရမှုစသည်တို့သည်လည်း စိတ်ကျဝေဒနာကိုဖြစ်ထွန်းစေသည့်အပြင် ထီးတည်းနေထိုင်ခြင်း၊ တိုင်ပင်ဖော် တိုင်ပင်ဖက်ကင်းမဲ့ခြင်းတို့သည်လည်း စိတ်ကျဝေဒနာကို ဖြစ်စေသည့်အပြင် အရက်စွဲမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ မိမိကိုယ်မိမိအဆုံးစီရင်မှုတို့ကို လှုံ့ဆော်ကျူးလွန်စေကြောင်း လုပ်သက်တစ်လျှောက်တွင် မြင်တွေ့ခဲ့ရသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြားတွင် စိတ်ကျန်းမာရေးတို့၏ သရုပ်သကန်တစ်ခုဖြစ်သည့် စိတ်ကျဝေဒနာနှင့်စိတ်ကျဝေဒနာ၏ အဆိုးရွားဆုံးရလဒ်ဖြစ်သည့် မိမိကိုယ်ကိုအဆုံးစီရင်ခြင်းဖြစ်ပွားမှု တိုးပွားလျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၇ ခုနှစ်၏ ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်အား "စိတ်ကျဝေဒနာပြောဆိုတိုင်ပင်ဆွေးနွေးပါ" "Depression: Let's talk" ဟု သတ်မှတ်လှုံ့ဆော်ထားခြင်းဖြစ်သည်။

စိတ်ကျဝေဒနာ အပါအဝင် စိတ်ကျန်းမာရေး ချို့တဲ့သူအားလုံးကို မဖွယ်မရာမဆက်ဆံဘဲ ဆေးဝါးကုသမှုခံယူ နိုင်ရေးတစ်တပ်တစ်အား တစ်ပိုင်တစ်နိုင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ပါသည်။

## ပုဗ္ဗဝိဇယဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ တရားစခန်းသိမ်းအောင်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**မိုင်းယောင်း ဧပြီ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ပုဗ္ဗဝိဇယဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ ဧပြီ ၁၈ ရက်က သင်္ကြန်တွင်းခုနစ်ရက်တရားစခန်းသိမ်းအောင်ပွဲနှင့် တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတရားစခန်းကို မြို့နယ်ဘုံဆွမ်းလောင်းလှူငယ်အသင်းမှ နှစ်စဉ်ကြီးမှူးဖွင့်လှစ်၍ မြို့နယ်အတွင်းရှိ အသက် (၇၅ နှစ်)နှင့် အထက် အဘိုးအဘွား ၃၂ ဦးတို့အား ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## ဒလမြို့နယ်၌ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်

**ဒလ ဧပြီ ၂၀**

နှစ်ဆန်းတစ်ရက်နေ့က မြန်မာနိုင်ငံအနှံ့ ကောင်းမှုကုသိုလ်များပြုလုပ်လျက်ရှိရာ သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲ၊ ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲများကို ကျင်းပကြသည့် ကောင်းမြတ်သော နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ပေသည်။



မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်၌ သံဃာတော်အရှင်သူမြတ်များအား ရပ်ကွက်အတွင်းရှိ လမ်းမတစ်လျှောက်မှ ဒေသခံပြည်သူများက ဆွမ်းဆန်နှင့်လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူဒါန်းပြီး ကုသိုလ်ကောင်းမှုပြုလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ (၆၇) ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူ

**ကျောက်ပန်းတောင်း မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်သစ်ဦးအလှူအဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်ဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို မေ ၁၉ ရက် နံနက် ၆ နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကို နှစ်စဉ်နှစ်တိုင်း မြန်မာသက္ကရာဇ်၏ပထမဆုံးနေ့ရက်ဖြစ်သော မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပမြဲဖြစ်သော်လည်း ယခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်မှစတင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်း မာရသာ၏ အရှိန်ကြောင့် ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်အတက်နေ့ တစ်နေ့လုံးနှင့် တစ်ညလုံး မိုးရွာသွန်းနေခဲ့သဖြင့် နှစ်ဆန်းတစ်ရက်နေ့ ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို မြန်မာနှစ်ဆန်း (၃)ရက်နေ့ဖြစ်သော မေ ၁၉ရက်သို့ ပြောင်းရွှေ့ကျင်းပခဲ့ပြီး ယခုနှစ်သည် (၆၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ရှေးဦးစွာ ချောက်မြို့နယ် ငွေးချိုတောင် ဆုတောင်းပြည့်မိုးကောင်းဘုရားရုပ်ပွားတော်မြတ်နှင့် ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းကျေးရွာ မိုးကောင်းဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီးတို့ကို ရှေ့ဆုံးမှပင့်ဆောင်တော်မူပြီး မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများရှိ စာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ သီလရှင်ကျောင်း ၁၁ ကျောင်းတို့မှ သံဃာ ၃၅၀၀ကျော်နှင့် သီလရှင် ၄၇၀ ခန့်တို့အား မြို့ပေါ်ရှိစေတနာရှင် ကုသိုလ်ရှင် စုစုပေါင်း ၂၅၀၀ ကျော်တို့က ဆွမ်းဆန်အိတ် စုစုပေါင်း ၃၉၈၀၊ ကြက်သွန်ပိဿာ ၁၁၈၇ ပိဿာ၊ ငွေကျပ် ၆၃၀၀၀၀ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ်သိန်း ၈၀၀ ခန့်ကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် လိုအပ်သည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်မိရပ်ဖများ၏ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့ မော်တော်ယာဉ်ကြီးများအသင်းမှ မော်တော်ယာဉ်ကြီးများနှင့် ယာဉ်မှူး၊ ယာဉ်လိုက်များ၊ ရပ်ကွက်များမှ ပရဟိတလူငယ်လေးများက လိုက်ပါကူညီခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# ဖားကန့်နှင့် လုံးခင်းကြား ကွန်ကရစ်လမ်းမကြီးခင်း



**ဖားကန့် မေ ၂၀**

ဖားကန့်မြို့နယ် လုံးခင်းနှင့် ဖားကန့်ကြားကားလမ်းသွားလမ်းမကြီးအား ဖားကန့်မြို့ လမ်းဦးစီးဌာနမှ မတ်လအတွင်းမှစ၍ ကွန်ကရစ်လမ်းမကြီးအား ခင်းလျက်ရှိကြောင်း သိရသည်။

လုံးခင်းနှင့် ဖားကန့်မှာ လေးမိုင်ခန့်ဝေးကွာပြီး လုံးခင်းမှ မော်စီစာဘုရားရှိခိုးကျောင်းအထိ အရှည်နှစ်မိုင် ကွန်ကရစ်လမ်း အကျယ် ၂၈ ပေ၊ အထူ ရှစ်လက်မအား ပထမတစ်ရစ် ခင်းကျင်းမှုပြီးစီးခဲ့ပြီး ကုန်ကျငွေကျပ် သိန်းပေါင်း (တစ်သောင်းတစ်ထောင်နှစ်ရာ) ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ လုံးခင်းမှ မော်စီဘုရားရှိခိုးကျောင်းအထိ ခင်းကျင်းပြီးစီးသော လမ်းပိုင်းအား မတ်လကုန်အပြီး အပ်နှံခဲ့ကြောင်း သိရသည်။ ယခုအခါ ကျန်ရှိသည့် မော်စီစာနှင့် ဖားကန့်လမ်းပိုင်းအား ဆက်လက်ခင်းကျင်းလျက်ရှိကြောင်း သိရသည်။ **နိုင်မိုး(လုံးခင်း)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်း စသည်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ % အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် -

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပေးပါ။ နေကာမျက်မှန် တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**စင်ကာပူနိုင်ငံ National Heart Centre Singapore တွင် ဆေးစစ်ခံယူလျက်ရှိသော ဦးကျော်ညွန့်ရည် (ကျော်ညွန့်ရည်စာပေ)- ဒေါ်ဝါဝါကျော် မိသားစုက နှစ်သစ်ကူးအလှူအဖြစ် ယခုအချိန်အထိ ကိုယ်တိုင်သတင်းစာပို့လျက်ရှိသော သက်ကြီးသတင်းစာ ကိုယ်စားလှယ်များနှင့် သတင်းစာပို့ရင်း မသန်စွမ်းဖြစ်ခဲ့ရသည့် သတင်းစာ ကိုယ်စားလှယ်ကြီးများ၊ နှစ်ရှည်ဆေးဝါးကုသနေသော နာမကျန်းဝန်ထမ်းဟောင်းများအတွက် အလှူငွေကျပ် ၁၅ သိန်းကို မေ ၁၇ ရက်က ပေးပို့လှူဒါန်းစဉ်**

သိန်းစိုးမိုး



# မာန်အောင်မြို့နယ်၌ ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ပေးအပ်

**မာန်အောင် မေ ၂၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် မာရသာမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၉ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး ကျောက်ဖြူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ခအုန်းမော်ကျေးရွာ ဘုန်းကြီးကျောင်းအတွက် သွပ်ပြား ကိုးချပ်၊ တိုက်ကျွန်းရွာ ဘုန်းတော်ကြီးကျောင်းအတွက် သွပ်ပြားအချပ်ရေ ၂၀၊ ဟင်းစန်ကျေးရွာ ဘုန်းကြီးကျောင်းအတွက် သွပ်ပြား ၁၅ချပ်နှင့် အိမ်ထောင်စု တစ်စုလျှင် လုံချည် တစ်ထည်၊ တဘက်၊ ဆပ်ပြာနှင့် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၂စုအတွက် ငွေကျပ် ၁၂ သိန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းဇေ (ပြန်/ဆက်)**



# တရားမဝင် သက်တမ်းလွန်ဆေးများ ရောင်းချခြင်းရှိ/မရှိ စစ်ဆေး

**ပြည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးမှ ဦးစီး၍ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်ရှိ စခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဧပြီလ ဒုတိယပတ်က မြို့နယ်အတွင်းရှိ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ နဝင်းရပ်ကွက်၊ ရွာဘဲရပ်ကွက်၊ အောင်ဆန်းပြည်သာယာရပ်ကွက်၊ ခေတ္တရာမြို့သစ်ရပ်ကွက်နှင့် နဝဒေးရပ်ကွက်များအတွင်းရှိ ဆေးဆိုင်များတွင် တရားမဝင်တင်သွင်းထားသော ဆေးဝါးများ၊ သက်တမ်းကုန်နေသော ဆေးဝါးများ ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်များအား တရားမဝင် သက်တမ်းလွန်ဆေးများ ရောင်းချခြင်းမပြုရန်နှင့် တွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**









# ရီလုံ ရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရီလုံရွှေဆိုင် အမှတ် [(၁)၊ (၂)၊ (၃)]၊ (၄) ချန်းလုံရွှေဆိုင်နှင့် (၅)ချွန်းလုံ ရွှေဆိုင်မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရီလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph - 09 - 771739370 , 01-200747(Ext)2008

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရီလုံရွှေဆိုင်ကြီး (ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့)


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ပဲခူးခရိုင်တရားရုံးတော်

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်စန်းမြင့် | နှင့် | ၁။ ဒေါ်နွယ်နွယ်ဝင်း |
| | | ၂။ မမင်းမင်းအေး |
| | | ၃။ မဇာခြည်မြင့် |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဘုရားကြီးဝင်းကျေးရွာနေ မဇာခြည်မြင့် (၃) တရားပြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ဒေါ်စန်းမြင့် ကတိပဋိညာဉ်ပါအတိုင်း စရန်ပေးကတိစာချုပ်အရ စရန်ငွေကျပ် နှစ်ဆရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၂၈ရက် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နုနုဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပဲခူးခရိုင်တရားရုံး**


တွန်းကားစစ် အုတ်ရိုက်စက်
ဝေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ရပ်(၂)၊တောင်ဒဂုံ။



ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855



## အိမ်အကူ မ(၁)ဦး

ကိုယ်ကျင့်စာရိတ္တကောင်းမွန်ရမည်။ သပ်ရပ်သန့်ရှင်းစွာ နေထိုင်တတ်ရမည်။ ချက်ပြုတ်လျှော်ဖွပ် ကျွမ်းကျင်ရမည်။ ဖုန်းကိုင်ပေးရမည်။ ရေသာမရှိဘဲ အိမ်အမှုကျွမ်းကျင်နိုင်နင်းရမည်။ ခွေးနှင့် ကလေးထိန်းပေးရမည်။

လစာ-၁၀၀၀၀၀ ကျပ် + နေစားငြိမ်း

(၁)ပတ်အတွင်း လျှောက်ထားရန်။

**အမှတ်(၉၅၅)၊ ဏ္ဍနှာ(၁၂)လမ်း၊**
**မဟာကျိန်ဘုရားအနီး၊**
**မြောက်ဥက္ကလာပ၊**
**ဖုန်း-၀၉-၉၆၀၁၆၂၉၃၈**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက် မြေကွက်အမှတ်၊ ပစ(B)-၁၃၅၇ ၏ အမည်ပေါက် အရာခံဗိုလ်ဝင်းမြင့် ၁၂/ဒဂန(နိုင်) ၀၁၂၂၇၄ (ဘ) ဦးချို့သည် ၂၃-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေခံဇနီး ဒေါ်တင်တင်မူ ၁၂/မရက(နိုင်)၀၄၉၀၀၁၊ (ဘ) ဦးအောင်သန်းမှ တရားဝင်ဇနီးဖြစ်ကြောင်း၊ တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ အရာခံဗိုလ်ဝင်းမြင့် သေဆုံးမှုလက်မှတ်မိတ္တူ၊ မြေကွက်ဖိုးပေးသွင်းပြီးချလန်မိတ္တူ၊ မြေကွက်ရှိအဆောက်အအုံ ဓာတ်ပုံများတင်ပြ၍ မြေကွက်အမှတ်၊ ပစ(B)-၁၃၅၇ ကို ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့နေ ဦးဝမ်ဇင်ချန်း ၁/ဝမန(ဧည့်)၀၀၀၂၄၄ နှင့် ဒေါ်မြန်တီ ၁/ဝမန(နိုင်)၀၄၀၉၂၈ ၏သား မောင်ဖျင်ရှင်း ၁/မကန(ဧည့်)၀၀၁၆၆၁ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝမ်ဇင်ချန်း-ဒေါ်မြန်တီ**

**အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၈)၊ နဝမတန်း ($A_7$) အောင်မှ မစွန်းတော်၏အမည်မှန်မှာ မစွမ်းတော့ ဖြစ်ပါသည်။

## ကိုညဏ်ထက်အောင်
**B.A (Eng)**
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂/က၊ မြကြွယ်၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးသိန်းဆွေ-ဒေါ်မြကြွယ်၊ ဦးကိုကိုကြီး-(ဒေါ်မြအေး)တို့၏မြေး၊ ဦးကိုကိုနိုင်-ဒေါ်ခင်နုဆွေ(မန်နေဂျာ-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)၊ ဦးသန်းနိုင်ဆွေ၊ ဒေါ်မြတ်ဆွေဝင်း(အမက-၅၊ ဒဂုံအရှေ့)၊ ဦးတင်မောင်ဆွေ၊ ဦးမြတ်သူ-ဒေါ်မာလာဆွေတို့၏တူ၊ ဦးခင်မောင်ဆွေ(ဒု-ညွှန်ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား၊ မလမင်းသီရိ၏အစ်ကိုသည် ၁၉-၄-၂၀၁၇ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုညဏ်ထက်အောင်
**B.A (Eng)**
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂/က၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးသိန်းဆွေ-ဒေါ်မြကြွယ်၊ ဦးကိုကိုကြီး-(ဒေါ်မြအေး)တို့၏မြေး၊ ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်း၊ ဦးမြင့်ဇော်-ဒေါ်အေးအေးသင်း၊ ဦးကျော်ကျော်-ဒေါ်သီတာနှင်း၊ ဦးမောင်မောင်သွင်-ဒေါ်ပိတောက်ဝါတို့၏တူ၊ ဦးခင်မောင်ဆွေ (ဒု-ညွှန်ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ချစ်လှစွာသောသား၊ မလမင်းသီရိ၏အစ်ကိုသည် ၁၉-၄-၂၀၁၇ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညဏ်ထက်အောင်
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂/က၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာနနှင့်**
**ဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညဏ်ထက်အောင်
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂/က၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာနနှင့်**
**ဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညဏ်ထက်အောင်
**အသက်(၂၅)နှစ်**

ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းအောင်**
**အင်ဂျင်နီယာချုပ်(မြို့ပြ)**
**တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညဏ်ထက်အောင်
**အသက်(၂၅)နှစ်**

ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မျိုးထွန်း**
**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)**
**တံတားအထူးအဖွဲ့(၄)ဝန်ထမ်းမိသားစု**

## ကိုပြည့်ဖြိုးဇော်
**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် (၁၄၆/A)နေ ဦးမြင့်ဇော်-ဒေါ်ရီရီမော်တို့၏သား၊ ဒေါက်တာခိုင်မေဇော် (လက်ထောက်ကထိက၊ ရောဂါဗေဒဌာန၊ ဆေး-၂)၊ မောင်ရဲရင့်ဇော်(Sky Net) တို့၏အစ်ကိုသည် ၁၆-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဦးဃောသိတ
**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဝက်တူးအရှေ့ကျောင်း ဆရာတော် ဦးဃောသိတသည် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၉ရက်) ၂၀-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၀၀း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား သိစေရန် အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
ဝက်တူးအရှေ့ကျောင်းတိုက်

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမောင်ကြည် (ငြိမ်း)
**BC-6745**
**အသက်(၉၁)နှစ်**

ပါမောက္ခ ဒေါက်တာမာမာကြည် ဌာနမှူး(ငြိမ်း)၊ ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ဖခင်ဖြစ်သူ ဗိုလ်ကြီးမောင်ကြည်သည် ၁၂-၄-၂၀၁၇တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာနမိသားစု**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်သန်း (သနပ်ပင်)
**အသက်(၇၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာကျော်မျိုးလှိုင် - ဒေါ်လွင်လွင်မော်တို့၏မိခင် ဒေါ်ခင်ခင်သန်းသည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာသောင်းဒန်ဦး၊ ဒေါက်တာမျိုးဇော်လှ**
**ဒေါက်တာကြည်ဆန်းထက်၊ ဒေါက်တာစောမြထွန်း**
**ဒေါက်တာမိုးကျော်သူ၊ ဒေါက်တာစိုးငြိမ်း**
**ဒေါက်တာသန့်လွင်၊ ဒေါက်တာဇော်လွင်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နွယ်နွယ်သိန်း
**ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၆၄)နှစ်**

ဒေါက်တာမောင်မောင်သိမ်း[ဒုတိယဝန်ကြီး၊ (ငြိမ်း)]-ဒေါက်တာမွန်မွန်တာတို့၏ညီမ ဒေါ်နွယ်နွယ်သိန်းသည် ၁၉-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အာမခံလုပ်ငန်း**
**ဝန်ထမ်းမိသားစု**

## ဒု-ရဲအုပ်ကျော်ဇေယျာ
**(လ/၂၁၈၃၂၈)၊ သာဝတ္ထိနယ်မြေရဲစခန်း**
**အသက်(၃၄)နှစ်**

မန္တလေးမြို့နေ ဦးစောဖေ-ဒေါ်အေးအေးလှိုင်တို့၏သား၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုကျေးရွာနေ ဦးကိုလေး-ဒေါ်ကြည်တို့၏သားသမက်၊ ဒေါ်ချိုချိုမြင့်(နေပြည်တော် စည်ပင်ဘဏ်လီမိတက်)၏ခင်ပွန်းသည် ၂၀-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အလျင်လိုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုညဏ်ထက်အောင်(ခ)စွမ်းစွမ်း B.A (Eng)
**အလက(၁)ရန်ကင်း၊ အထက(၂)ဗဟန်း**
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် ၂/က၊ မြရတနာလမ်းနေ ဦးသိန်းဆွေ-ဒေါ်မြကြွယ်၊ ဦးကိုကိုကြီး-(ဒေါ်မြအေး)တို့၏မြေး၊ ဦးခင်မောင်ဆွေ (ဒု-ညွှန်ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား၊ ဗိုလ်ကြီးစိုင်းမောင်မောင်သော်-မမီမီပြုံး၊ Capt; ချိုသက်မောင်-နန်းဆုမြတ်စန္ဒီ၊ မောင်အောင်မျိုးဇော်-မအိသီရိဇော်၊ စိုင်းစစ်မိုးသော်၊ မထက်နန္ဒာဇော်၊ မဟန်နီဦးတို့၏ညီ/မောင်၊ မောင်လှမျိုးသွင်၊ မောင်သီဟဇော်၊ မလမင်းသီရိ၊ မောင်ဇေယျာလင်းတို့၏အစ်ကို၊ တူ၊တူမ သုံးယောက်တို့၏ဦးလေးသည် ၁၉-၄-၂၀၁၇ရက် ညနေ ၃း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့)ညနေ ၄း၃၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညဏ်ထက်အောင်
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂/က၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဒု-ညွှန်ကြားရေးမှူးချုပ်**

**ဦးသိန်းဇော်နှင့် ဇနီး ဒေါ်သီတာလွင်**
**အဆောက်အဦးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညဏ်ထက်အောင်
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂/က၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဒု-ညွှန်ကြားရေးမှူးချုပ်**

**ဦးစောဝင်းနိုင်နှင့် ဇနီး ဒေါ်ခင်ပြုံးရီ**
**လမ်းဦးစီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေလာသ
**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ အရိယာရိပ်သာကျောင်းတိုက်ကြီး၏ အာဒိကမ္မိက ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်ကြီး ဘဒ္ဒန္တကေလာသ မဟာထေရ် အရှင်သူမြတ်သည် (၁၃၇၈ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ရက်) ၈-၄-၂၀၁၇ရက်(စနေနေ့) တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏သရီရ အရိုးတော်ဓာတ်တော်တို့ကို ဌာပနာ၍ ကိုးတောင်ပြည့်စေတီတည်ထားကိုးကွယ်မည်ဖြစ်ပါသည်။ [ဆရာတော်ကြီးအားရည်စူး၍ (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၁၃ရက်)၈-၅-၂၀၁၇ရက် (တနင်္လာနေ့)တွင် ပင့်သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းဆက်ကပ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်ကြီး၏တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

အရိယာရိပ်သာကျောင်းတိုက်
တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဒေါ်မြမြစိန် (မုဒုံ)
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၂၃(သုံးလွှာ)နေ ဦးစောလွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ဇနီး၊ ဒေါက်တာစောကလျာ၊ ဦးမင်းဇေယျာထိုက်-ဒေါ်နုနုလှိုင်၊ ဦးမျိုးမြင့်လွင်-ဒေါ်စောမူယာ၊ (မင်းဇေယျာဝိုက်)၊ ဦးအောင်စိုး-ဒေါ်စောနီတြာ၊ ဗိုလ်မှူးမင်းနေဇာဝိုက်-ဒေါက်တာဇင်မာမြင့်အောင်တို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၁၇ရက် ည ၁၁း၃၀နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ ခုတင်(၇၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ပြင်ဦးလွင်မြို့၊ ကုန်းဘောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ရီ (အောင်လံ)
**အသက်(၇၉)နှစ်**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ရုံးဆိပ်ရွာနေ (ဦးထွန်းဆောင်-ဒေါ်သိန်းရင်)တို့၏သမီး၊ အောင်လံမြို့၊ စမ်းချောင်းရပ်နေ (ဦးစောအောင်)၏ဇနီး၊ ဦးဟန်ရွှေ [M.V Bluesky Superintend Officer Sainty Ocean Line Malaysia (Penang)]-ဒေါ်သိန်းသိန်းဌေး၊ ဦးသာစိုး(အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)-ဒေါ်သန်းသန်းဌေး(အလက-၃၊ နေပြည်တော်)၊ ရဲမှူးသာဌေး (ယာဉ်ထိန်းရဲတပ်ဖွဲ့) - ဒေါ်ဌေးဌေးမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ(၃)နေအိမ်မှကွေ့ကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နွယ်နွယ်သိန်း
**ဦးစီးအရာရှိ(ငြိမ်း)**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ စုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်း၊ အမှတ် ၁၃/၄နေ[ဦးခင်သိန်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အခွန်အယူခံခုံရုံး)]-ဒေါ်တင်မြင့်တို့၏သမီး၊ ဒေါက်တာမောင်မောင်သိမ်း-ဒေါက်တာမွန်မွန်တာတို့၏ညီမ၊ ဦးလှအောင်-ဒေါ်သွယ်သွယ်သိန်း၊ ဦးသန့်စင်၊ ဦးဌေးဝင်း-ဒေါ်ခင်ဝင်းနွယ်၊ ဒေါ်တင်တင်စိန်၊ ဒေါ်ခိုင်ခိုင်တို့၏အစ်မ၊ ဒေါ်လှသီတာလင်း၊ ဒေါ်သက်ဦးစံ၊ ဦးရဲမောင်သိမ်း၊ ဒေါ်ခင်ချောစုတို့၏အဒေါ်၊ မောင်ဘုန်းသက်နိုင်၏အဘွားသည် ၁၉-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## မန်းအောင်ကြိုင်(ခ)မန်းပျော့ကြီး
**လဝက-ဦးစီးမှူး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ကျုံပျော်မြို့နယ်၊ ကျားကွင်းကြီးကျေးရွာနေ (ဦးဖိုးအုန်း-ဒေါ်မယ်ကြင်)တို့၏သား၊ (မန်းမောင်သိန်း-ဂါ့သိန်းမေ) မြောင်းမြမြို့တို့၏ သားသမက်၊ (ဒေါ်အုန်းကျင်)၊ (ဒေါ်မြလေး)-ဦးချိန်တို့၏မောင်၊ (နန့်သန်းသန်းမြင့်)-မန်းခင်မောင်(အထောင်)တို့၏အစ်ကို၊ နန့်မီမီအောင်-(ကိုမြင့်အောင်)၊ (စံဝင်းကိုကိုအောင်)၊ နန့်ကေသီအောင်-စောထင်လင်းကြူ၊ နန့်အေမီအောင်-စောယိုရှုးတို့၏ချစ်လှစွာသောဖခင်၊ စံသော်ဇင်အောင်-မရွှေရည်ဝင်း၊ စံအေးချမ်းအောင်၊ နော်လင်းလက်ကြူ၊ နော်အမရာကြူ၊ စောရှိုင်းလင်းကြူ၊ စောဘရိုင်ယန်ယိုရှုး (PRECIOUS)တို့၏အဘိုး၊ စစ္စတာနန့်အက်ဒွင်နာသိန်း(ခ)နန့်ဒု (မြောင်းမြပြည်သူ့ဆေးရုံ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၄-၂၀၁၇ရက် နံနက် ၈နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အမှတ် ၃၁၊ ခြောက်လွှာ၊ သိန္နီလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းညွန့်
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ သဇင်လမ်း၊ အမှတ် ၄၀(ခ)နေ (ဦးအေးမောင်-ဒေါ်ပု)တို့၏သမီး၊ ဦးတင်လှိုင်၊ (ဒေါ်တင်အုပ်)တို့၏ညီမ၊ ဒေါ်စီစီမာ၊ ဦးမင်းနိုင်ထွန်း-ဒေါ်သင်းသင်းအေး၊ ဦးသိန်းထိုက်-ဒေါ်မူမူခိုင်၊ ဦးမိုးအောင်နိုင်၊ ကိုချမ်းမြေ့လှိုင်-နော်သဲမြတ်သာတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ (ဦးထွန်းရွှေ)၏ဇနီးသည် ၁၉-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဒေါ်သိန်းညွန့်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်မင်းဝင်း(ခ)ဦးဖိုးထူး
**(ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)**
**(ဗန္ဓုလသယ်ယူပို့ဆောင်ရေး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)**
**အသက်(၅၁)နှစ်**

မိတ္ထီလာမြို့နေ [ဦးဘသန်း(မြို့နယ်ကျန်းမာရေးမှူး)-ဒေါ်ခင်မေကြည်]တို့၏သား၊ ဒေါ်သင်းသင်းစိန်(PLAN INTERNATIONAL MYANMAR)၏ခင်ပွန်း၊ မောင်မြတ်သွေးခိုင်၏ဖခင်၊ ဦးသိန်းစိုး(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ ရွှေမန်းသူ)-ဒေါက်တာဒေါ်ခင်အေးမြင့်ဦး၊ (ဦးသန်းလွင်)၊ ဗိုလ်ကြီးဇော်ဝင်း(ငြိမ်း)-ဒေါ်အေးအေးချို၊ (ဦးကြည်သန်း)၊ ဦးနေဝင်း(မြို့နယ်တရားသူကြီး၊ ငြိမ်း)-ဒေါ်ဝင်းမြင့်၊ ဦးစိုင်းအောင်အောင်-ဒေါ်မာလာ၊ ဒေါ်ရွှေမိ၊ ဒေါ်ရွှေအိ၊ ဒေါ်ဥမ္မာ(လက်ထောက်ညွှန်မှူး၊ ရန်ကုန်တိုင်းစာရင်းရုံး)တို့၏ညီမောင်သည် ၁၉-၄-၂၀၁၇ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ဇော်ဦး
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း၊ အမှတ် ၁၂၇နေ (ဦးသိန်း-ဒေါ်စန်းစန်းမြင့်)တို့၏သား၊ ကိုကြည်လှိုင်-မဝင်းဝင်းရီ (တရုတ်-တိုင်ပေ)၊ ကိုသိန်းသန်းဦး-မမြင့်မြင့်အေးတို့၏မောင်၊ မခင်ခင်ဝင်း၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးတင်မြင့်)-ဒေါ်ခင်ထွေးတို့၏သားသမက်၊ (ကိုအေးစန်း)-မသန်းသန်းဌေး၊ ကိုအောင်သော်လွင်-မခင်စန်းမေတို့၏မောင်၊ ကိုဆူရီ-မခင်သန်းဝင်း၊ ကိုမင်းလွင်ဦး-မမြင့်မြင့်မော်၊ ကိုဟိန်းထက်အောင်-မသန္တာတို့၏အစ်ကို၊ စမ်းချောင်းမြို့နယ်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၄၀နေ ဒေါ်ခင်မြင့်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ၁၆ယောက်တို့၏ ဦးလေးသည် ၁၉-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းမြို့နယ်၊ ရန်ကြီးအောင်လမ်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဂျပန်နိုင်ငံ၌ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

## ပွဲစဉ်ခုနစ်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဓိကပွဲစဉ်အဖြစ် နိုင်ငံခြားသားနှစ်ဦး ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ပူးပေါင်းကျင်းပသော တတိယအကြိမ်မြောက် ဂျပန်နိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ လာရောက်အားပေး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"အခုကျင်းပခဲ့တဲ့ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ ဂျပန်ပရိသတ်တော်တော်များများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသလို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း လာရောက်ကြည့်ရှုအားပေးခဲ့ပါတယ်။ အရင်ပထမအကြိမ်၊ ဒုတိယအကြိမ်တွေထက် လက်ဝှေ့ရုံထဲမှာ ပရိသတ်တော်တော်လေး စည်ကားခဲ့ပါတယ်။ ဒါတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံလိုင်းတွေကလည်း ရှိခဲ့တယ်။ ကျွန်တော်တို့ဆီနဲ့တော့ အားပေးမှုချင်းက တော်တော်လေးကွာပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်ပေးသည့် ဦးဝဏ္ဏ(ခ)မာဂျေက ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၅ ❄




ဒေ့ဗ်လက်ဒပ်(ကနေဒါ)နှင့်အဒမ်(ဩစတြေးလျ)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

# မြန်မာ ယူ-၁၈ အသင်း ဂိုးပြတ်အနိုင်ရသော်လည်း ဗိုလ်လုပွဲနှင့်လွဲချော်

**သတင်း-ဖိုးသော်ဇင် ၊ ဓာတ်ပုံ-MFF**



ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာ ယူ-၁၈ အသင်း ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ဂွမ်ဂျူး ယူ-၁၈ အသင်း၏ နိုင်ပွဲကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲ နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲဆက်တိုက် ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးများ၏ တစ်ဦးချင်းစွမ်းဆောင်မှုများနှင့်အတူ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် ပထမပိုင်းသာ မြန်မာအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားနိုင်ခဲ့သည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားခဲ့သောကြောင့် အပြန်အလှန် ရှိခဲ့ပြီး မိနစ် ၄၀ မှ အဖွင့်ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် ဟိန်းထက်အောင်တို့၏ တစ်ဦးချင်းစွမ်းဆောင်ရည်များကြောင့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်း နောက်တန်းပြိုဆင်းခဲ့ရသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ဟိန်းထက်အောင်က ၇၀၊ ၈၂ မိနစ်တွင် သွင်းယူခဲ့သည်။ အခြားပွဲတွင် တောင်ကိုရီးယားကလပ် ဂွမ်ဂျူး ယူ-၁၈ အသင်းက ဗီယက်နမ် ယူ-၁၉ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ် ယူ-၁၉ အသင်းက ကိုးမှတ်၊ ဂွမ်ဂျူး ယူ-၁၈ (တောင်ကိုရီးယား)က ရှစ်မှတ်၊ မြန်မာ ယူ-၁၈ အသင်းက ခြောက်မှတ်၊ ဟောင်အန်ဂယ်လိုင် ယူ-၁၈ (ဗီယက်နမ်)က လေးမှတ်၊ တရုတ်(တိုင်ပေ) ယူ-၁၉ အသင်းက တစ်မှတ်တို့ ရရှိသည်။ အမှတ်အများဆုံး နှစ်သင်းဖြစ်သည့် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဂွမ်ဂျူး ယူ-၁၈ (တောင်ကိုရီးယား)က ဗိုလ်လုပွဲ၊ မြန်မာ ယူ-၁၈ အသင်းနှင့် ဟောင်အန်ဂယ်လိုင် ယူ-၁၈ (ဗီယက်နမ်)က တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

## လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး

ဆောင်းပါး စာမျက်နှာ - ၆

## မုံရွာမြို့၌ စွန့်ပစ်ခဲ့သော ရက်ပိုင်းအရွယ်ကလေးကို မုံရွာတောင်ရဲကင်းမှူး မိသားစုက မွေးစား

စာမျက်နှာ - ၈

## အမေရိကန်က အင်အားသုံးတိုက်ခိုက်မှုများ နောက်ထပ်ပြုလုပ်ရန် ပြင်ဆင်နေမှုကို မြောက်ကိုရီးယားသတိပေး

စာမျက်နှာ - ၁၀





CRYSTAL DIAMOND LIVESTOCK CO., LTD.

ရန်ကုန်- အမှတ် (စ/၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၆၈၂၉၆၅၊ ၆၈၂၉၈၅၊ ၆၈၂၀၈၇၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉
မန္တလေး - အမှတ် (၁၂၃)၊ ၂၆ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး ။ ဖုန်း-၀၂ ၃၆၃၀၉၊ ၆၉၆၈၄၊ ၀၉-၂၅၉၂၈၁၇၄၇